www.burmeseclassic.com

ဝိဇ္ဇာပေဆုရ

ချစ်ငယ် [ဘာသာပြန်]

# သိပ္ပံ ရည်မှန်း ဂဆို...



BURMESE CLASSIC .com

www.burmeseclassic.com

ဗုဒ္ဓစာပေဆုရ

**ချစ်ငယ် (ဒဿန)**

---

# သိပ္ပံမှသည် သစ္စာဆီသို့

www.burmeseclassic.com

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။**

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

BURMESE CLASSIC .com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၄၀၀၄၂၆၀၅၀၅

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၀၀၃၅၅၀၅၀၅

**မျက်နှာဖုံး**

မျိုး

**အုပ်ရေ**

(၁၀၀၀) အုပ်

**ပုံနှိပ်ခြင်း**

ပထမအကြိမ် ၂၀၀၅ ခုနှစ်၊ ဇွန်လ

**ထုတ်ဝေသူ**

ဦးကျော်သန်း

သီလဝစာပေ (ယာဃီ ၆၇၀)

အမှတ် ၁၆၁/၃၃ လမ်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဦးဉာဏ်လှိုင် (၀၅၂၅၃)

ဇမ္ဗူတာလူပုံနှိပ်တိုက်

အမှတ် (၁၁၁၀)၊ ရွှေတောင်ကြား (၅)လမ်း၊

(၆၃)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ စက်မှုဇုံ (၂)၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

ဇမ္ဗူတာလူ

**တန်ဖိုး**

(၅၀၀) ကျပ်

www.burmeseclassic.com

# မာတိကာ

※ ※ ※

| | | |
|---|---|---|
| ၁။ | စာရေးသူ၏ အမှာစာ | |
| ၂။ | **အခန်း (၁)**<br>**MAX BORN** နှင့် ပတ်သက်၍ | ၅ |
| ၃။ | **အခန်း (၂)**<br>**REICHEN BACH**<br>ရိုက်ခင်းဘတ်နှင့် ပတ်သက်၍ | ၃၃ |
| ၄။ | **အခန်း (၃)**<br>**HAWKING**<br>ဟော့ကင်းနှင့် ပတ်သက်၍ | ၇၇ |
| ၅။ | **အခန်း (၄)**<br>ဒဿန-သိပ္ပံနှင့် ပတ်သက်၍ | ၁၅၉ |
| ၆။ | **အခန်း (၅)**<br>သစ္စာတရားနှင့် ပတ်သက်၍ | ၂၁၃ |
| ၇။ | **နိဂုံး** | ၂၂၇ |

BURMESE CLASSIC .com

www.burmeseclassic.com

# နိဒါန်း

## အမှာစာ

စာရေးသူသည် သိပ္ပံမှသည် ... သစ္စာဆီသို့ ... ခေါင်းစဉ်ဖြင့် စာအုပ်တစ်အုပ်ရေးသားပါသည်။ လူသိများသော သိပ္ပံပညာရပ်မှ စာရေးသူတင်ပြလိုသော သစ္စာတရားအကြောင်း ဆီသို့ ဆက်စပ်ဖော်ပြလိုခြင်း ဖြစ်ပါသည်။ သိပ္ပံပညာအကြောင်း သိပ္ပံပညာရှင်အချို့အကြောင်းနှင့် ၎င်းတို့ရေးသားပြုစုထားသော အချို့သော စာအုပ်များအကြောင်းကို အခြေခံ၍ သိပ္ပံဆိုင်ရာ အကြောင်းအရာများကို ရေးပါသည်။ သစ္စာအကြောင်းကိုမူ ဆရာမြတ်ကြီး သွန်သင်ပြသတော်မူခဲ့သည့် လမ်းညွှန်မှုအတိုင်း ဖော်ပြပါသည်။ ဗုဒ္ဓဘာသာ သူတော်စဉ်များ နှစ်ခြိုက်ကြမည်ဟု မျှော်လင့်ပါသည်။ စာရေးသူသည် ဆရာကောင်းထံ နည်းနာခံ ယူခွင့် ကြုံဆုံခဲ့ရပါသည်။ ထို့ကြောင့် ဝိပဿနာအကြောင်း အရိယာအကြောင်း၊ ရဟန္တာအကြောင်း၊ နိဗ္ဗာန်အကြောင်း၊

www.burmeseclassic.com



ရတနာမြတ်သုံးပါးအကြောင်း၊ သာသနာအကြောင်းများကို ကောင်းကောင်းအသွန်အသင် ခံခဲ့ရသည်။ တစ်ချိန်ကမူ လောကုတ္တရာဟု အမည်ခံသော အသိုင်းအဝိုင်းမှ ရတနာမြတ်သုံးပါးကို ကိုးကွယ်စရာမလို၊ ကိုယ့်ကိုကိုယ်သာ ကိုးကွယ်ပါဟူသော ဟောကွက်၊ ပြောကွက်၊ ရေးကွက်များ ပေါ်ထွက်လာသည်။ စာရေးသူ အံ့ဩမိပါသည်။ ထို့အတူ ကန့်ကွက်စာများလည်း ရေးသားခဲ့ပါသည်။ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ခြင်းကိုမူ အလွယ်တကူ မဝေဖန်လိုသော်လည်း ထိုမှတဆင့်တက်၍ ဘုရားကိုးကွယ်စရာမလိုဟု ဆိုလာသောအခါ စာရေးသူ မနေနိုင်ပါ။ ထို့ကြောင့် ခပ်များများ ခပ်မြန်မြန် တုန့်ပြန်ရေးသားခဲ့ပါသည်။ ''ဘုရားက ဘာမှလုပ်ပေးနိုင်တာမဟုတ်'' ဟု ယူဆကြခြင်းသည် တော်တော်မှားယွင်း ချွတ်ချော်တိမ်းစောင်း နေသော အယူများဖြစ်ပါသည်။ ထိုသို့ မယူဆအပ်ကြောင်း နာကြားရသူအပေါင်းတို့သည် တည့်မတ်ပေးခဲ့ဘူးပါသည်။ ''သာသနာတော် တည်ရှိနေရသည်မှာ မြတ်စွာဘုရား တတ်နိုင်သောကြောင့်

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်သည်” ဟူသော အဆိုဖြင့် တုံ့ပြန်ခဲ့ပါသည်။ ယခုတော့မူ အနည်းငယ် ငြိမ်သက်သွားပါပြီ။

စာရေးသူသည် ဒဿနပညာ အနည်းငယ်ဆည်းပူးခွင့် ရခဲ့ပါသည်။ မန္တလေးတက္ကသိုလ်မှ ထိုဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့ပါသည်။ သိပ္ပံပညာကို စိတ်ဝင်စားပါသည်။ သိပ္ပံဒဿနကို အထူးပြုခဲ့ပါသည်။ နောင်သော် ဝိပဿနာတရား အားထုတ်ဖြစ်ရာ ဤသုံးမျိုး ပူးပေါင်း၍ ဤစာအုပ်၌ တင်ဆက်ဖော်ပြလိုက်ပါသည်။ စာရှုသူများ ဝင်စားရာ ဗဟုသုတ အထွေထွေ ပေးဝေလိုက်သကဲ့သို့ရှိက ရေးရကျိုးနပ်ပါသည်ဟု ခံယူလိုပါသည်။

*မေတ္တာ သစ္စာဖြင့်*

*ချစ်ငယ် (ဒဿန)*

*ဗုဒ္ဓစာပေဆုရ*

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၁)

# MAX BORN

## မက္ကဘွန်း နှင့် ပတ်သက်၍ ...

သိပ္ပံသည် လက်တွေ့ဘက်ကို လုသည်။ ဒဿနသည် စဉ်းစားမြေမြင်ခြင်းဘက်ကို ညွှတ်သည်။ ဗုဒ္ဓဘာသာမှာမူ အလယ်အလတ်ပင်ဖြစ်သည်။ လူ့သမိုင်း၌ လက်တွေ့သိပ္ပံသည် ဦးဆောင်သည်။ ဒဿနသည် နှိုင်းနှိုင်းချိန်ချိန် ကောက်ချက်ချသည်။ ဗုဒ္ဓဘာသာမှာမူ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပင် ဖြစ်သည်။ သိပ္ပံသည် အများအားဖြင့် တက်တက်ကြွကြွရှိသည်။ဒဿနမှာမူ ဖြည်းဖြည်းလေးလေးပင်။

BURMESE CLASSIC .com

www.burmeseclassic.com



ဗုဒ္ဓဘာသာကတော့ ငြိမ်းငြိမ်းချမ်းချမ်းပင်။ စာရေးသူသည် သိပ္ပံကိုချီးကျူးသည်။ ဒဿနကို လေးစားသည်။ ဗုဒ္ဓဘာသာကို ကြည်ညိုမြတ်နိုးသည်။

သိပ္ပံတော်တော်များများကတော့ သဘောတရားသည် လက်တွေ့လောက် အရာမရောက်ဟု ဆိုချင်ကြသည်။ ဒဿန ကတော့မူ ကိုယ်လုပ်စရာကို ကိုယ်လုပ်နေရင်း သိပ္ပံကို တပည့် မွေးသည်။ ဗုဒ္ဓဘာသာကတော့မူ သံသရာမှ လွတ်မြောက်ရန် ကျင့်ကြံ ကြံဆသည်။ စာရေးသူသည် သိပ္ပံပညာကို လေ့လာ ခဲ့ဘူးရာ **EDDINGTON** အက်ဒီတန်ကို သတိရသည်။ သူ သည် “သဘောတရားရေးရာ” ဘက်မှ ရပ်တည်သူဖြစ်သည်။ သို့သော် **MAX BORN** မက်ဘွန်းဆိုသူ သိပ္ပံပညာရှင်က အဆိုပါအယူအဆကို လက်မခံ။ သူသည် လက်တွေ့လေ့လာ စူးစမ်းမှု၏ အရေးပါပုံကို ထောက်ပြသည်။ ဒြပ်မဲ့ဆင်ခြင်မှုကို အမွန်းမတင်ချေ။ အတွေ့အကြုံမှ ပေးအပ်လာသော အကြောင်း အချက်များကိုသာ တန်ဖိုးထားသည်။ ဤကား သိပ္ပံပညာရှင်

BURMESE CLASSIC .com

www.burmeseclassic.com



အချင်းချင်း သဘောထားကွဲလွဲမှုပင် ဖြစ်သည်။ [ဤအကြောင်းကို MAX BORN ကိုယ်တိုင်ရေးသားသော EXPERIMENT AND THEORY IN PHYSICS စာအုပ်တွင် အသေးစိပ် ဖတ်ရှုနိုင်ပါသည်။]

MAX BORN သည် နိုဘယ်ဆုရှင်ဖြစ်သော်လည်း အခြားသော နိုဘယ်ဆုရှင်များနှင့်လည်း သဘောထားကွဲလွဲခဲ့ကြဘူးလေသည်။ ဥပမာ အိုင်းစတိုင်း EINSTEIN နှင့် (မိတ်ဆွေသူငယ်ချင်း လုပ်ဖော်ကိုင်ဘက်ဖြစ်ကြသော်လည်း) တစ်ချိန်က သဘောထားကွဲလွဲခဲ့ကြဘူးလေသည်။ ဤအကြောင်းကို EINSTEIN က BORN ထံ ပေးသောစာကိုကြည့်၍ သိနိုင်လေသည်။ ဤစာကို EINSTEIN က ဂျာမာန်ဘာသာနှင့် ရေးသားပေးပို့ခဲ့ခြင်း ဖြစ်လေသည်။ ဤစာပါ အကြောင်းအချက်များကို MAX BORN က အင်္ဂလိပ်ဘာသာပြန်ဆို၍ သူ၏ NATURAL PHILOSOPHY OF CAUSE AND CHANCE စာအုပ်၌ အောက်ပါအတိုင်း ဖော်ပြခဲ့လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"IN OUR SCIENTIFIC EXPECTATIONS WE HAVE PROGRESSED TOWARDS ANTIPODES. YOU BELIEVE THE DIC-EPLAYING, AND I IN THE PERFECTRULE OF LAW ..... IN A SPECULATIVE WAY....."

ဤစာမှာ EINSTEIN ၏ ရင်ဖွင့်သံဖြစ်လေသည်။ EINSTEIN ၏ သဘောမှာ BORN နှင့် သူသည် တစ်လှေတည်းစီး တစ်ခရီးတည်းသွားသော မိတ်ဆွေ သိပ္ပံပညာရှင်များဖြစ်ကြသော်လည်း အမြင် မတူကြောင်း ဖွင့်ဟဝန်ခံထားခြင်းဖြစ်သည်။ BORN သည် "မသေချာမှု" ကို ယုံကြည်၍ EINSTEIN သည် "သေချာမှု" ကို ယုံကြည်သူဖြစ်သည်။

EINSTEIN က "ဘုရားသခင်သည် ကြွေအန်ကစားလိမ့်မည်မဟုတ်" ဟု ယူဆလေသည်။ BORN ကတော့မူ သဘာဝဖြစ်ရပ်တို့၏ အသေးစိတ်ဆိုင်ရာ၌ မသေချာတတ်ပုံကို ယုံကြည်ထောက်ခံကြောင်း ဖော်ပြခဲ့လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



EINSTEIN နှင့် BORN တို့သည် သမိုင်းကြောင်း ရှိခဲ့ကြလေသည်။ ကွမ်တမ် မက္ကင်းနစ်၏ အသက်သွေးကြော "မသေချာမှုနိယာမ" ပေါ်ထွန်းစဉ်က BORN သည် ဤနိယာမ ကို ချီးကျူးနေချိန် EINSTEIN က ထိုအယူဝါဒကို လက်မခံ ကန့်ကွက်ခဲ့သည်မှာ EINSTEIN သေသည်အထိ ဖြစ်လေ သည်။

[ဤအကြောင်းအနည်းငယ် အကျယ်တဝင့်ကို စာရေး သူ၏ မသေချာမှုနိယာမအကြောင်း ဆောင်းပါးတွင် လေ့လာ ဖတ်ရှုနိုင်ပါသည်။]

မသေချာခြင်း သေချာခြင်းဆိုသော ပြဿနာမှာ ဗုဒ္ဓဘာသာ၏ ပြဿနာမဟုတ်ချေ။ ဗုဒ္ဓဘာသာ၌မူ "ကံ" အကြောင်းတရားတို့ ပြည့်စုံလုံလောက်သွားလျှင် သေချာသွား သည်သာဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ပါရမီပြည့်စုံလျှင် ဘုရားပင် ပွင့်တော်မူရသည်ဖြစ်ရာ- ထို့ထက်ခက်ခဲသော အရာဟူသည် မရှိနိုင်တော့ချေ။ ကျန်ကိစ္စများနှင့်ပတ်သက်

BURMESE CLASSIC .com

www.burmeseclassic.com



လာလျှင် ဗုဒ္ဓဘာသာ၌ အသေးအဖွဲ့မျှသာ ဖြစ်သွားပေလိမ့်မည်။

ဗုဒ္ဓဘာသာတရားတော်မှာ လွန်စွာနက်ရှိုင်းလှလေသည်။ ဗုဒ္ဓဘာသာတရားတော်အရ အသိပညာ အမှန်တရား ရှာဖွေပုံမှာ-အခြားသောသိပ္ပံနည်း၊ ဒဿနည်း၊ ယုတ္တိဗေဒနည်းများနှင့် မတူညီပေ။ သို့သော် အနည်းနှင့်အများ ဆက်စပ်မှုရှိသည်ဟူ၍ကား ဆိုနိုင်ပေလိမ့်မည်။ ဗုဒ္ဓဝါဒနည်းမှာ တဏှာမာနဒိဋ္ဌိကင်းစင်အောင် ကြံဆောင်ကျင့်ကြံရသော နည်းဖြစ်လေသည်။ သိပ္ပံနည်း၊ ဒဿနည်း၊ ယုတ္တိနည်းတို့မှာ အတွေ့အကြုံလိုလို အတွေးအခေါ်လိုလို ယုတ္တိဆက်စပ်မှုလိုလိုနှင့် လိုလိုတွေများလှပေသည်။ မြတ်ဗုဒ္ဓနည်းမှာ လောဘ ဒေါသ မောဟများလျှော့နည်းပါးလျှကုန်ဆုံးချုပ်ငြိမ်းလျှင် ကိစ္စပြတ်လေသည်။ ဘာလိုလို ညာလိုလိုများ ကင်းစင်လေသည်။

တစ်ခါတစ်ခါ စာရေးသူသည် ဤသို့စဉ်းစားမိသည်။ မိမိသည် သိပ္ပံပညာ၊ ဒဿနပညာ၊ ယုတ္တိပညာများကို လေ့လာခဲ့မိသည်မှာ တစ်နည်းအားဖြင့် ကံကောင်းသည်ဟု

BURMESE CLASSIC .com

အောင်းမေ့မိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအခါမှစ၍ ဗုဒ္ဓဘာသာကို ပိုမိုအလေးအမြတ် ပြုမိတတ်လေသည်။ ဗုဒ္ဓဘာသာ၏ နက်ရှိုင်းပုံ၊ မြင့်မြတ်ပုံ၊ မှန်ကန်ပုံ၊ အကျိုးရှိပုံ၊ ချမ်းသာခြင်းငြိမ်းအေးမှု ပေးနိုင်ပုံတို့ကို ပိုမိုသဘောပေါက် သက်ဝင်ယုံကြည်မိလေသည်။ ဤသည်မှာအကျင့်မြတ်ပါသော၊ စစ်မှန်သော ဗုဒ္ဓဘာသာကို ဆိုလိုရင်းဖြစ်လေသည်။ ဟိတ်လုံးထုတ်ညာရမ်းဖြီးဖျန်း ဟန်များနေသော လောကုတ္တရာ မဟုတ်သည့် လုပ်ရပ်များနှင့် မပတ်သက်ချေ။ ထိုအလုပ်များသည် စစ်မှန်သော သာသနာတော်မြတ်ကြီးနှင့်လည်း မပတ်သက်ချေ။ လောကီလိမ်ညာ ဗိုလ်ကျဟိတ်ထုတ်ဟန်လုပ်မှု အမျိုးအစားများသာဖြစ်လေသည်။ ရေရှည်ရောက်လေ အကျိုးမဲ့နစ်မွန်းရမည့်အခြေရောက်လေ ဖြစ်ပေလိမ့်မည်။ ဗုဒ္ဓဘာသာအစစ်မှန်တို့သည် တဖြည်းဖြည်း နားလည်သိမြင်လာကြပေလိမ့်မည်။ ထိုအခါ လောကုတ္တရာတရားစစ်စစ်နှင့် နိဗ္ဗာန်သို့ ပို့ဆောင်နိုင်မည့် နည်းလမ်းကျင့်စဉ်များကိုသာ တန်ဖိုးထားလာတတ်ကြပေမည်။

BURMESE CLASSIC .com

www.burmeseclassic.com



ယခုပင်လျှင် ဗုဒ္ဓဘာသာ တော်တော်များများ နားလည်သိမြင် တတ်ကျွမ်းလိမ္မာစပြုလာကြပေပြီ။ နောင်တွင် ယခုထက်ပိုမို၍ ပီပီပြင်ပြင် ထင်ထင်ရှားရှား ပေါ်ထွန်းလာရတော့မည်သာတည်း။

ဤနေရာ၌ သိပ္ပံနည်း၏ အခြေအနေကို အနည်းငယ် တင်ပြလိုပါသည်။ သိပ္ပံသည် ကိရိယာများကို အားကိုးသည်။ ထို့ကြောင့် သက်သေအထောက်အထား ပြယုဂ်ကောင်းသည်။ သို့သော် အရေးကြီးသော လျှို့ဝှက်ချက် ချက်ကောင်းများ၌ ကိရိယာကြီးက ခံနေသည်။ ကိရိယာကြီးက ဘောင်နှင့်ကန့်သတ် နေသည်။ ထိုအခါ အမှန်သစ္စာသည် လူထံမရောက် ကိရိယာထံ ရောက်သွားသည်။ ကိရိယာ၌ လမ်းဆုံးနေသည်။ ကိရိယာများ သည် လိုသလိုမရသေးအခါ အနုစိပ်လာလျှင် အခက်အခဲတွေ့ လာရသည်။ အကြမ်းစားများ အတွက်တော့မှ သက်သေ အထောက်အထား ရုပ်ပြကောင်းသည်။ အမှန်တကယ် အဆစ် ပိုင်း နက်နဲမှုတွင်မူ သိပ္ပံမလိုက်နိုင်တော့ချေ။ ဤနေရာ၌ ရှင်းလင်းစွာ သိသာစေရန် ဗုဒ္ဓဝါဒကို ဖော်ပြပါမည်။ ဗုဒ္ဓဘာသာ

www.burmeseclassic.com



ဝါဒမှာမူ ကိရိယာကို အားမကိုးချေ။ အပြစ်ကင်းစင်သော အပြင်ဉာဏ် ကြည်လင်ထိုးထွင်းခြင်းကိုသာ တန်ဘိုးထားသည်။ ထိုအခါ နံပါတ်ကုန် သိမြင်ပေါက်ပိုင်သွားသည်။ ကိရိယာ တန်ဆာပလာများက ကြားမခိုနိုင်တော့ချေ။ ထို့ကြောင့် အရိယာ ဉာဏ်အမြင်များသည် ပီပြင်ကြည်လင်ကာ အမှန်သစ္စာကို ထိုးဖောက် သိမြင်တော်မူကြခြင်းဖြစ်သည်။

သစ္စအရာ၌ သာသနာသည် တဏှာ၊ မာန၊ ဒိဋ္ဌိ၏ ဆရာဖြစ်သည်။ သာသနာနှင့် ပတ်သက်နေသူသည် တဏှာကို နိုင်ရမည်။ မာနကို နိုင်ရမည်။ ဒိဋ္ဌိကို နိုင်ရမည်။ သို့မှသာ သာသနာနှင့် တိုက်ရိုက်ပတ်သက်နိုင်မည်။ တဏှာ၏ကျွန်၊ မာန၏ကျွန်၊ ဒိဋ္ဌိ၏ကျွန် ဖြစ်နေလျှင် သာသနာနှင့် တိုက်ရိုက် ပတ်သက်စရာ အကြောင်းမရှိချေ။ သာသနာသည် လောဘ၊ ဒေါသ၊ မောဟတရားတို့ကို အောင်နိုင်ခြင်းပေတည်း။

စာရေးသူသည် သာသနာအကြောင်းကို မကြာခဏ ရေးပြနေလေသည်။ ဤသို့ ရေးသားဖော်ပြနေသည်မှာ

BURMESE CLASSIC .com

www.burmeseclassic.com



အကြောင်းရှိလေသည်။ ထိုအကြောင်းမှာ သာသနာတော် အကြောင်းကို မှန်စွာကန်စွာ အဆုံးအမ ခံယူထားသောကြောင့် ဖြစ်သည်။ ထို့အပြင် အမှန်တကယ် သိနားလည်လိုသူများ အတွက်လည်း ရည်ညွှန်းသည်။ သာသနာ ဘာဖြစ်ဖြစ် ငါဆရာ လုပ်မည်ဟူသော ငါဆရာများအတွက်မူ မရည်ရွယ်လိုပေ။ ရည်ရွယ်ပါကလည်း အချိုးနှီးပင်ဖြစ်ပေလိမ့်မည်။ အဘယ့်ကြောင့် ဆိုသော် ထိုဆရာများသည် ငါမာန်ကို စွန့်လွှတ်ကြမည်မဟုတ် ချေ။ ငါမာန်ကို စွန့်ပယ်ရန်- ဆန္ဒရှိသော ဗုဒ္ဓဘာသာသူတော် ကောင်းများအတွက်သာ အကြံပြုလိုခြင်း အမှန်အကန်ကို ဖော်ပြလိုခြင်း ဖြစ်သည်။ အချို့က စစ်မှန်သော ဗုဒ္ဓဘာသာကို သိနားလည်လိုကြသည်။ သို့သော် လမ်းညွှန်မှုအမှန်ကို မရကြသေး၍ သွေးအေးနေကြခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်များ အတွက် နိဗ္ဗာန်စံရေး လှုံ့ဆော်အားပေးရင်း စစ်မှန်သော သာသနာအကြောင်းကို ထုတ်ဖော်ရေးသား တင်ပြနေခြင်း ဖြစ်သည်။ ဤကိစ္စမှာ ပေါ့ပေါ့ဆဆ သဘောထား၍ မဖြစ်ပေ။

BURMESE CLASSIC .com

www.burmeseclassic.com



ရေရှည်၌ ဗုဒ္ဓဘာသာများ နစ်နာနိုင်လေသည်။ စစ်မှန်သော လောကုတ္တရာပညာသည် သာသနာနှင့်တိုက်ရိုက်သက်ဆိုင်၍ ကောင်းကျိုးချမ်းသာ ပေးအပ်မည်ဖြစ်သည်။

ဤခေတ်၌ သိပ္ပံပညာခေတ်စားနေ၍ ဗုဒ္ဓဝါဒသည် ခေတ်မစားချေ။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓဝါဒအရ ကျင့်သုံးနလုံးသွင်းသူ အရည်အတွက် နည်းလွန်းနေသောကြောင့် ဖြစ်သည်။ အမည်ခံ ဗုဒ္ဓဘာသာများကလည်း လောကုတ္တရာပညာကို ဘေးချထားကြလေသည်။ သာသနာတော်အတွက် စိတ်မကောင်းစရာပင်ဖြစ်လေသည်။ စာရေးသူသည် သာသနာတော်ဘက်မှ အထရပ်တည်၍ ကြိုးစားဖော်ပြ ပေးနေပါသည်။ ပါရမီပါလာကြသူများ သိနားလည် သဘောပေါက်စေရန် ရည်သန်ပါသည်။

ဤနေရာ၌ "မင်းဘယ်လောက်နားလည်လို့လဲ" ဟုမေးချင်ကြသူများ ရှိနိုင်ပါသည်။ ထိုအခါ "သာသနာဆိုတာ တဏှာ မာန ဒိဋ္ဌိကို အောင်စေရာ" ဆိုထားရာ "အဲဒါ

BURMESE CLASSIC .com

www.burmeseclassic.com



နားလည်လို့ဘဲ” ဟု ပြန်လည်ဖြေကြား နိုင်ပါလိမ့်မည်။ တဏှာ မာနဒိဋ္ဌိရဲ့ ကျေးကျွန်ဖြစ်နေလျှင် အဘယ်သို့လျှင် သာသနာနှင့် တိုက်ရိုက်ပတ်သက်နိုင်ပါတော့မည်နည်း? ဤကား စာရေးသူ နားလည်သလား? နားမလည်ဘူးလား? ဟူသော မေးခွန်း၏ အနှစ်ချုပ်အဖြေပါတည်း။

ဤနေရာ၌ စာရေးသူသည် အဘယ့်ကြောင့် ဘာသာရေး သာသနာရေးတို့၌ ခိုင်မာသော အဆိုများကို ဆိုနိုင်စွမ်းရှိရပါသနည်းဟူသော မေးခွန်းမေးနိုင်ပါသည်။ အဖြေမှာ ဆရာကောင်းကို ဖူးတွေ့ခွင့် ကြုံသောကြောင့် ဖြစ်ပါသည်။ ဆရာ့ အဆုံးအမအရ ရင်ထဲ ဟဒယ၌ ဓမ္မစေတီတည်ရပုံကို ဖော်ပြပါမည်။ လူ၏ရင်ညွန့်နေရာတွင် ဓမ္မသင်္ချိုင်းဆိုသည့် ဟဒယနေရာ ရှိပါသည်။ ထိုနေရာသည် ဓမ္မသင်္ချိုင်းဟု ခေါ်ပါသည်။ အဘယ့်ကြောင့်ဆိုသော ဓမ္မသဘာဝများ သေကြေပျက်စီးကြသောနေရာ ဖြစ်သောကြောင့် ဖြစ်ပါသည်။ စာရေးသူတို့ တရားကျင့်လျှင် အဆိုပါနေရာသို့ အာရုံစိုက်၍ အပျက်တရား

BURMESE CLASSIC .com

www.burmeseclassic.com



များဟု ရှုသတ်ရပါသည်။ ကြာသော် ရှုသတ်မှုစွမ်းအင်သည် အင်အားကောင်းလာရာ ၄င်းအင်အားစွမ်းရည်ကို ဓမ္မစေတီဟုခေါ်ပါသည်။ တနည်းအားဖြင့် စာရေးသူတို့သည် ဓမ္မစေတီတည်သောအကျင့် ကျင့်ရပါသည်။ ရင်ထဲမှာ ဓမ္မစေတီတည်ခြင်းသည် တရားအားထုတ်ခြင်း မည်ပါသည်။ စေတီတော်အကောင်အထည် ပေါ်လာလျှင် လွန်စွာ အားရှိဖွယ် ကောင်းပါသည်။ စာရေးသူတို့သည် ဤနည်းအားဖြင့် တရားအားထုတ်လျှက်ရှိကြပါသည်။

ဤနေရာ၌ သိပ္ပံပညာရှင်များဖြစ်ကြသော MAX BORN နှင့် EINSTEIN တို့အကြောင်းကို ထပ်မံ ဖော်ပြလိုပါသည်။ စောစောပိုင်းကတင်ပြသကဲ့သို့ - BORN သည် "ဖြစ်တန်ခြေ" မသေချာခြင်းကို ကြိုက်၍ EINSTEIN သည် "သေချာခြင်း"ကို နှစ်သက်ယုံကြည်ခဲ့လေသည်။ သို့သော် EINSTEIN ၏ ဘဝတွင် "သေချာခြင်း"ကို ပီပီပြင်ပြင် သက်သေပြမသွားနိုင်ခဲ့ပေ။ BORN မှာမူ "မသေချာမှု" ကိုသာ

BURMESE CLASSIC .com

www.burmeseclassic.com



သက်သေပြကာ သေချာခြင်းကိုလည်း ငြင်းဖျက်သွားနိုင်ခဲ့လေသည်။ ယခုထက်တိုင်လည်း "မသေချာမှုနိယာမ" သည် ဆက်လက်ရေပန်းစား အောင်ပွဲခံလျှက်ရှိလေသည်။ ဤကိစ္စ၌ EINSTEIN သည် BORN ကို ရှုံးနိမ့်သွားရလေသည်။ BORN သည် သိပ္ပံဖြစ်ရပ်သမိုင်းစဉ်ဖြင့် သက်သေသာဓက ထုထောင်နိုင်ခဲ့လေသည်။ "WE MORTALS HAVE TO PLAY DICE ANY HOW IF WE WISH TO DEAL WITH ATOMIC SYSTEMS ...." ဟူ၍ BORN သည် နိဂုံးချုပ်သဘောဆိုခဲ့လေသည်။

အဓိပ္ပါယ်မှာ "ကျွန်တော်တို့ သာမန်လူသား ရုပ်နာမ်တွေအဘို့ အက်တွမ်ကမ္ဘာစနစ်အကြောင်း ပြောလာလျှင် ကြွေအန်ကစားမှုသာ ဖြစ်နိုင်ပေလိမ့်မည်" ဟူ၍ ဖြစ်သည်။ သေချာခြင်း၊ မသေချာခြင်းတို့နှင့် ပတ်သက်၍ ဗုဒ္ဓဘာသာမှ ရှုဒေါင့်တစ်ခုကို ဖော်ပြပါဆိုလျှင် ဗုဒ္ဓဘာသာ၌ "ကံသာအမိ ကံသာအဖ" ဖြစ်လေသည်။ "ကံ" သေချာလျှင် ထိုပုဂ္ဂိုလ်

BURMESE CLASSIC .com

www.burmeseclassic.com



ထိုအမှုသည် သေချာပြီးသား ဖြစ်လေသည်။ မြေကြီးလက်ခတ် မလွဲချော်နိုင်တော့ပေ။ "ကံ" မသေချာ မလုံလောက် မပြည့်စုံသေးလျှင်တော့မူ ထိုပုဂ္ဂိုလ် ထိုအမှုကိစ္စတို့သည် သေချာသည်ဟု မပြောအပ်တော့ချေ။ သေချာလိုလျှင် "ကံ" ပြည့်စုံလုံလောက်ရန်သာ ကြိုးစားဖြည့်ဆည်း စောင့်မျှော်အပ် တော့သည်သာတည်း။

ဤသို့ဆို၍ စာဖတ်သူတို့သည် အားမလို အားမရ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ထိုအခါ "ကံ"ဟူသော အဘယ် နည်းဟု လေ့လာကြည့်ပါ။ "ကံ" ဟူသည် အလုပ်ပင် ဖြစ်လေ သည်။ မိမိ၏အလုပ်သည် မိမိ၏ကံပင် ဖြစ်လေသည်။ ကံကောင်းအောင် အလုပ်များများလုပ်ဆောင် စုဆောင်းထားရ ပေလိမ့်မည်။ ကံဟူသည် အလုပ်မှထွက်လာသော အသီးအပွင့် ရလာဒ်ပင် ဖြစ်ပါတော့သည်။

ထိုမှတဖန် **MAX BORN** လက်မခံနိုင်သည်မှာ **EINSTEIN** ၏ မွေ့ဒိဋ္ဌာန်ကျသော စကြာဝဠာပင်

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်လေသည်။ BORN ကမူ စကြာဝဠာသည် မတော်တဆ တိုက်ဆိုင် ကြုံကြိုက်မှုများဖြင့် ရှေ့ဆက်တိုးတွေ့ဖြစ်ပေါ်နေသည်ဟူ၍သာ ခံယူလေသည်။ EINSTEIN ၏ အရာရာသတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်မည့် ပြီးပြည့်စုံသော စကြာဝဠာမှာ တက္ကသိုလာကဗျာဆန်လွန်းသည်ဟု BORN က ဝေဖန်ခဲ့လေသည်။

"EINSTEIN'S PRINCIPLE OF THE EXISTENSE OF AN OBJECTIVE REAL WORLD IS RATHER ACADEMIC ...." ဟု BORN က EINSTEIN အယူအဆကို ဝေဖန်သမှုပြုကာ ကောက်ချက်ချခဲ့လေသည်။

ဤအကြောင်းအရာမှာ အနည်းငယ်တော့ နက်ရှိုင်းလေသည်။ စာဖတ်သူ စိတ်ဝင်စားပါင အနည်းငယ် အကျယ်ချဲ့၍ ဖော်ပြပါမည်။ EINSTEIN သည် ထူးချွန်သော သိပ္ပံပညာရှင် (ချွင်းချက်အချို့ ရှိခြင်းမှအပ) တစ်ဦးဖြစ်ခဲ့လေသည်။ သို့သော် သူသည် အရိယာမဟုတ်ချေ။ အမြင်များကျန်နေပေဦးမည်။

BURMESE CLASSIC .com

www.burmeseclassic.com



ယခုထက်တိုင်လည်း EINSTEIN ၏ နှိုင်းရသီဝရီသည် အက်တွမ်ကမ္ဘာကို မဖြေရှင်းနိုင်သဖြင့် အမြင်ကျန်သည်ဟု ကောက်ချက်ချရပေလိမ့်မည်။ EINSTEIN သီဝရီသည် အမှုန်အသေးလေး ကမ္ဘာအတွက် အံမဝင် ကွင်မကျချေ။ အမှီသဟဲပြု၍မရချေ။

ဤအချက်မှာ အမြင်ကျန်ကြောင်း ထင်ရှားလေသည်။ ဗုဒ္ဓဝါဒအရမူ သုံးဆယ့်တစ်ဘုံကြီးသည် နိမ့်တုံ မြင့်တုံ စုန်ကြဆန်ကြနှင့် ရှမ်နာမ်များ လှုပ်ရှားရှုပ်ထွေးစွာ ရှန်းကန်နေကြလေသည်။ တန်ခိုးရှင် ဖန်ဆင်းထားသဖြင့် အရာရာ ပုံသေ အတုံးလိုက် အခဲလိုက် ပြဋ္ဌာန်းပြီးနေပြီဟုမူ မဆိုသာချေ။ အကြောင်း အမျိုးမျိုးဖြင့် အကျိုးအမျိုးမျိုး ဖြစ်ပေါ်နေကြသည်။ ကံ စိတ် ဥတု အာဟာရ ဟု ဗုဒ္ဓဝါဒက ဖော်ကျူးထားလေသည်။ ဗုဒ္ဓဘာသာတစ်ဦး အရိယာဖြစ်နိုင် မဖြစ်နိုင်ဟူသည်မှာလည်း ခက်ခဲနက်ရှိုင်းလှလေသည်။ အချို့မှာ ကံပြည့်စုံ၍ အချို့မှာ ကံ တစ်ဝက်တပျက်မျှသာ ပါလာပေလိမ့်မည်။ ပစ္စုပ္ပန်

BURMESE CLASSIC .com

www.burmeseclassic.com



လုပ်ဆောင်ချက် ကံတို့သည်လည်း အရေးပါသည် မဟုတ်ပါလား?

အချုပ်အားဖြင့် EINSTEIN နှင့် MAX BORN တို့အနက် EINSTEIN သည် တရားသေဆန်သည်။ ပြဋ္ဌာန်းခံဝါဒဘက်သို့ တိမ်းညွှတ်သည်။ အရေးအကြောင်းဆို GOD ကများ ဘယ်လိုအောင်းမေ့မလဲဟူ၍ တွေးတောဖော်ပြလေ့ရှိသည်။ စာရေးသူသည် အဆိုပါဖော်ပြချက်များကို အင်္ဂလိပ်ဘာသာအတိုင်း အလွတ်ကျက်ထားသည်။ လိုအပ်လျှင် သက်သေအဖြစ် ရွတ်ပြရန်ဖြစ်သည်။ BORN မှာမူ မမျှော်လင့်သော မတော်တဆ ကြုံကြိုက်တိုက်ဆိုင်မှုကို မျှော်လင့်ခံယူသည်။ ထို့ကြောင့် အနာဂါတ် မသေချာမှုကို အဆိုပြုယုံကြည်ခြင်းဖြစ်သည်။ စာရေးသူသည် EINSTEIN ၏ တရားသေပြဋ္ဌာန်းဝါဒကို လက်မခံနိုင်ပေ။ စာရေးသူသည် ဗုဒ္ဓဝါဒသမားဖြစ်သည်။ GOD သမား မဟုတ်ချေ။ BORN ၏ ဖြစ်တန်ရာချေ ရှိမှုမျှသာဟူသော အဆိုကို အနည်းငယ်

www.burmeseclassic.com



ပြုပြင်၍ ဖြည့်စွက်လက်ခံနိုင်စရာ ရှိလေသည်။ ထို့ကြောင့် ဤကိစ္စ၌ စာရေးသူသည် BORN ဘက်မှ ရပ်တည်သည်ဟု ဆိုနိုင်ပါသည်။

ထို့ပြင် EINSTEIN နှင့် BORN တို့၏ အယူအဆ ကွဲလွဲမှုတို့တွင် BORN ၏ "HOW FAR IT IS A REAL GUIDE IN THE SEARCH OF THE UNKNOWN ..." ဟူသော ပေတံမှာ မှတ်လောက်သားလောက် ရှိပေသည်။ အက်တွမ်၏ မသိရာကမ္ဘာနယ်ပါယ်တွင် EINSTEIN ၏ သီဝရီသည် ကောင်းစွာလမ်းညွှန်နိုင်လိမ့်မည် မဟုတ်ချေ။

လူတို့၏ လွတ်လပ်မှုနှင့်ပတ်သက်သော BORN ၏ "SPONTANEITY OF DECISION AND RESPONSIBILITY OF ACTION" ဆိုသောအချက်မှာလည်း လက်ခံနိုင်ဘွယ်ရာ ရှိလေသည်။ လူသည် ဉာဏ်မမီရာ တို့၌ အိုးနင်း ခွက်နင်း လုပ်မှား ကိုင်မှား ဖြစ်တတ်သော်လည်း ကိုယ်လုပ်သော အမှုကိစ္စအတွက်မူ ကိုယ့်မှာ တာဝန်ရှိသည်ဟု

BURMESE CLASSIC .com

www.burmeseclassic.com



တော့ ဝန်ခံရပေလိမ့်မည်။

လူ၏ လွတ်လက်စွာ ရွေးချယ်ခွင့်နှင့် ပတ်သက်၍မူ BORNက ဤသို့ဆိုသည်။ "THERE MUST NOT ONLY BE DIFFERENT POSSIBILITIES BUT A CONSCIOUS DISTINCTION BETWEEN THEM AND CONSCIOUS DECISION ABOUT THE..." ''လူသည် လွတ်လပ်စွာ ရွေးချယ်သည်ဆိုရာ၌ ဖြစ်တန်ရာခြေ ဖြစ်နိုင်ခြေအမျိုးမျိုး ရှိနေရုံမျှသာ မဟုတ်ချေ။ အဆိုပါ ဖြစ်နိုင်ခြေများအပေါ် သေသေချာချာ သိသိရရ ခွဲခြားစီစစ်၍ ၎င်းတို့ကို သေသေချာချာ သိသိရရ ဆုံးဖြတ်ချက် ချနိုင်မှသာ ဖြစ်နိုင်ပေမည်''ဟု ဆိုလေသည်။ အရာရာသည် ပုံသေကားချ ဖြစ်ရမည်ဟူ၍တော့မူ BORN မယုံကြည်ချေ။ ''လူသည် စဉ်းစားဆင်ခြင်နိုင်မှုကို ယုံကြည်အပ်ပြီး ယုံကြည်သင့်ရာများ အပေါ်လည်း ကောင်းကောင်းမွန်မွန် စဉ်းစားဆင်ခြင်နိုင်ရမည်'' ''လူသည် သီးခြားတစ်ခုစီသော ပုဂ္ဂလိက အတွေ့အကြုံကို

BURMESE CLASSIC .com

www.burmeseclassic.com



အခြေခံလျှက် ဓမ္မဒိဋ္ဌာန်ကျသော အသိပညာရပ်ကြီးကို မည်သို့ တည်ဆောက်နိုင်ပါမည်နည်း? ဟူ၍ BORN တင်ပြခဲ့လေသည်။

[BELIEVING THE REASONABLE AND REASONING ON SOUND BELIEFS.....

စဉ်းစားနိုင်မှုကို ယုံကြည်ပြီး ယုံကြည်လောက်သည့်တို့ကို စဉ်းစားချိန်ဆနိုင်ရမည်]

[HOW IS IT POSSIBLE TO OBTAIN OBJECTIVE KNOWLEDGE FROM SUBJECTIVE EXPERIENCES?.....

တစ်သီးပုဂ္ဂလ အတွေ့အကြုံမှ ဓမ္မဒိဋ္ဌာန်ကျသော အသိပညာရပ်ကို မည်သို့ တည်ဆောက်ပါမည်နည်း]

ဗုဒ္ဓဘာသာအရမူ လွတ်လပ်မှုဟူသည် အရိယာရင့်ရင့်ကြီးမှဖြစ်သာ ဖြစ်နိုင်ပေလိမ့်မည်။ ယုံအပ်သည် မယုံအပ်သည် ဆိုသည်ကိုမူ ဆရာကောင်း သမားကောင်းတွေ့ရမှ အတိအကျ

BURMESE CLASSIC .com

www.burmeseclassic.com



သိရပေလိမ့်မည်။ ဓမ္မဒိဋ္ဌာန်ကျသော အသိပညာကိုမူ အရိယာ ဉာဏ်တော်များ ရရှိမှသာ ပိုင်ဆိုင်နိုင်ပေမည်။

ဤနေရာရှိ အရိယာဉာဏ်ဟူသည် အထူးအရေးပါ အရာရောက်လျက် လောကုတ္တရာနယ်ပါယ်၌ ပုထုဇဉ်များ လက်လှမ်းမမှီရာ အသိဉာဏ်များကို ပိုင်ဆိုင်သိမြင်ထားသည် ဖြစ်ရာ အရိယာဉာဏ်များ၏ အနေအထားကို အနည်းငယ်ဖော် ပြရှင်းလင်းလိုပါသည်။ ပွင့်ပွင့်လင်းလင်းနှင့် မှန်ရာကန်ရာ ဖွင့်ဆိုရပါလျှင် ပုထုဇဉ်ဆိုသည်မှာ-မျက်ကန်းပင် ဖြစ်ပါသည်။ မျက်ကန်းဆိုသည်မှာ အရိယာဉာဏ်ပညာမျက်လုံး မရှိသေး ကြောင်းကို ဆိုလိုပါသည်။ အရိယာဖြစ်ပြီဆိုသည်နှင့် တစ်ပြိုင်နက် ပုထုဇဉ်များ မပိုင်ဆိုင်အပ်သော အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ် များကို ပိုင်ဆိုင်သွားပြီး ဖြစ်ပါသည်။ ထိုဉာဏ်တော်များသည် မိမိခန္ဓာကိုယ်ကိုပင် အပယ်ခံ အရှုခံ ဒုက္ခသစ္စာတရားဟု နားလည် ထားကြပါသည်။ ဤအချက်မှာ ပုထုဇဉ်များလိုက်မမှီသော အရိယာဉာဏ်အရာများဖြစ်ပါသည်။ အရိယာသူတော်စဉ်

www.burmeseclassic.com



များသည် မိမိတို့၏ အရိယာဉာဏ်တော် အားကောင်းကြီးမား နက်ရှိုင်းသလောက် ဉာဏ်အမြင် ပေါက်မြောက်ကာ သစ္စာတရားကို ထွင်းဖောက်သိမြင်ကြပါသည်။ မိမိခန္ဓာကိုယ်ကို အပျက်တရားဟု တရားသေသတ်မှတ် သိမြင်နားလည်ပြီး ဖြစ်ကြပါသည်။ ထိုမျှလောက် နားမလည်ခဲ့လျှင်လည်း အရိယာဖြစ်မလာနိုင်ပါ။ အရိယာဉာဏ် တည်ဆောက်ခြင်းအမှု၌ မအောင်မြင်နိုင်ပါ။ အရိယာများ၌ စာရေးသူ မသိသေးသော အခြားဂုဏ်ရည်များ ပုထုဇဉ်နှင့် လားလားမှ မအပ်စပ်သော သိမြင် နားလည်းပေါက်ပိုင်မှုဂုဏ်ရည် အများအပြား ရှိပါလိမ့်ဦးမည်။ အထူးသဖြင့် ဖော်ပြလိုသည်မှာ ပုထုဇဉ်များနှင့် လုံးဝဆန့်ကျင်နေသော အမှန်သစ္စာအမြင်များ အရိယာများ၌ ပိုင်ဆိုင်တည်ရှိခြင်း အဓိပ္ပာယ်ပင် ဖြစ်ပါသည်။ အရိယာများသည် ယေဘူယျအားဖြင့် သုံးဆယ့်တစ်ဘုံကြီးအကြောင်းကို သိနားလည်ကြသည်။ တဏှာ မာန ဒိဋ္ဌိ ဦးဆောင်နေသော ရုပ်နာမ်များ သံသရာ၌ နိမ့်တုံ မြင့်တုံ လှည့်လည်ရကြောင်း ကောင်းကောင်း

သိတော်မူကြလေသည်။ ရုပ်နာမ်ကို တဏှာက ဦးစီးလျှင်၊ ရုပ်နာမ်ကို မာနက ဦးစီးလျှင်၊ ရုပ်နာမ်ကို ဒိဋ္ဌိက ဦးစီးလျှင် သံသရာ၌ ခေါင်းအမျိုးမျိုး ကူးပြောင်း၍ ဒုက္ခရုပ်နာမ်အဖြစ် ကျင်လည်ရကြောင်း အဓိပ္ပါယ်ကောင်းကောင်း သိတော်မူကြလေသည်။ ထို့ကြောင့် ရုပ်နာမ်ကို တဏှာက ဦးမစီးစေဘဲ အရိယာဉာဏ်က ဦးစီးစေခြင်း၊ ရုပ်နာမ်ကို မာနက ဦးမစီးစေဘဲ အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့က ဦးစီးစေခြင်း... ရုပ်နာမ်ကို ဒိဋ္ဌိက ဦးမစီးစေဘဲ လောကုတ္တရာ အရိယာဉာဏ်တော်များက ဦးစီးစေခြင်းအမှုပြု၍ နှလုံးသွင်း ဉာဏ်ယှဉ် ဆင်ခြင်နိုင်ကြလေသည်။ အရိယာများ၏ ဉာဏ်တော်ဂုဏ်ရည်များအကြောင်းကို စာဖွဲ့လျှင် ကုန်နိုင်မည်မဟုတ်ချေ။ စာဖတ်သူများ စိတ်ဝင်စားနိုင်ရန် အမြည်းမျှသာ ဖော်ပြ ရှင်းလင်းရေးသားရခြင်းဖြစ်ပါသည်။ စာရေးသူအား တစ်ချိန်က "ကမ္ဘာ့သိပ္ပံပညာရှင်များသည် အရိယာမဖြစ်နိုင်ကြပါသလော" ဟု စစ်ကြောမေးမြန်းကြပါသည်။ စာရေးသူက မဖြစ်နိုင်ကြောင်း ၄င်းတို့၌

www.burmeseclassic.com



အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ် လောကုတ္တရာဉာဏ်မရှိကြောင်း၊ ထို့အပြင် ၄င်းတို့သည် သရဏဂုဏ်သုံးပါး မတည်ကြကြောင်း၊ ထို့ကြောင့် အရိယာဘယ်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း အဖြေပေးခဲ့ဘူးပါသည်။ မေးမြန်းကြသူများသည် အိုင်စတိုင်းတို့ ဒီရက်စ်တို့ကို ရည်ညွှန်းလိုပုံရပါသည်။ အိုင်စတိုင်းတို့မဆိုထားနှင့် ယခုခေတ် အိုင်စတိုင်းထက် ပိုသိသော ပိုတတ်သော ပိုနားလည်သော ပိုတော်သော သိပ္ပံပညာရှင်များ ပေါ်ထွန်းနေရာ ၄င်းတို့သည်လည်း အိုင်စတိုင်းတို့ကဲ့သို့ပင် အရိယာမဖြစ်နိုင်ကြောင်း ထင်ရှားလှပါသည်။ အဓိကအချက်မှာ ဘုရား တရား သံဃာ သရဏဂုဏ်သုံးပါး မတည်မှု၍ လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မပိုင်ဆိုင်သောကြောင့် ဖြစ်ပါသည်။ စာရေးသူအား လောကုတ္တရာရေးရာ အဆုံးအဖြတ် အယူအဆတွေက ပိုင်လှနိုင်လှ သည်လားဟု အောင်းမေ့ခဲ့သည်ရှိသော် ဆရာကောင်း သမားကောင်းများက သေသေချာချာ ဂ ဃ န ဏ သင်ပြချီးမြှင့်တော်မူခြင်း ခံရလို့ပါဟူ၍သာ ယူဆလိုက်စေလိုပါသည်။ အမှန်

BURMESE CLASSIC .com

www.burmeseclassic.com



ဖော်ပြရလျှင်မူ ယခုထက် ခက်ခဲ နက်နဲသော အပိုင်းများ၌ပင် ရဲရင့်သော အဆုံးအဖြတ်များ ပြုပေးနိုင်ပါသည်။ ဤကား အခြေအနေမှန်ကို တင်ပြခြင်းသာ ဖြစ်ပါသည်။

တစ်ပါးသူများ၏ သီးခြားကိစ္စများကို စပ်စုဝင်ရောက် ဆုံးဖြတ်တတ်သောအလေ့ မိမိ၌မရှိပါ။ စာဖတ်သူတို့ကို မိမိအနေနှင့် ရင်ဖွင့်ပြခြင်းမျှသာ ဖြစ်ပါသည်။ အမှန်တော့မူ လက်တွေ့ကျင့်ကြံအားထုတ် ပေါက်မြောက်တော်မူသွားသော ဆရာကောင်း ဆရာမြတ်တို့၏ အဆုံးအမရရှိသူ တပည့်များသာ တတ်နိုင်ကောင်းသော သဘောထား သဘာဝတရားများပင် ဖြစ်ပါသည်။ အကျင့်ကောင်း အကျင့်မြတ်တို့နှင့် ပြည့်စုံသူ သူတော်ကောင်းများကသာ လက်ဆင့်ကမ်း လမ်းညွှန်ဆုံးမတော်မူနိုင်ရိုး ဖြစ်ပါသည်။ စာရေးသူ ကံကောင်းသည်မှာ အဆိုပါ ဆရာကောင်း ဆရာမြတ်များထံ ချဉ်းကပ်မှီခို ပညာယူခွင့်ရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ဤတွင် အခန်း (၁) နိဂုံးချုပ်ပါသည်။ အခန်း (၁)၌

www.burmeseclassic.com



ဖော်ပြခဲ့သော သိပ္ပံဆိုင်ရာအကြောင်းအရာများကို MAX BORN ရေးသားခဲ့သော EXPERIMENT AND THEORY IN PHYSICS စာအုပ်နှင့် NATURAL PHILOSOPHY OF CAUSE AND CHANCE တို့ကို မှီငြမ်းပြန်ပါသည်။

♦ ♦ ♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၂)
# REICHENBACH
# ရှိုက်ခင်းဘတ် နှင့် ပတ်သက်၍ ...

သိပ္ပံမှသည် သစ္စာဆီသို့ အခန်း (၁)၌ သိပ္ပံပညာရှင် **MAX BORN** ကို အခြေပြုခဲ့ပါသည်။ ယခု အခန်း (၂)တွင် သဘောတရား ရူပဗေဒနှင့် သိပ္ပံဒဿနပညာရှင် **HANS REICHENBACH** ကို အခြေပြု၍ ရေးသားတင်ဆက်ပါသည်။ **REICHENBACH** သည် ဖြစ်တန်ရာခြေရှိမှုနှင့် ကြောင်းကျိုးဆက်နွယ်မှုပညာကို အထူးဝင်စားခဲ့လေသည်။ သူသည် အချိန်ကို လေ့လာကြည့်ရာ အချိန်ဟူသည် ကြောင်းကျိုး

BURMESE CLASSIC .com

www.burmeseclassic.com



ဆက်နွယ်မှုပညာပေါ်၌ တည်မှီနေကြောင်း ကောက်ချက်ချခဲ့လေသည်။ အနာဂတ်သည် အတိတ်ကဲ့သို့ပင် ပြဋ္ဌာန်းပြီးဖြစ်လျှင် ပစ္စုပ္ပန်သည် ဘာတစ်ခုမှ အသစ်တည်ထွင် ဖန်တီးလုပ်ဆောင်စရာ မလိုတော့ချေ။

**IF THE FUTURE IS AS DETERMINED AS THE PAST, THE PRESENT CANNOT CREAT ANYTHING NEW....**

ဟု ဆိုခဲ့လေသည်။ ၄င်းပြင် အချိန်ကို မရပ်တန့်နိုင်သေးသမျှ သေခြင်းတရားမှ မလွတ်မြောက်နိုင်ဟု ဆိုခဲ့လေသည်။

**THE COMING OF DEATH IS THE INESCAPABLE RESULT OF THE IRREVERSIBLE FLOW OF TIME....**

ထို့ပြင် ဖြစ်ရပ်တို့သည် ပြုပြင်မရတော့သော အတိတ်မှသည် မသိမြင်အပ်တော့ပေ။ ပြည့်ပြည့်စုံစုံ သိထားခြင်းငှာ မစွမ်းနိုင်သော အနာဂါတ်ဆီသို့ ရွေ့လျားနေကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com



**EVENTS THAT FLOWS FROM THE UNCHANGEABLE PAST TO UNKNOWABLE FUTURE....**

ဟု ဆိုခဲ့လေသည်။

အဆိုပါ သဘောတရားရေးရာ ရူပဗေဒပညာရှင် **REICHENBACH** ၏ အယူအဆ တင်ပြချက်များသည် ဗုဒ္ဓဝါဒနှင့် အနီးကပ်ဆက်စပ်နီးနွယ်လျက် ရှိလေသည်။ သူသည် အရာရာ၏ မမြဲသောသဘော ပြောင်းလဲအပ်ပုံတို့ကို အကြမ်းဖျင်းအားဖြင့်တော့ သိနားလည်ခဲ့ပုံရလေသည်။ ဗုဒ္ဓဘာသာက တော့မူ စကြာဝဠာထဲမှ ဖြစ်ရပ်ကို အသာထား၍ မိမိရင်ထဲမှ ဖြစ်ရပ်များ၏ မမြဲပုံအသေးစိတ်ကို သိနားလည်အပ်ကြောင်း အဆုံးအမ ရှိလေသည်။ မမြဲခြင်းသည် မပိုင်ခြင်းပင် ဖြစ်လေသည်။ ဒုက္ခတရား၏ မတည်မြဲပုံမှာ မပိုင်ဆိုင်သောကြောင့် ဖြစ်လေသည်။ ဗုဒ္ဓဝါဒတော်သည် မိမိကိုယ်ကို အတွင်းလှည့်၍ ရှုသတ်ဆင်ခြင်ရသော သဘောရှိလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အနောက်တိုင်းအဆိုမှာ–“သင်သည် တစ်ခုတည်းသော မြစ်ထဲသို့ ရေနှစ်ကြိမ်ဆင်းမချိုးနိုင်။ အဘယ့်ကြောင့်ဆိုသော် ဒုတိယအကြိမ်ချိုးသောအခါ ရေတို့သည် အထက်မှအောက်သို့ စီးဆင်းသွားပြီ ဖြစ်သောကြောင့်တည်း” ထို့အတူ “ထွက်လာသော နေမင်းတိုင်းသည် အသစ်ဖြစ်၏” ဟု အဆိုရှိကြသည်။ အနိစ္စ၏ အကြမ်းစား သင်္ကေတများပေတည်း။

ဤနေရာ၌ အကြောင်းတရားတစ်ခုကို သတိရ၍ ရေးသားဖော်ပြပါမည်။ အချို့သော ဗုဒ္ဓဘာသာစာအုပ်များ၌ အနိစ္စနှင့် ဒုက္ခတရားများကို မြတ်စွာဘုရားမပွင့်မီကပင် သိနားလည်ကြပြီးဖြစ်သည်။ အနတ္တ လက္ခဏာကိုသာ မြတ်စွာဘုရားပွင့်တော်မူပြီးမှ သိလာရခြင်း ဖြစ်သည်ဟု ဖော်ပြကြသည်။ အမှန်မှာ မြတ်စွာဘုရားမပွင့်မီက အနိစ္စ ဒုက္ခသိသည်ဆိုလျှင် အကြမ်းစားမျှသာ ဖြစ်ပါမည်။ ဥပမာ ဒုက္ခ ဒုက္ခမျှလောက်ကိုသာ အကြမ်းစားဖြင့် သိချင်သိမည် သင်္ခါရ ဒုက္ခကိုမူ သိမြင်နိုင်လိမ့်မည် မဟုတ်ချေ။ ထို့အတူ အကြမ်းစား အကျဲစားအနိစ္စကို သိချင်

BURMESE CLASSIC .com

www.burmeseclassic.com



သိမည်။ ဥပမာ– အိုးကွဲ ခွက်ကွဲ ပန်းကန်ကွဲ စသည့် အနိစ္စမျိုး ဖြစ်ပေလိမ့်မည်။ မြတ်စွာဘုရား ဟောတော်မူသော အနုစိတ် အနိစ္စကိုမူ အရိယာဉာဏ်အမြင်မရှိသူတို့ မသိနိုင်ကြပါ။ လောကုတ္တရာဉာဏ်အမြင်ရှိမှသာလျှင် အနုစား အနိစ္စကို သိမြင်နိုင်ပါလိမ့်မည်။ ထို့ကြောင့် လက္ခဏာသုံးပါးစလုံးသည် မြတ်စွာဘုရား ပွင့်တော်မူမှသာ မြတ်စွာဘုရားဟောတော်မူသဖြင့် သိနားလည်ရခြင်း ဖြစ်ပါသည်။ ဤကား အကြောင်းတိုက်ဆိုင်၍ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

REICHENBACH သည် သိပ္ပံပညာရပ်က ကြောင်းကျိုးဆက်နွယ်မှုပညာကို လက်ခံကြောင်း ဖော်ပြခဲ့သည်။ "SCIENCE HAS ACCEPTED THE UNIVERSAL VALIDITY OF CAUSALITY....." ဟု ဆိုခဲ့သည်။

လူတို့၏ လွတ်လပ်မှုနှင့် ပတ်သက်၍မူ "HOW CAN HUMAN ACTION BE MORALLYEVALUATED IF IT IS NOT FREE .....? ဟူ၍ တင်ပြခဲ့သည်။ လူသည်

BURMESE CLASSIC .com

www.burmeseclassic.com



လွတ်လပ်မှုမရှိပါဟု ဆိုလာလျှင် လူ့အပြုအမူ၏ ကိုယ်ကျင့်တရား တန်ဖိုးများကို မည်သို့ အဆုံးအဖြတ် ပြုရပါမည်နည်း? ဟု အဆိုပြုခဲ့သည်။ အတိတ်နှင့် အနာဂါတ် ခြားနားချက်အတွက်မူ-

"THE UNCHANGEABLE AND THE REALM OF WHAT WE HOPE CAN BE CHANGED....."

ဟူ၍ ဖွင့်ဆိုခဲ့သည်။ "အတိတ်နှင့် အနာဂါတ်၏ ခြားနားမှုနှင့် ပတ်သက်၍ အတိတ်ဟူသည် မပြုပြင်နိုင်တော့သည့် သဘောဆောင်စဉ်၌ အနာဂါတ်သည် အတော်အသင့် ဖြစ်စေပြုပြင်နိုင်ရန် မျှော်လင့်စကောင်းသည်"ဟု အနက်ဖွင့်နိုင်လေသည်။

ဗုဒ္ဓဘာသာအရမှာမူ- လူတစ်ဦးတစ်ယောက်သည် နိဗ္ဗာန်သို့ အပြီးအပိုင် မစံမြန်းရမချင်း ကံသည် အရိပ်ပမာ နောက်မှ လိုက်လာသည်။ ပေါ့သောကံနှင့် လေးသောကံဟူ၍သာ ခြားနားသည်။ အတိတ်က ကောင်းမှု ဆိုးမှု လုပ်ရပ်တို့သည်

BURMESE CLASSIC .com

www.burmeseclassic.com



အနာဂါတ်၌ အရိပ်ပမာ ကပ်လိုက်ပါသည်။ ထို့ကြောင့် ကောင်းမှုများများ လုပ်ထားရန် လိုအပ်သည်ဟု အဓိပ္ပါယ်ရလေသည်။ “ဝဋ်အမြဲ ငရဲအပ” ဆိုသကဲ့သို့ ပေါ့သောကံနှင့် လေးသောကံမတူညီဘဲ အချို့သော ပေါ့သောကံများမှာ အကြောင်းအမျိုးမျိုးကြောင့် ပ,လပ်သွားနိုင်သော်လည်း လေးသောကံမှာမူ မလွဲမသွေအကျိုးပေးတတ်ကြောင်း သိနားလည်ရလေသည်။ နိဗ္ဗာန်သို့ အပြီးအပိုင် စံမြန်းပြီးမှသာ ကံအားလုံး ချုပ်ဆုံးသွားမည်ဖြစ်လေသည်။ ထိုအခါ ကံ၏ အကျိုးပေးရာ ရုပ်နာမ်ဟူသည်မှာလည်း မရှိတော့ချေ။ အဟောင်းရုပ်နာမ်လည်း ချုပ်ပြီးပြီ။ အသစ်ရုပ်နာမ်လည်း ဖြစ်ပေါ် မလာတော့ချေ။ ရုပ်နာမ်လည်း ချုပ်ငြိမ်း ကံလည်းကုန်ဆုံးသွားရလေသည်။ ထိုအခါ အားလုံး ကိစ္စပြီးစီးသွားလေတော့သည်။ သံသရာမှ လွတ်မြောက်သွားရလေတော့သည်။ ဒုက္ခမှ ကျွတ်လွတ်သွားရလေတော့သည်။ ဝဋ်ဆင်းရဲလည်း မရှိတော့ချေ။ ရုပ်နာမ်ဆိုင်ရာ လောကခံ အားလုံးမှ အပြီးအပိုင် ကျွတ်လွတ်သွားရတော့သည်သာတည်း။ ။

BURMESE CLASSIC .com

www.burmeseclassic.com



REICHENBACH သည် အချိန်အကြောင်းကိုလည်း အထူးစိတ်ဝင်စားခဲ့သည်။ အချို့သော အချက်အလက်များကို စာရေးသူ၏ အချိန်ဒဿန စာအုပ်၌ အနည်းငယ် ဖော်ပြခဲ့ဘူးပါသည်။ အချိန်အကြောင်း REICHENBACH ဖော်ပြခဲ့သည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အချိန်ဟူသည် အတိတ်မှ အနာဂါတ်သို့ တွားသွားနေသည်။

"TIME GOES FROM THE PAST TO THE FUTURE ...."

အနက်အဓိပ္ပါယ်မှာ အချိန်ရေစီးကို ဖော်ပြလိုခြင်းဖြစ်သည်။ အချိန်သည် ဖြစ်ပေါ်လာနေခြင်း၏ အနှစ်ချုပ် ဖြစ်သည်။ အချိန်သည် ရပ်တန့်နေသော အသေကောင်မဟုတ် လှုပ်ရှားနေမှုကို သရုပ်ဆောင်သည်။ လူသည်အချိန်ကို မဟန့်တားနိုင်ကြောင်း ဝန်ခံရသည်သာ ဖြစ်သည်။ ထို့ကြောင့် ရုပ်နာမ်များအတို့ အချိန်ဟူသည် ဓမ္မဒိဋ္ဌာန်ကျကျ စီးဆင်း ရွေ့လျားနေ

BURMESE CLASSIC .com

www.burmeseclassic.com



သည်ဟု လက်ခံရသည်။ တစ်နည်းအားဖြင့် ဓမ္မဒိဋ္ဌာန်ကျစွာ စီးဆင်းနေသော အချိန်ရေစီးကြောင်း ဖြစ်သည်။

၂။ အတိတ်နှင့် အနာဂါတ်တို့ကို ပိုင်းဖြတ်ထားနိုင်ခြင်းသည် ယခုဟူသော ပစ္စုပ္ပန်၏ စွမ်းရည်ပင်ဖြစ်သည်။

**THE PRESENT, WHICH DIVIDES THE PAST FROM FUTURE, IS NOW...**

ပစ္စုပ္ပန်သည် အတိတ်နှင့် အနာဂတ်ကို စီးခြားထားသည်။ ၄င်းစီးကို ယခုဟုခေါ်သည်။

သိပ္ပံနှင့် ယခုသည် အဓိပ္ပါယ်တူသကဲ့သို့ ရှိသည်။ ယခုသည် ယခင်မဖြစ်နိုင်တော့သော်လည်း အချိန်ပေါင်းများစွာ၏ ကိုယ်စားလှယ်တော်ကြီးကဲ့သို့ ဖြစ်နေလေရာ အချိန်၏ ယေဘူယျနာမ်ကဲ့သို့ ရှိနေလေသည်။

၃။ အတိတ်ဟူသည် ပြန်မလာတော့ပါ။

**THE PAST NEVER COMESBACK ...**

အချိန်သည် မျဉ်းဖြောင့်တစ်တန်းတည်းကဲ့သို့ ရှေ့ဘက်

BURMESE CLASSIC .com

www.burmeseclassic.com



သွားနေရာ ဆုံးစမမြင်စရာ အတိတ်ဆီမှ ဆုံးစမမြင်နိုင်စရာ အနာဂါတ်ဆီသို့ ကြောင့်ကျမဲ့ ချီတက်နေလေသည်။

၄။ အတိတ်ကို မပြုပြင်နိုင်ပါ။ သို့သော် အနာဂါတ်ကို အနည်းငယ် ပြောင်းလဲစေနိုင်ပါသည်။

**WE CANNOT CHANGE THE PAST, BUT WECAN CHANGE THE FUTRUE ....**

ပထမပိုင်းအဆိုက ရှင်းပါသည်။ ဒုတိယပိုင်းမှာမူ ဖွင့်ဆိုရန် အနည်းငယ်ရှိပါသည်။ အနာဂါတ်ကို ပြုပြင်နိုင်သည် ဆိုသော်လည်း အကန့်အသတ်တော့ ရှိပါသည်။

လမ်းသွားရာ၌ ကားကို လိုအပ်သလို ထိန်းချုပ်နိုင်သော်လည်း ရာသီဥတုများ မြေလျှင်လှုပ်ရှားမှုများ စကြာဝဠာ ဖြစ်ရပ်များကိုမူ ကျွန်ုပ်တို့ မထိန်းချုပ်နိုင်ပါ။ အနာဂါတ်နှင့် ပတ်သက်သော ဖြစ်ရပ်အချို့ကိုမူ ကျွန်ုပ်တို့ ထိန်းချုပ်နိုင်သည် ဆိုသော်လည်း အတိတ်နှင့်ပတ်သက်၍မူ တစ်စုံတစ်ခုမှ မပြောင်းလဲနိုင်တော့ပါ။ တစ်နည်းအားဖြင့် အတိတ်သည်

BURMESE CLASSIC .com

www.burmeseclassic.com



သိခဲ့ရပြီ- အနာဂါတ်မှာမူ မသိရသေးပါဟူ၍ ဖွင့်ဆိုနိုင်ပါသည်။ သို့သော်- အတိတ်ဖြစ်ရပ်တိုင်းကိုမူ သိခဲ့ရပြီဟု မကြွေးကြော်နိုင်သကဲ့သို့ အနာဂါတ်ဖြစ်ရပ်များနှင့် ပတ်သက်၍လည်း ကြိုတင်ဟောပြောနိုင်ချက်များ ရှိနေပါသည်။ ထို့ကြောင့်လည်း သိပြီးသမျှအတိတ်မသိရသေးသမျှ အနာဂါတ်ဟု အရာရာ အတွက် ပုံသေကားကျ ပြောရန်မူ မဖြစ်နိုင်ပါ။

အတိတ်အတွက် မှတ်တမ်းရှိနိုင်ရာ ထိုမှတ်တမ်းကို အမှီပြု၍ သုတေသနပြုလုပ်နိုင်ပါသည်။ အသိ ပညာရှာဖွေနိုင်ပါသည်။ အနာဂါတ်၏ မှတ်တမ်းဟူသည်မှာ မဖြစ်နိုင်ပါ။ ဤအချက်မှာ ခြားနားနေပါသည်။ အနာဂါတ်ကို ကြိုပြောရာ၌ အကြောင်းခံတရားများ ပြည့်စုံလုံလောက်စွာ သိနားလည်ရန်လိုအပ်ပါသည်။ အတိတ်ကိစ္စမှာမူ မှတ်တမ်းများရှိနေသဖြင့် အကျိုးတရားဆိုင်ရာ မှတ်ရာမှတ်တမ်းများဖြင့် လေ့လာနိုင်ပါသည်။

www.burmeseclassic.com



၅။ ကျွန်ုပ်တို့သည် အတိတ်၏ မှတ်တမ်းများ ရရှိနိုင်သည်။ သို့သော် အနာဂါတ်၏ မှတ်တမ်းများဟူ၍ မရရှိနိုင်ပါ။

**WE CAN HAVE RECORDS OF THE PAST, BUTNOT OF THE FUTURE...**

အတိတ်သည် ဖြစ်ခဲ့ပြီးပြီဖြစ်၍ ၎င်း၏အကျိုးသက်ရောက်မှု မှတ်တမ်းများ ရရှိနိုင်လေသည်။ ဖြစ်ပြီးသား ဖြစ်ရပ်တို့၏ မှတ်တမ်းဟူသည် အခိုင်အမာရှိလေသည်။ မဖြစ်ရသေးသော အနာဂါတ်ဖြစ်ရပ်များ၏ မှတ်တမ်းဟု အနက်မထင်နိုင်ချေ။ အတိတ်သည် ဘာဟုသတ်မှတ်ပြီးပြီ ... အနာဂါတ်ဟူသည် မသတ်မှတ်ရသေးပါ။

**THE PAST IS DETERMINED; THE FUTURE IS UNDETERMINED...**

အတိတ်သည် ဖြစ်ရပ်များကို ထုတ်လွှင့်ပြီးဖြစ်သည်။ အနာဂါတ်သည် ထိုသို့မဟုတ်ချေ။ မကြေငြာရသေးပါ။ ကြေငြာပြီးသား အတိတ်ဖြစ်စဉ်ကိုမူ မပြုပြင်နိုင်တော့ပါ။ ထုတ်လွှင့်ပြီး

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်နေပါပြီ။

အချုပ်အားဖြင့် ရှင်းလင်းခြင်းဆိုသည်မှာ ရှုတ်ထွေးဝိုးဝါးသော စကားလုံးနေရာ၌ ရှင်းလင်းပြတ်သားသော အဓိပ္ပါယ်ပေါ်သည့်စကားလုံးကို အစားထိုးရခြင်း ဖြစ်လေသည်။ အချိန်အကြောင်းကို ရှင်းလင်းဖော်ပြရာ၌ ထို့အတူပင် ရှုတ်ထွေးဝိုးဝါးသော စကားလုံးအစား ရှင်းလင်းတိကျသော စကားလုံးကို အစားထိုး ဖော်ပြနိုင်ရမည်သာ ဖြစ်လေသည်။

အထက်ပါဖော်ပြချက်တို့မှာ REICHENBACH ၏ တင်ပြချက်များ ဖြစ်လေသည်။ ဗုဒ္ဓဝါဒမှာမူ အချိန်မှ လွတ်မြောက်လိုလျှင် နိဗ္ဗာန်စံဝင်ရန် ဖြစ်လေသည်။ ယင်းကို ကာလသုံးပါးတို့မှ လွတ်မြောက်ခြင်းမည်သည်။ ရုပ်နာမ်နှင့်နေသမျှ ကာလပတ်လုံး လူသည် အချိန်မှ မလွတ်မြောက်နိုင်။ ရုပ်နာမ်ကိုယ်တိုင် အချိန်၏ သားကောင်ဖြစ်နေလေသည်။ ထို့ကြောင့် အချိန်မှ လွတ်မြောက်နိုင်ရန် ရုပ်နာမ်မှ လွတ်မြောက်ရန် လိုအပ်ပေသည်။ ယင်းအချက်မှာ နိဗ္ဗာန်စံဝင်ရန်

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်လေသည်။

ဤနေရာ၌ စာဖတ်သူစိတ်ဝင်စားလျှင် ရုပ်နာမ်ချုပ်သည်ဆိုခြင်းနှင့် နိဗ္ဗာန်စံဝင်ခြင်းအကြောင်းကို အနည်းငယ် ဖော်ပြပါမည်။

နိဗ္ဗာန်စံဝင်ရာ၌ နှစ်မျိုးရှိလေသည်။ တစ်မျိုးမှာ ရဟန္တာတို့ ခန္ဓာ အပြီးအပိုင် ချုပ်ငြိမ်းပြီး ခန္ဓာ ဆိတ်သုဉ်းသွားပြီး စံဝင်သော နိဗ္ဗာန်၊ ၄င်းကို အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်သည်။ နောက်ထပ် ရုပ်နာမ်ပြန်မဖြစ်တော့ပေ။ အခြားတစ်မျိုးမှာ နိဗ္ဗာန်ကိုဝင်သော်လည်း ရုပ်နာမ်အပြီးချုပ်ဆုံးသေးသည်မဟုတ်၊ ရုပ်နာမ်ကျန်သေးသော်လည်း နိဗ္ဗာန်၌သာ ဝင်စားမျက်မှောက်ပြုနေခြင်း ဖြစ်သည်။ ၄င်းမှာ သဉပါဒိသေသနိဗ္ဗာန်ဟု ခေါ်သည်။ ပထမတစ်မျိုးမှာ လုံးဝပြီးစီးသွားခြင်း ဖြစ်သည်။ ဒုတိယ အမျိုးအစားမှာ ရဟန္တာဖြစ်ပြီး၍ နောက်ဘဝမရှိတော့သော်လည်း သည်ဘဝခန္ဓာ လုံးလုံးလျားလျား မချုပ်ငြိမ်းသေးဘဲ ရုပ်နာမ်ခန္ဓာ အသက် ရှင်သန်နေခြင်းမျိုးဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



တရားဝင်စားရာ၌ မျက်မှောက်ပြုခြင်း၊ မျက်ကွယ်ပြုခြင်းဟူ၍ နှစ်မျိုးရှိသည်။ အကြင်အရိယာသည် သုံးဆယ့်တစ်ဘုံကိုလည်းကောင်း၊ ရုပ်နာမ်ခန္ဓာကိုလည်းကောင်း မျက်ကွယ်ပြု၍ နိဗ္ဗာန်ကိုသာ မိမိ၏ အရိယာ ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုသည်ရှိသော် နိဗ္ဗာန်၏ ချမ်းသာပုံကို မိမိ၏ အရိယာဉာဏ်တို့ဖြင့် ထိုးထွင်း သိအပ်လေသည်။ ထိုအခါ နိဗ္ဗာန်၏ ဂုဏ်ရည်များကို ဝင်စားနိုင်လေသည်။

နိဗ္ဗာန်သည် ရဟန္တာတို့၏ လားရာဝင်စားရာ မျက်မှောက်ပြုရာဟု အဆိုရှိရာ နိဗ္ဗာန်၏ ချမ်းသာမှုကို အရိယာဉာဏ်တော် လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ် တို့သည် မကြာခဏ ဝင်စားလေ့ရှိတော်မူကြပေလိမ့်မည်။ ထို့ကြောင့် သမုဒ္ဒရာသည် မြစ်ချောင်းတို့၏ စီးဝင်မှုရေကို မရောင့်ရဲသကဲ့သို့ အရိယာတို့သည် နိဗ္ဗာန်မျက်မှောက်ပြုဝင်စားရာ၌ မရောင့်ရဲကြချေ။ ကြာမျိုးငါးပါးပြည့်စုံသော ရေကန်၊ ရေအိုင်တို့၌ ဟင်္သာများ နှစ်ခြိုက်သကဲ့သို့ အရိယာဉာဏ်တော်တို့သည် နိဗ္ဗာန်သို့

BURMESE CLASSIC .com

www.burmeseclassic.com



မျက်မှောက် ပြုလိုကြသည်ဟု အဆိုရှိလေသည်။

စာဖတ်သူ စိတ်မဝင်စားသေးပါက လောင်စာသိမ်း၍ မီးငြိမ်းရခြင်းသဘောကို အနည်းငယ်ရှင်းပြပါဦးမည်။ မီးတောက်နေသည် ဆိုပါစို့၊ လောင်စာရှိ၍ မီးတောက်နေခြင်း ဖြစ်သည်။ မီးတောက်ကို အလိုမရှိတော့သဖြင့် လောင်စာထပ်မထည့်ဘူး ဆိုပါစို့၊ လောင်စာသည် မီးတောက်ကို ဖြစ်စေသည်ဟု သိနားလည်သွားခဲ့ပြီဆိုပါစို့၊ မီးတောက်သည် တဖြည်းဖြည်း ငြိမ်းသွားပေလိမ့်မည်။ အဟောင်းလောင်စာသည်လည်း မီးစား၍ ပြာဖြစ်သွားပြီ၊ ကုန်ပြီ၊ အသစ်လောင်စာလည်း မထည့်တော့ပြီ၊ ထိုအခါ မီးသည် ဆက်လောင်စရာ မရှိတော့။ ထို့အတူပင် ရုပ်နာမ်ဟူသည် တဏှာ၊ မာန၊ ဒိဋ္ဌိကြောင့် ဖြစ်ရသည်။ ရုပ်နာမ် ခန္ဓာမီးတောက်ကို မကြိုက်၊ မုန်းသည်။ ထို့ကြောင့် တဏှာ မာန ဒိဋ္ဌိကို သတ်သည်။ လောင်စာ ထပ်မထည့်တော့၊ တဏှာ ပေါ်လာတိုင်းသတ်၊ ဒိဋ္ဌိ ပေါ်လာတိုင်းသတ်၊ မာန ပေါ်လာတိုင်းသတ်၊ သတ်ဆိုသည်မှာ အလိုမလိုက်ဘဲ အပျက်ရှုခြင်းဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ကြာသော် အောင်မြင်သော် အကြောင်းကို သတ်သဖြင့် အကျိုး သေသွားသည်။

သမုဒယပါယ်တော့ ဒုက္ခသေသွားသည်။ လောင်စာ သိမ်းသော် မီးငြိမ်သွားသည်။ အဟောင်းခန္ဓာလည်း ပျက်စီးသွား သည်။ အသစ်ခန္ဓာလည်း ပြန်မဖြစ်တော့။ ထိုအခါ ခန္ဓာနိဗ္ဗာန်ဖြစ်သည်။ အအေးဓာတ်သို့ ဆိုက်ရောက်သွားခြင်း ဖြစ် သည်။ ၄င်းကို လောင်စာသိမ်း၍ မီးငြိမ်းသည်။ ခန္ဓာဇာတ်သိမ်း မီးငြိမ်းရာအမှန်ကို ပြည်နိဗ္ဗာန်ဖြစ်သည်။ ဝင်စားကြည့်ပါလေ။

REICHENBACH ၏ အမြင်အချို့ကို ဆက်လက် တင်ပြပါဦးမည်။ ဥပမာ- ရိုက်ခင်းဘတ်သည် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

**THIS IS A MACROSTATE OF EQUILIBRIUM WHICH REMAINS UNCHANGED WHILE ITS MICROSTATES CHANGE CONTINUALLY....**

BURMESE CLASSIC .com

www.burmeseclassic.com



အခိပ္ပါယ်မှာ အခြေခံအမှုန်များအတွင်း၌ လှုပ်ရှား ပြောင်းနေသော်လည်း ၄င်းတို့ပြင် တည်ဆောက်အပ်သော ပြင်ပထုထယ်ကြီးမှာ တည်တံ့မြဲခိုင်နေသကဲ့သို့ ရှိသည်ဟူ၍ ဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ ဗုဒ္ဓဝါဒ သစ္စဝါဒီ ရှုဒေါင့်မှ ဖော်ပြရသော် ဉာဏ်ပညာကြီးမားနက်ရှိုင်းလေ အသေးစိပ် အနုစိပ်ကို မြင်လေ ဟူ၍ဖြစ်သည်။ ဉာဏ်ပညာ နုံသူသည် အကြမ်းစား အကြမ်းဖျင်းကိုသာ သိမြင်သည်။ အနုစိပ်မြင်ခြင်းနှင့် အပေါ်ရံ အကြမ်းဖျင်း မြင်ခြင်းတို့သည် ပုဂ္ဂိုလ်အသီးသီးတို့၏ ပညာ အမြော်အမြင်အင်အားကို ဖော်ပြသကဲ့သို့ရှိသည်။ သစ္စာ ဝါဒီ ယောဂီဉာဏ်ကောင်းသူသည် တဏှာ၊ မာ၊ ဒိဋ္ဌိ အသေးစားမှစ၍ မြင်သည်။ ဉာဏ်မကောင်းသူသည် တဏှာ၊ မာန၊ ဒိဋ္ဌိအားကြီးကြီး အကောင်အထည်ပေါ်လာတော့မှ သိမြင် သည်။ ဤသို့ ကွာခြားသော်လည်း စာဖတ်သူသည် တဏှာ၊ မာန၊ ဒိဋ္ဌိကို အသေးစိပ်မှ စတင်သိမြင်လျှင် သင်သည် ပညာ

BURMESE CLASSIC .com

www.burmeseclassic.com



ဉာဏ်အားကောင်းပြီဟု မှတ်ယူနိုင်ပါသည်။

စာဖတ်သူသည် သစ္စာအမြင်ဉာဏ် ကြီးမားခြင်းကို စိတ်ဝင်စားပါက ဤနေရာတွင် အနည်းငယ် ရေးသားဖော်ပြပါမည်။ ရှေးဦးစွာ သစ္စာအမြင်ဉာဏ် ကြီးမားမှု ရည်ရွယ်ချက်အတွက် စိတ်ရှည်မည်ဟု သတ်မှတ်ထားစေလိုပါသည်။ ထို့နောက် ရင်ထဲမှာပေါ်လာသော တဏှာစိတ်ကိုဖြစ်စေ··· သတိယှဉ်၍ တရားဆင်ခြင်လိုက်ပါ။ ဒါတွေဟာ သစ္စာရှုဒေါင့်ကကြည့်လျှင် ဒုက္ခသစ္စာပဲဟု သတ်မှတ်ဆုံးဖြတ် နားလည်လိုက်ပါ။ ထို့အတူ မာနစိတ်ဝင်လာလျှင် သို့မဟုတ် ဒိဋ္ဌိဝင်လာလျှင် ဒုက္ခသစ္စာတွေပဲဟု ကောက်ချက်ချလိုက်ပါ။ ထို့နောက် ဤမည်သော ဒုက္ခသစ္စာတို့သည် အနိစ္စလက္ခဏာ ရှိကြသည်။ အပျက်တရားများမျှသာဟု သဘောပေါက်လိုက်ပါ။ ဤသို့နေ့စဉ်ကျင့်သုံး နှလုံးသွင်းကြည့်ပါက မကြာမီ ဉာဏ်ပညာအမြော်အမြင်များ ထက်မြက်နက်ရှိုင်း ကြီးမားအောင်မြင်သူသစ္စာရှင် ဖြစ်မြောက်လာနိုင်ပါသည်။ မလျှော့သောဇွဲနှင့်

BURMESE CLASSIC .com

www.burmeseclassic.com



ကျင့်ကြံကြိုးစားရန်သာ လိုရင်းဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ လောကုတ္တရာဉာဏ် ပညာကြီးရင့်လိုခြင်း ရှိ-မရှိဆိုသည်မှာ စာဖတ်သူ၏ ဆန္ဒအတိုင်း ဖြစ်ပါသည်။ ကြီးရင့်လိုသည်ဖြစ်၍ လေ့ကျင့်မည်ဆိုပါလျှင် အမှန်တကယ် သမာဓိရင့်ကျက်လာနိုင်ပြီး ဉာဏ်ပညာကြီးမား နက်ရှိုင်းလာမည်မှာမုချဧကန် ဆန္ဒနှင့်ဝီရိယ မလျှော့မနားပဲ ကြိုးစားအပ်ပါသည်။

ယခုအခါ **REICHENBACH**၏ ကြောင်းကျိုးဆိုင်ရာ အမြင်ကို တင်ပြပါမည်။ အကြောင်းအကျိုးနှင့် ပတ်သက်၍ ဤသို့ ဖွင့်ဆိုထားပါသည်။

**"THE CAUSE IS THE INTERACTION AT A LOWER END OF THE BRANCH RUN THROUCH BY AN ISOLATED SYSTEM WHICH DISPLAYS ORDER; AND THE STATE OF ORDER IS THE EFFECT...."**

BURMESE CLASSIC .com

www.burmeseclassic.com



အကြောင်းဟူသည် တစ်စုံတစ်ခုသော သက်ရောက်စေမှုပင် ဖြစ်လေသည်။ ထို သက်ရောက်မှု၏ မှတ်တမ်းပေါ်လာပုံမှာ အကျိုးတရားပင် ဖြစ်လေသည်။

ထို့အပြင်

**"THE CAUSE PRODUCES THE EFFECT; BUT SINCE THE CAUSE LEAVES TRACES IN THE EFFECT, IT CAN BE INFERRED FROM ITS EFFECT...."**

ဟူ၍ ဖော်ပြပါသည်။

အဓိပ္ပါယ်မှာ အကြောင်းတရားဟူသည် အကျိုးတရားကို ထုတ်လုပ်ပေးပါသည်။ ထို့ပြင် အကြောင်းတရားသည် အကျိုးတရားထဲ၌ သဲလွန်စများ သွတ်သွင်းခဲ့လေသည်။ တနည်းအားဖြင့် အကျိုးတရားမှလည်း အကြောင်းတရားကို ဆင်ခြင်ထုတ်နှုတ်၍ ရယူနိုင်ပါသည် ဟူ၍ဖြစ်သည်။

တနည်းအားဖြင့် -

BURMESE CLASSIC .com

www.burmeseclassic.com



"THE CAUSE PRODUCES THE EFFECT, THE EFFECT RECORDS THE CAUSE. IF PRODUCING IS REGARDED AS AN ACTIVITY, RECORDING THEREFORE INDICATES PASSIVITY....?

အကြောင်းတရားသည် အကျိုးတရားကို ထုတ်လုပ်သည်။ အကျိုးတရားသည် အကြောင်းတရားကို မှတ်တမ်းပြုသကဲ့သို့ ရှိသည်။ ထုတ်လုပ်မှုဟူသည် စွမ်းဆောင်နိုင်မှုဟု မှတ်ယူပါသော် မှတ်တမ်းဖြစ်ပေါ်မှုသည် လက်ခံ ခံယူမှုဟု ညွှန်းဆိုစရာ ဖြစ်ပါသည်။

ရိုက်ခင်းဘတ်၏ အကြောင်းအကျိုးတရားများသည် သိပ္ပံလွန်စွာ ဆန်လှသော ဒဿနအမြင်များ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ၌လည်း အကြောင်းအကျိုးတရားများ ရှိပါသည်။ သမုဒ္ဒယသည် အကြောင်း၊ ဒုက္ခသည် အကျိုး၊ မဂ်သည် အကြောင်း၊ ဖလသည် အကျိုး၊ အကြောင်းအကျိုးများ ဒွန်တွဲလျက်

BURMESE CLASSIC .com

www.burmeseclassic.com



ရှိပါသည်။ သမုဒ္ဒယလုပ်လျှင် ဒုက္ခရမည်။ မဂ္ဂလုပ်လျှင် နိယောဓရမည်။ လူသည် သာသနာအတွင်း၌ ရွေးချယ်နိုင်ပါသည်။ မဂ္ဂလုပ်လျှင် နိယောဓဆိုက်ရောက်ပါလိမ့်မည်။ မဂ္ဂမလုပ်လျှင် ဒုက္ခရပါမည်။ သမုဒ္ဒယပင် လုပ်စရာမလိုပါ။ အဘယ့်ကြောင့်ဆိုသော် မဂ္ဂမလုပ်နိုင်ခြင်းသည်ပင် သမုဒ္ဒယကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ပုဂ္ဂိုလ်တစ်ဦးအား မဂ္ဂ လုပ်-မလုပ် မေးပါ။ မလုပ်ပါဆိုလျှင် သမုဒ္ဒယအလိုလို လုပ်ဆောင်ပြီးသား ဖြစ်နေပါသည်။ ဒုက္ခရဘို့သာ ရှိပါသည်။ မဂ္ဂလုပ်မည်ဆိုမှသာ ဒုက္ခမှ လွတ်မြောက်နိုင်ပါသည်။ မဂ္ဂလုပ်မည်ဟု မပြဋ္ဌာန်းနိုင်သရွေ့ ဒုက္ခဖြစ်ရန် ပြဋ္ဌာန်းပြီး ဖြစ်ပါကြောင်း ဗုဒ္ဓဝါဒအရ အကြောင်းအကျိုးနှင့် ဆက်စပ်၍ ဖော်ပြအပ်ပါသည်။

သိပ္ပံမှ မသေချာခြင်း နိယာမအပေါ် **REICHENBACH** က အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

BURMESE CLASSIC .com

www.burmeseclassic.com



"....IT DOES NOT DIRECTLY EXCLUDE PREDICTION IN A CONDITIONAL FORM, BUT IT DOES EXCLUDE PREDICTIONS IN AN UNCONDITIONAL FORM . AND PREDICTIONS OF THE LATER KIND ARE THE SUBJECT OF DETERMINISM..."

အဓိပ္ပါယ်မှာ-"မသေချာမှုနိယာမသည် ကြိုတင်ပြော ဖြစ်တန်ရာခြေကို မငြင်းဖျက်ပါ။ တရားသေ ကြိုတင် ပြောဟောကိန်းထုတ်မှုကိုသာ ငြင်းဖျက်ခြင်း ဖြစ်ပါသည်။ တရားသေပြောခြင်းသည် ပြဋ္ဌာန်းခံပါဝါဒပင်ဖြစ်ပါသည်" ဟူ၍ ဖြစ်လေသည်။

ဗုဒ္ဓဘာသာ၌ အနာဂါတ်ဆိုင်ရာ လှေနံဒါးထစ် ပုံသေကားကျ ပြဋ္ဌာန်းခံဝါဒကို လက်မခံချေ။ နပဋ္ဌိကခေ်အနာဂတံဟု ပါလေသည်။ အနာဂါတ်ဖြစ်ရပ်များကို စုပြီးပုံပြီးဟု မယူအပ်ချေ။ ပစ္စုပ္ပန်ကံတို့၏ လုပ်ဆောင်ချက်များ

BURMESE CLASSIC .com

www.burmeseclassic.com



လိုအပ်ပေလိမ့်ဦးမည်။ ပစ္စုပ္ပန်တိုင်း၏ လုပ်ဆောင်ချက်ကံများ သည်လည်း အရေးကြီးနေသေးသည် မဟုတ်ပါလား? ဗုဒ္ဓဝါဒ၌ ပါရမီဖြည့်ဆည်းခြင်းသည် အဓိကဖြစ်လေသည်။ အရာရာသည် ပါရမီပြည့်ဖြိုးမှသာ ဖြစ်နိုင်ပေလိမ့်မည်။ ယင်းသို့ ပြည့်စုံရန် အတွက် ပစ္စုပ္ပန်တို့သည် အရေးကြီးသော သော့ချက်များပေ တည်း။

**HANS REICHENBACH** ၏ အယူအဆများကို ၄င်းရေးသားအပ်သော **"THE DIRECTION OF TIME"** စာအုပ်မှ မှီငြမ်းပြုရယူပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုဖော်ပြသည့် **REICHENBACH** ၏ အယူအဆ များကိုမူ ၄င်းရေးသားခဲ့သော **"THE RISE OF SCIENTIFIC PHILOSOPHY...."** စာအုပ်မှ မှီငြမ်းပြုမည် ဖြစ်ပါသည်။

ဒဿနပညာသည် အတွေးအခေါ်များ ပါဝင်သည် မှန်သော်လည်း သိပ္ပံနည်းစနစ်များကို အခြေပြုခဲ့ကြောင်း ထင်ရှားပါသည်။ ဒဿနပညာရပ်ကို လူနားမလည်အောင်

BURMESE CLASSIC .com

www.burmeseclassic.com



ရေးသားသည် (သို့မဟုတ်) နောက်ဆုံးပေါ် သိပ္ပံနည်းများဖြင့် နှိုင်းယှဉ်ဆက်စပ်၍ မဖြစ်နိုင်ပါဟု ဆိုလာလျှင် ယင်းပြဿနာကို ဖြေရှင်းရန် တာဝန်ယူရမည်မှာ ဒဿနပညာရှင်များဘက်မှ သာလျှင် ဖြစ်ပါသည်။ မိမိကိုယ်ကို ထာဝစဉ်တဝဖန်စိစစ်လေ့ ရှိသော ဒဿနပညာရပ်သည် သိပ္ပံပညာရပ်ကဲ့သို့ပင် စွမ်းရည် ပြောင်းမြောက်ရမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ယခုအခါ အနုပညာရပ်တို့၌ ယုတ္တိနည်းကျ ခွဲခြမ်းစိတ်ဖြာ စီစစ်မှုများ အဓိပ္ပါယ်ရှင်းသန့်ခြင်းများ ထင်ရှားလာပြီဖြစ်ရာ အတွေးမှသည် အတွေ့ဆီသို့ ချည်းနင်းဝင်ရောက်လာခဲ့ပြီဖြစ်ကြောင်း သတင်း ကောင်းပေးနိုင်ပြီ ဖြစ်ပါသည်။

အသိပညာလက်ဆင့်ကမ်းရာ၌ မေးခွန်းများမေးစရာရှိ ပါသည်။ အဓိကမှာ အသိပညာပေးသူသည်-

၁။ ကိုယ်တတ်သည်ကို ပြောလို၍လော

၂။ မိမိဆိုလိုသော သဘောအဓိပ္ပါယ်ကို လွယ်လွယ်ကူကူ ရှင်းရှင်း ဖော်ပြလျှင် ပညာလက်ခံသူတို့

www.burmeseclassic.com



တန်ဖိုးမထားမည်စိုးရ၍ နားမလည်အောင်ပြောခြင်း ရေးခြင်းအမှုကို ပြုလို၍လော-

၃။ လူ့သမိုင်းပညာ လက်ဆင့်ကမ်းရာ၌ နောက်နှောင်းသူငါတို့ လူ့ကောင်းကျိုး ဆောင်နိုင်စေရန်။

တတ်သိနားလည်လွယ်အောင် ကြံဆောင်ပြောကြား ရေးသားရခြင်းလော-

စသည်ဖြင့် မေးခွန်းများ များစွာရှိပါသည်။ အချို့မှာ လူနားမလည်အောင်ပြောမှရေးမှ တန်ဖိုးရှိမည်ဟု မှတ်တင်နေကြပုံရလေသည်။ ယင်းအချက်မှာ ဤခေတ်နှင့် လိုက်လျောညီထွေ ကိုက်ညီမှုမရှိနိုင်တော့ချေ။

အချို့ကလည်း မတရားသဖြင့် ဆရာကြီးသိပ်လုပ်လိုကြသည်။ လက်တွေ့ကျတော့လည်း ဘာမှမဟုတ်၊ ဟန်လုပ် ဟိတ်လုပ် မာန်ထုတ်ပြရုံမျှသာ ရှိသည်။ ဤသည်မှာလည်း ဤခေတ်ကြီးနှင့် လားလားမှ မအပ်စပ်တော့ချေ။ အထူးသဖြင့် မျိုးဆက်သစ် တက်လူငယ်များနှင့် အံမဝင်ဂွင်မကျနိုင်တော့ချေ။

BURMESE CLASSIC .com

www.burmeseclassic.com



ဤစာအုပ်၌ အသိပညာဟူသည် မည်သို့အနက်ရှိသည်။ မည်သို့အဓိပ္ပါယ်ဖွင့်ဆိုသင့်သည်ဟူသော ရှင်းလင်းတင်ပြချက်များ ပါဝင်မှာဖြစ်ပါသည်။ ယင်းသို့ အကျယ်တဝင့် အသေးစိပ် မဖော်ပြမီ အသိပညာရှင်များအဖြစ် ရပ်တည်နေကြသူ ပုဂ္ဂိုလ်တော်တော်များ၏ အသိပညာပေးနည်းစနစ်ကို အနည်းငယ် ဆန်းစစ် ဖော်ပြလို၍ အထက်ပါမေးခွန်းများဖြင့် မိတ်ဆက်ထားခြင်းဖြစ်ပါသည်။

လူသည် အရာရာကို သိလိုကြသည်။ လူ့သမိုင်း စတင်ချိန်သည် သိနားလည်လိုမှု စတင်ချိန်ဖြစ်သည်။ အရာရာကို သိထားမှ ထိန်းချုပ်နိုင်စွမ်းရှိနိုင်မည် ဖြစ်သည်။ ထိန်းချုပ်နိုင်ခြင်းသည် သဘာဝတရားကို အောင်နိုင်ခြင်းမည်ပေသည်။

သိနားလည်မှုအတွက် ယေဘုယျသဘောကို လေ့လာရမည်။ ယေဘုယျသဘောသည် အသိပညာ၏ သော့ချက်သို့မဟုတ် အနှစ်သာရပင် မည်သည်။ ယေဘုယျဆိုသည်မှာ အမြဲတမ်းဖြစ်တတ်သော သဘောကို ဆိုလိုပေသည်။ ဥပမာ

www.burmeseclassic.com



ရေသည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းသည်။ ကမ္ဘာမြေပြင် ဆွဲအားရှိခြင်းကို သက်သေပြသည်။ သို့မဟုတ် အခြေခံရေအမှုန် ကလေးများသည် နားနေလိုကြသည်။ သို့မဟုတ် စကြာဝဠာသည် လည်းကောင်း၊ အခြေခံအမှုန်များသည်လည်းကောင်း၊ ပျင်းရိလွယ်ကြသည်။ အိပ်စက်နားနေလိုကြသည်။ ယေဘုယျ သဘောကို သိနားလည်မှသာ တစ်သီးပုဂ္ဂလဖြစ်ရပ်တို့ကို ဖြေရှင်းနိုင်သည်။ ဥပမာ-အရာရာသည် မမြဲပါ။ အနိစ္စတရား ဖြစ်သည်။ လူအနိစ္စရောက်ရသည်မှာ ထို့အတူ ဖြစ်သည်။ လူသည် မသေချင်၍မရပေ။ အရာရာသည် ပျက်စီးသေဆုံးကြ ရသည်သာတည်း။

ဤနေရာ၌ မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီး အကြောင်း ကို အနည်းငယ်ဖော်ပြလိုပါသည်။ သာသနာတော်၌ သင်္ခတ တရားများနှင့် အသင်္ခတ တရားများဟူ၍ နှစ်မျိုးနှစ်စား အဆုံးအမ ရှိထားရာ၊ အသင်္ခတတရားဟူသည် နိဗ္ဗာန်၏ဂုဏ်ရည် တစ်ခုပင် ဖြစ်လေသည်။ သင်္ခတတရားများသည် ပျက်စီးကြရ

BURMESE CLASSIC .com

www.burmeseclassic.com



သည်ဖြစ်ရာ ၄င်းတို့ကို ငါပိုင် ငါဆိုင် မယူရချေ။ ပျက်စီးသွားကြရသည်။ ဖြစ်ပေါ်လာလျှင် ပျက်စီးသွားကြရလိမ့်မည်ဟူ၍သာ သိနားလည်ထားအပ်လေသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓအလိုတော်အရ သင်္ခတတရားများကို ပိုင်သည် ဆိုင်သည်ဟု ယူမှတ်လျှင် မှားကြလိမ့်မည်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့သည် ဒုက္ခတရားများ သို့မဟုတ် အနိစ္စတရားများ သို့မဟုတ် မပိုင်မဆိုင်အပ်သော တရားများသာ ဖြစ်ကြသောကြောင့် ဖြစ်သည်။ ၄င်းကို အနတ္တဟု ခေါ်လေသည်။ ထို့ကြောင့် သင်္ခတရုပ်နာမ်များသည် မမြဲကြ၊ အနတ္တဖြစ်ကြသည်။ ပိုင်ဆိုင်ခြင်းငှာ မအပ်ပေ။ ဤကား မြတ်ဗုဒ္ဓအဆုံးအမ ဖြစ်လေသည်။

သိပ္ပံပညာ၌ ယေဘုယျအနက်သဘောဆိုသည်မှာ- အကယ်၍ ဤသို့ ဤသို့ ဖြစ်ပါလျှင်- ထိုအခါ ထိုသို့ ထိုသို့ ဖြစ်ပါလိမ့်မည်။ ယင်းသို့ဖြစ်ပေါ်လာရသည်မှာ- အစဉ်ထာဝရပင် ဖြစ်ပါသည်-ဟူ၍ အဓိပ္ပါယ် ပေါ်လေသည်။ ထို့ကြောင့်ပင် ယေဘုယျသဘော သိနားလည်ခြင်းသည် ရှင်းလင်းဖော်ပြနိုင်ခြင်း

BURMESE CLASSIC .com

www.burmeseclassic.com



သဘောဆောင်သည်ဟု ယူမှတ်ရသော အနက်ဖြစ်လေသည်။ လူသည် အရာရာကို ဖြေရှင်းလိုကြလေသည်။ အချို့မှာ မေးခွန်းကောင်းသော်လည်း အမှန်ကို အဖြေပေးရန် မလွယ်ကူပါ။ ဤအခြေအနေ၌ လူတို့သည် မှန်းဆ အဖြေပေးတတ်ကြလေသည်။ ထိုမှန်းဆအဖြေများသည် အဖြေမှန်များနှင့် ကွာဟနေတတ်လေသည်။ သို့သော် လူ့အသိပညာ သမိုင်းအစတွင် ဖော်ပြပါ ကွာဟမှုများ မှားယွင်းမှတ်ထင်မှုများ များစွာရင်ဆိုင်ခဲ့ရလေသည်။ နောက်ပိုင်း၌ တဖြည်းဖြည်း အမှန်နှင့် နီးစပ်လာလေသည်။

**THE DISCOVERY OF FUNDAMINTAL QUESTION IS IN ITSELF AN ESSENTIAL CONTRIBUTION TO INTELLECTUAL PROGRESS...**

ဟူ၍ ယူဆခဲ့ကြလေသည်။ အဓိပ္ပါယ်မှာ "အခြေခံကျသော မေးခွန်းများကို ရှာဖွေတွေ့ရှိရခြင်းသည် အသိပညာတိုး

BURMESE CLASSIC .com

www.burmeseclassic.com



တက်မှုအတွက် လိုအပ်သော အထောက်အကူထုတ်လုပ်စွမ်း ဆောင်ပေးအပ်မှုများပင် ဖြစ်သည်’’ ဟူ၍ ဖြစ်သည်။

သိပ္ပံသည် အဆင့်ဆင့် တိုးတက်လာရသည်ဖြစ်ရာ မတိုးတက်နိုင်မီ မနိုင်နင်းသော ပြဿနာရပ်များကို မဖြေဆိုနိုင်ပေ။ ဖြေဆိုရန် ကြိုးစားမိလျှင် သိပ္ပံပညာရပ်သည် သိပ္ပံနည်းမကျတော့မူ၍ စိတ်ကူးယဉ်ဘက်သို့ တိမ်းညွှတ်သွားတတ်လေသည်။

**"SOME PHILOSOPHERS SPEAK AN UNSCIENTIFIC LANGUAGE BECAUSE THEY ATTEMPT TO ANSWER QUESTIONS ATA TIME WHEN THE MEANS TO SCIENTIFIC ANSWER ARE NOT YET AT HAND...."**

အချို့သော ဒဿနပညာရှင်များသည် သိပ္ပံနည်းမကျသော ဘာသာရပ်စကားများကို သုံးနှုန်း ပြောဆိုခဲ့ကြဘူးလေသည်။ အကြောင်းမှာ သိပ္ပံနည်းကျအဖြေများ ပေးအပ်နိုင်ရန် အတွက် သိပ္ပံနည်းစနစ် လုပ်နည်း လုပ်ဟန်များ ကောင်းစွာ

BURMESE CLASSIC .com

www.burmeseclassic.com



မပေါ်ထွန်းခဲ့ကြသေးသောကြောင့် ဖြစ်သည်။ အဓိပ္ပါယ်မှာ လက်လှမ်းမမှီသော မေးခွန်း၏ အဖြေများကို ဇွတ်ကြိတ်မှိတ်ကြိုးစားဖြေရှင်းရန် ဆန္ဒစောမိခဲ့ကြသောကြောင့် ဖြစ်သည်။ အချို့က လည်း အသိပညာကို အတွေးအခေါ် အမြော်အမြင်မှ အခြေ စိုက်၍ ရယူမည်။ အသိပညာ၏ အခြေခံသည် အတွေး အခေါ်ပင် ဖြစ်သည်ဟု မှတ်ယူကြလေသည်။ သို့သော် စစ်မှန် သော အသိပညာကိုမူ လက်တွေ့ လေ့လာကြည့်ရှုမှုနှင့် စစ်တန်းမထုတ်၍ မဖြစ်နိုင်ပေ။ အရာရာသည် အနိစ္စဖြစ်ရာ ပလေတိုလည်း အနိစ္စဖြစ်ရမည်ဟု ထုတ်ယူဆင်ခြင်မှု ပြုခဲ့ကြ ဘူးလေသည်။

လူပျိုဟူသည် အိမ်ထောင်မရှိပါဟူသော အပြောမျိုးမှာ အနက် အဓိပ္ပါယ်အသစ်အဆန်း မပါဝင်ချေ။ အဘယ့်ကြောင့် ဆိုသော် လူပျိုပါဟုဆိုပြီးစဉ်ကပင် အိမ်ထောင်မရှိသေးခဲ့ကြောင်း သိသာနိုင်လေသည်။ အချို့က အနာဂါတ်ကို အမှီပြုအသုံးချ နိုင်သော အဆိုပြုချက်များကို စိတ်ဝင်စားတတ်ကြလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



သို့သော် အနာဂါတ်သည် မသေချာသဖြင့် ပြဿနာဖြစ်ခဲ့ကြရလေသည်။ လူသာမန်များအတွက် အနာဂါတ်ကိစ္စကို ကြိုတင်ပြောရလျှင် မသေချာနိုင်ပါဟူ၍ ယူဆလာကြရလေသည်။ သေချာလိုပါက အထက်ဖော်ပြပါ လူပျိုများ အိမ်ထောင်မရှိကြပါဟူသော အနက်တူစကားလုံးများကိုသာ သုံးစွဲအပ်ကြောင်း ခံယူလာကြသူများ ရှိလေသည်။ အနာဂါတ်နှင့်လည်း ပတ်သက်ရမည်။ သေချာပေါက်လည်း ဖြစ်ရမည်ဟူသော အနက်သဘောကို စောကြောလာကြလေသည်။ ထိုအခါ လက်တွေ့ အတွေ့အကြုံပုဂ္ဂိုလ်များက မဖြစ်နိုင်ပါ။ မရနိုင်ပါဟု အခိုင်အမာ အဆိုပြုလာကြလေသည်။ ဤသို့ဖြင့် အတွေ့အကြုံကတစ်ဘက်-အတွေးအခေါ်ကတစ်ဘက် နှစ်ဘက် ဒွိဟ အငြင်းပွားဘွယ်ရာဖြစ်လာရလေသည်။ ဤကား သိပ္ပံဒဿန အသိပညာရှာဖွေရာ၌ ဖြတ်သန်းခဲ့ရသော အသိပညာဆိုင်ရာ ပြဿနာရပ်ကြီးတစ်ခုပင် ဖြစ်လေသည်။ အတွေးအခေါ် ပုဂ္ဂိုလ်များက အသိပညာဟူသည် ထာဝရမှန်ကန်သော ဂုဏ်ရည် တည်ရှိရမည်ဟု

BURMESE CLASSIC .com

www.burmeseclassic.com



ကြွေးကြော်နေချိန်တွင် အတွေ့အကြုံသမားများက မတွေ့ကြုံသေးသမျှ မသေချာပါ။ မဖြစ်ပေါ်လာသေးသမျှ မိမိတို့ မျှော်လင့်ချက်၏ ဆန့်ကျင့်ရာရာများ ပေါ်ပေါက်လာတတ်သည်ဟု ခံယူနေကြလေသည်။

ထိုမှတဖန် နီတိလမ်းညွှန်မှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အသိပညာရပ်များကို လေ့လာဝင်စားခဲ့ကြလေသည်။ အများအားဖြင့် ကိုယ်ကျင့်တရားဆိုင်ရာ သိမြင်တတ်ခြင်းနှင့် မြော်မြင်ဆင်ခြင်ခြင်းဆိုင်ရာ အသိပညာရပ်တို့ကို တွဲယှဉ်၍ လေ့လာတတ်ကြလေသည်။ ကိုယ်ကျင့်တရားဆိုင်ရာ အဆုံးအဖြတ်များသည် များသောအားဖြင့် ဤကွေ့ ဤတက်ဖြင့်လျော်၊ ထိုကွေ့၌ ထိုတက်နှင့်လျော်ရခြင်း သဘောများ အကျုံးတစ်ဝင် စိတ်ဝင်စားခဲ့ကြလေသည်။

လူ၏သဘာဝတရား သားကောင်ဖြစ်ရတတ်ပုံနှင့် အာရုံခံစားမှုတို့၏ စွမ်းအင်များကိုလည်း ထည့်တွက်လာခဲ့ကြလေသည်။ ထိုမှတစ်ဆင့် အသိပညာရပ်၏ ဂုဏ်ရည်နှင့် လူသား

BURMESE CLASSIC .com

www.burmeseclassic.com



တို့၏ လွတ်လပ်နိုင်ခြင်းတို့ကို ခွဲခြမ်းစိတ်ဖြာလာခဲ့ကြလေသည်။ ဘာသာရေးတို့၌ တစ်ချက်လွှတ်မဆို အမိန့်ရှိခြင်းကို ကိုယ်ကျင့်တရားပညာနှင့် ဆင်ခြင်မြော်မြင်နိုင်မှုစွမ်းရည်များဖြင့် နှိုင်းယှဉ်ယှဉ်တွဲ၍ ဝေခွဲလာကြလေသည်။

ဤသို့ဖြင့်

ဘာအလုပ်သင့်ဆုံးလဲ? -

တာဝန်

**WHAT WE OUGHT TO DO ....?**

**DUTY! -**

ဘာအရသင့်ဆုံးလဲ?

(ရ) ပိုင်ခွင့်

**WHAT WE OUGHT TO HAVE?**

**RIGHT**

ဘယ်လို အဖြစ်သင့်ဆုံးလဲ?

ကံကောင်းနေဘို့

BURMESE CLASSIC .com

www.burmeseclassic.com



**WHAT WE OUGHT TO BE?**

**VIRTUOUS.....!**

ဟူ၍ တင်ပြလာခဲ့ကြဘူးလေသည်။

အသိပညာအမှန်တရားကို ရှာဖွေရာ၌ အတွေ့အကြုံအဓိက လက်တွေ့သမားများသည် သမိုင်းတစ်ခေတ်၌ နေရာယူလာတတ်ကြလေသည်။ အတွေ့အကြုံဖြင့် စစ်ဆေးမရသော အသိပညာဟူသည် အချီးနှီးပင်ဟု ကျွေးကျော်လာကြလေသည်။ အတွေ့အကြုံမှ ပေးအပ်လာသော ဗဟုသုတနှင့် အသိပညာများကိုသာ တန်ဖိုးထား ခွဲခြားစီစစ် လေ့လာလိုက်စားလာ ခဲ့ကြလေသည်။ စိတ်ကူးယဉ်သက်သက်ဖြင့် တန်ဆာဆင်အပ်သော အတွေးအခေါ်ပိုင်းကိုမူ ၎င်းတို့ စွန့်ပယ်ပစ်လိုက်ကြလေသည်။

စိတ်ကူးယဉ်တင်ပြလာသော တွေးခေါ်မှုသက်သက် အပိုင်းကိုမူ ၎င်းတို့သည် သံသယရှိမှုဆိုင်ရာ စင်းနှီးတုံးပေါ် ခွဲခြမ်းစိတ်ဖြာမှုဖြင့် တောက်တောက်စင်းလျှက် အမှုန့်ညက်ညက်

BURMESE CLASSIC .com

www.burmeseclassic.com



ကြိတ်နယ် ဖျောက်ဖျက်ပစ်လိုက်ကြလေသည်။ အနာဂါတ်နှင့် ပတ်သက်၍မူ “ကျွန်တော်တို့ သိထားသော အသိတစ်ခုမှာ ကျွန်တော်တို့ လူသာမန်များသည် အနာဂါတ်ကိစ္စ ဝိစ္စများ၌ တိတိကျကျ သေသေချာချာ မသိနိုင်ပါဟူသော အသိပင် ဖြစ်ပါသည်”ဟု ပြောဆို၍ နိဂုံးချုပ်တတ်ကြလေသည်။

တစ်နည်းအားဖြင့် အနာဂါတ်ဆိုင်ရာ အသိပညာများသည် အတိတ်ပစ္စုပ္ပန်ဆိုင်ရာ အသိပညာ အမျိုးအစားများနှင့် ထပ်တူမတူနိုင်ပါဟူ၍ အဆုံးအဖြတ်ပြုလာကြလေသည်။ ဤမှတဆင့် ကျွန်ုပ်တို့သည် အနာဂါတ်အကြောင်း ပြောကြရလျှင် အသိပညာဟူသည် အနာဂါတ်နှင့် ပတ်သက်၍ မည်သို့ရှိသင့်ကြောင်း စဉ်းစားထိုက်သည်ဟူ၍ တစ်ဆင့်တက်လာကြပါသည်။ တစ်နည်းအားဖြင့် အတွေ့အကြုံ လေ့လာမှုအစုံစုံမှ အနာဂါတ်အတွက် မည်သို့ ကြိုတင်ပြောဟောရမည်ဆိုသည်ကို ဝင်စားလာခဲ့ကြရလေသည်။ ဤနေရာ၌ လူ၏ စဉ်းစားချက် အတိုင်း ဖြစ်ရပ်က လိုက်လာသည်မဟုတ်၊ ဖြစ်ရပ် အခြေအနေ

BURMESE CLASSIC .com

www.burmeseclassic.com



ကိုသာ ကိုက်ညီအောင် စဉ်းစားဖို့ လိုအပ်ကြောင်း ပညာရှင်များ သတိပြုလာကြလေသည်။

နောက်ဆုံးတော့မူ အနာဂါတ်အတွက် ကြိုတင်ဟော ပြောမှုတို့သည် ဖြစ်တန်ရာခြေမျှသာရှိမည်ဟု နိဂုံးချုပ်လာတတ် ကြလေသည်။

အမှန်တရားအတွက်ဆိုလျှင် စိတ္တာဗေဒဆိုင်ရာ ကျေနပ် နှစ်သက်ရှင်းလင်းဖော်ပြမှုသာမက ယုတ္တိနည်းကျ ခွဲခြမ်းစိတ်ဖြာ မှုများလည်း လိုအပ်လျက်ရှိလေသည်။ လူသည် အတွေ့အကြုံ များပြား ပြည့်စုံကြွယ်ဝလာလေလေ စဉ်းစားဆင်ခြင်ဖွယ်ရာ ပြဿနာများကို သိမြင်လာလေလေ ဖြစ်လေသည်။ အမှန်တော့မူ ပြဿနာအရာရာကို ဖြေရှင်းရာ၌ စိတ်ကူးယဉ် ဆန်ဆာဆင်မှုများ၊ တွေဝေဝိုးဝါးသော ယေဘုယျစကားလုံးများကြောင့် မဟုတ်မူ၍ လက်တွေ့စနစ်တကျ ကျင့်သုံးဆောက်တည် လုပ်ကိုင် ဖော် ဆောင်နိုင်မှုကြောင့်သာ ဖြစ်လေသည်။

ကျင့်စဉ်နည်းစနစ်ဖြင့် လုပ်ဆောင်ချက်များသည်

BURMESE CLASSIC .com

www.burmeseclassic.com



စဉ်းစဉ်းစားစား ပြဿနာတော်တော်များများကို အဖြေထုတ်ပေးနိုင်စွမ်းရှိလေသည်။ အတွေ့အကြုံဟူသည် စုပေါင်းစုစည်းရသောသဘောလည်း ရှိနိုင်လေသည်။ ယုတ္တိနည်းကျ ခွဲခြမ်း စိတ်ဖြာမှုသည် နည်းစံ နည်းပိုင်းဆိုင်ရာ တိုးတက်မှုကို ဖြစ်စေ၍ကြာသော် အတွေ့မှ အသိသို့ ဆိုက်ရောက်လာရလေသည်။ အသိသည် လက်တွေ့ လေ့လာမှု၏ အသီးအပွင့်ဖြစ်လာလေသည်။ ယင်း အသီးအပွင့်တို့သည် ယုတ္တိနည်းကျ ပြဿနာများ၏ အနှစ်သာရပိုင်းများ ဖြစ်လေသည်။ ဤသို့ဖြင့် အမှန်အကန် အတွေ့အကြုံ လက်တွေ့ အကျင့်အကြံမှ အမှန်အကန်အသိပညာကို တည်ဆောက်စေခဲ့လေသည်။ လက်တွေ့ လေ့ကျင့်မှုသည် ယုတ္တိနည်းကျ ခွဲခြမ်းစိတ်ဖြာမှုအတွက် အချိန်မပေးနိုင်အောင် စူးစိုက်မှု ပြုနေချိန်တို့၌ ယုတ္တိနည်းကျ ခွဲခြမ်းစိတ်ဖြာရေးတို့ကလည်း လက်တွေ့ ကွင်းဆင်းရန် အချိန် မပေးနိုင်ချေ။ ထိုအခါ သိပ္ပံနှင့် ဒဿနတို့သည် ပူးပေါင်းဆောင်ရွက်ရတော့သည်သာတည်း။ ထိုအခါ သိပ္ပံဒဿန ပညာသည်လည်း

BURMESE CLASSIC .com

www.burmeseclassic.com



မလွဲမသွေ ပေါ်ထွန်းလာရတော့သည်သာတည်း။ ဤနည်းဖြင့် အစစ်အမှန် အသိပညာ ရှာဖွေသူတို့သည် ကွင်းဆင်းလေ့ကျင့်ဖြစ်ကြတော့သည်သာတည်း။ စာအရာ ငါသညာ ဆရာတို့၏ အဟော အပြောများသည် ရှေးဟောင်းပြတိုက်ကြီးထဲ၌ ဖုံတက်ခံရန်သာ တာဝန်ကျန်ရှိကြရတော့သည်သာတည်း။

လက်တွေ့ကျင့်ကြံမှုဆိုင်ရာ အမှန်တရားတို့သည် စာအရာ ငါသညာ ဆရာများ၏ နယ်ပယ်တွင် တွင်ကျယ်နိုင်လိမ့်ဦးမည် တော့မဟုတ်ပါ။ သို့သော် အမှန်သစ္စာ အသိပညာ လိုက်စားသူများ ဦးရေတိုးတက်လာမှုကိုမူ မျှော်လင့်ကြိုဆိုနိုင်ရလိမ့်မည်သာ ဖြစ်ပါသတည်း။

ဤနေရာ၌ ဤအခန်းအတွက် မြတ်ဗုဒ္ဓအလိုတော်ကျ ကျင့်စဥ်ဖြင့် နိဂုံးချုပ်လိုပါသည်။ ဗုဒ္ဓဘာသာတို့သည် မြတ်ဗုဒ္ဓကို ယုံကြည်ကိုးကွယ်သဖြင့် ကောင်းမြတ်ရာတို့ကို လုပ်ဆောင်ကျင့်ကြံလျက် ရှိကြလေသည်။ အနာဂါတ်ဟူသည် "လုံထမ်းလာသည်ကိုသာ မြင်ရသည် ကံထမ်းလာသည်ကိုမူ မမြင်ရ"

BURMESE CLASSIC .com

www.burmeseclassic.com



ဟူသော စကားအတိုင်း ကံအပြောင်းကိုမူ အသေးစိပ်နားမလည်ပါ။ သို့သော် ကောင်းမြတ်စရာ မှန်ကန်ရာ အကျိုးရှိရာတို့ကို လုပ်ဆောင်ရင်း ကံကောင်းမှုကို ကြိုဆိုမျှော်လင့်ကြရပါသည်။ အခါအားလျော်စွာ လောကဓံအမျိုးမျိုးတို့သည်လည်း တွေ့ကြုံရတတ်သည်သာ ဖြစ်ပါသည်။ သို့သော် မြတ်စွာဘုရားအား ယုံကြည်မှု ကိုးကွယ်မှုဖြင့် ဆရာကောင်း ဆရာမြတ်တို့အား ယုံကြည်မှု ကိုးကွယ်မှုတို့ဖြင့် ကောင်းမြတ်ရာရာ မှန်ရာ ကန်ရာ အကျိုးရှိရာများကို ကျင့်ကြံလုပ်ဆောင်လျက်ရှိကြပါသည်။

အခါအားလျော်စွာ ကံကောင်းခိုက် ကြုံဆုံရသဖြင့် ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော် ကျေးဇူးတော် တို့ကြောင့် ကောင်းမြတ်ရာရာ စံစားရသည်များလည်း ရှိလာသည်။ အခါခါ လောကဓံရင်ဆိုင်ရသည်များလည်း ကြုံကြိုက်ရတတ်ပါသည်။ သို့သော် ရတနာမြတ်သုံးပါးကို အထူးကိုးကွယ်ယုံကြည်မှုဖြင့် ဆက်လက် တိုက်ပွဲဝင်ရင်း အောင်မြင်မှု အကျိုးကျေးဇူးကို ခံစားရရှိသည်များလည်း ရှိပါသည်။ မည်သို့ဆိုစေ ကောင်းမြတ်ရာ

BURMESE CLASSIC .com

www.burmeseclassic.com



အကျိုးရှိရာ ဟုတ်မှန်ရာ နှလုံးသွင်းရာ ဘဝခရီးဆက်လက် လျှောက်လှမ်းရမည်မှာ သံသရာခရီးသည်တို့၏ မလွဲမကင်း သာသော တာဝန်နှင့် လုပ်ငန်းဆောင်တာ ဝတ္တရားများသာ ဖြစ်ရလိမ့်မည်ဟု ခံယူထားရမည်သာ ဖြစ်ကြောင်း ရေးသား ဖော်ပြအပ်ပါသည်။

♦ ♦ ♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၃)

# HAWKING

# ဟော့ကင်း နှင့် ပတ်သက်၍ ...

အခန်း(၂)တွင် ပါမောက္ခ ရိုက်ခင်းဘတ်၏ အယူအဆများကို အခြေခံအားဖြင့် တင်ပြခဲ့ပါသည်။ ၎င်းအယူအဆများကို ရိုက်ခင်းဘတ် ရေးသားသော "THE RISE OF SCIENTIFIC PHILOSOPHY....." စာအုပ်ကို မှီငြမ်းပြု၍ ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ယခု အခန်း (၃)ကိုမူ HAWKING ၏ အယူအဆများကို အခြေပြု၍ ဖော်ပြပါမည်။ ၎င်း၏ အယူအဆများကို

BURMESE CLASSIC .com

www.burmeseclassic.com



A BRIFF HISTORY OF TIME မှ ထုတ်နုတ်ရယူမှာ ဖြစ်ပါသည်။

HAWKINGသည် သိပ္ပံစာအုပ် တစ်အုပ်ရေးသားရန် ဆန္ဒရှိခဲ့ပါသည်။ စကြာဝဠာအကြောင်းကို အခြေခံ၍ ဖော်ပြရန် ကြံစည်ခဲ့ပါသည်။ ဥပမာ-

WHERE DID THE UNIVERSE COM FROM...?

HOW AND WHY DID IT BEGIN....?....

WILL IT COME TO AN END, AND IF SO, HOW?.....

စကြဝဠာ ဘယ်ကဖြစ်ပေါ်လာသလဲ? . . .

ဘယ်လိုနည်းနဲ့ . . .

ဘာ့အတွက်ကြောင့် ၎င်းစကြဝဠာကြီး စတင်ဖြစ်ပေါ်လာရပါသလဲ?

စကြဝဠာပျက်သုဥ်းသွားဦးမှာလား? . . .

BURMESE CLASSIC .com

www.burmeseclassic.com



ပျက်စီးသွားမယ် ဆိုပါလျှင် ... မည်သို့ မည်ပုံ ပျက်စီးသွားမှာပါလဲ...? ... စသည်ဖြင့် HAWKING စိတ်ဝင်စားခဲ့ကြောင်း ဖော်ပြပါရှိပါသည်။

အဆိုပါ အကြောင်းအရာများကို သိပ္ပံပညာ မလိုက်စားသူ စာဖတ်ပရိသတ်များ ဖတ်ရှုနားလည်နိုင်ရန် ကြိုးစားရေးသားမည်ဟု ဖွင့်ဆိုပါသည်။

စကြဝဠာသည် ဥမှ ပေါက်ဖွားလာကြောင်း သိပ္ပံပညာကြည့်ရှုလေ့လာမှုတို့ဖြင့် သိနားလည်ခဲ့ရလေသည်။ ၄င်းကို THE BIG BANG မဟာပေါက်ကွဲမှုကြီးဟု ခေါ်ပါသည်။ ထိုစဉ်က စကြဝဠာသည် သိပ်သည်းမှု လွန်စွာကြီးမားလျှက် အဆုံးစွန်သို့ ဆိုက်ရောက်ခဲ့ရာမှ ပေါက်ကွဲသွားခြင်း ဖြစ်သည်ဟု ဆိုပါသည်။ စကြဝဠာသည် အချိန်နှင့်အတူ ကြီးထွားလာခြင်းဖြစ်သည်။ ထိုစကြဝဠာအကြောင်းကို အထွေထွေ နှိုင်းရ သီဝရီနှင့် ကွမ်တမ်မက္ကင်းနစ် သီဝရီတို့က ရှင်းလင်းဖော်ပြကြပါသည်။ ပဋ္ဌမ သီဝရီမှာ အကြီးစားများကို

BURMESE CLASSIC .com

ဖော်ပြလျက် ဒုတိယ သီဝရီမှာ အသေးစားများကို ဖော်ပြပါသည်။ သို့သော် ကံဆိုးသည်မှာ ထိုသီဝရီ နှစ်ခုသည် နှိုင်းညှိ၍ မရပါ။ ပူးပေါင်းရန် မဖြစ်ပါ။ ထို့ကြောင့် အဆိုပါ သီဝရီများ နှစ်မျိုးစလုံး တော့ မှန်ကန်နိုင်လိမ့်မည် မဟုတ်ပါဟု ယူဆစရာဖြစ်လာပါသည်။ **HAWKING** သည် ဤကိစ္စကို ရှင်းလင်းဖော်ပြရန် ဤစာအုပ်ကို ရေးသားရသည်ဟု ဆိုပါသည်။

**"UNFORTUNATELY, THESE TWO THEORIES ARE KNOWN TO BE INCONSISTENT WITH EACH OTHER- THEY CANNOT BOTH BE CORRECT..... THE MAJOR THEME OF THIS BOOK; IS THE SEARCH FOR A NEW THEORY THAT WILL INCORPORATE THEM BOTH...."** ဟူ၍ ဖော်ပြခဲ့လေသည်။

စကြဝဠာကြီးသည် သဘာဝဥပဒေအရ ဖြစ်ပျက်နေရသည်ဟု ဆိုပါလျှင် စကြဝဠာကြီးထဲမှ လူသားများသည်လည်း

BURMESE CLASSIC .com

www.burmeseclassic.com



ဥပဒေအရသာ ဖြစ်ပျက်နိုင်ပါလိမ့်မည်- လူသားများသည် သဘာဝဥပဒေအရ ဖြစ်ပေါ်နေရသည်ဆိုပါက ကျွန်တော်တို့သည် လွတ်လပ်မှု ရရှိနိုင်ပါဦးမည်လော? စောကြောစရာရှိလာပါသည်။ အဆိုပါ သဘာဝဥပဒေကြီးကို လူသားများ အမှန်တကယ် တွေ့သိနိုင်ပါမည်လော? တွေ့သိနိုင်မည်ဟုဆိုပါလျှင် အကယ်၍ လူသားများက ထိုဥပဒေကြီးကို လိုက်လံမရှာဖွေဘဲ ပျင်းပြလိုက်မည်ဆိုလျှင် မည်သို့ရှိမည်နည်း? လူသည် လွတ်လပ်စွာ ပျင်းပြနိုင်မည် မဟုတ်ပါလော? အသိပညာကိုလည်း မရှာဖွေဘဲ နေပစ်လိုက်မည်ဆိုပါလျှင်..... စဉ်းစားစရာဖြစ်လာပါသည်။

**HAWKING**ကတော့မူ-

**DARWING** ၏ **NATURAL SELECTION** ဥပဒေအရ တော်သောလူသားများပေါ်ကို ပေါ်လာရမည်ဟု ယုံကြည်သူဖြစ်ပါသည်။ ပျင်းချင်သူများ ပျင်းချင် ပျင်းနိုင်ကြသော်လည်း အများထဲမှ တော်အောင် လုပ်သူများက တော်သည်

BURMESE CLASSIC .com

www.burmeseclassic.com



ထက် တော်အောင် ကြံဆောင်သွားကြပေလိမ့်မည်။ တော်သည် ထက်တော်သူများကို သဘာဝက ရွေးချယ်၍ အခွင့်အရေးပေး လိမ့်မည်။ ဤနည်းဖြင့် လူသားများသည် စစ်မှန်သော ဥပဒေကြီးကို တွေ့သိသွားပေလိမ့်မည်ဟု ယုံကြည်ကြောင်း ဖော်ပြခဲ့လေသည်။ ထိုအခါ စကြဝဠာအကြောင်းကို လည်းကောင်း လူသားများအကြောင်းကိုလည်းကောင်း ပီပီပြင်ပြင် ထုတ်ဖော်တင်ပြနိုင်မည်ဟု စိတ်အားထက်သန်စွာ ယုံကြည်မှု ရှိကြောင်း တင်ပြခဲ့လေသည်။

ဤနေရာ၌ သိပ္ပံပညာရှင်များ၏ အားနည်းချက် တစ်ရပ်ကို ဖော်ပြလိုပါသည်။ သူတို့သည် ပြင်ပ စကြဝဠာ အကြောင်းကို လွန်စွာလိုက်စားကြပါသည်။ သို့သော် လူ့စိတ် အကြောင်းကိုမူ မြတ်ဗုဒ္ဓနည်းကျ မလေ့လာနိုင်ကြပါ။ စိတ်ပညာ သည်လည်း သိပ္ပံနည်းဖြင့်သာ လေ့လာပါသည်။ ယင်းအချက်မှာ လည်း သဘာဝကျပါသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ကမ္ဘာ လုံးရှိ သိပ္ပံပညာရှင်များသည် ဘာသာရပ်တိုင်းကို သိပ္ပံနည်းကျ

BURMESE CLASSIC .com

www.burmeseclassic.com



သာလျှင် လေ့လာဖော်ပြနိုင်ကြပါသည်။ ဤနေရာ၌ မြတ်ဗုဒ္ဓ အဆိုအဆုံးအမအရ အသိပညာ ရှာဖွေနည်းကို အလျဉ်းသင့်သဖြင့် အနည်းငယ်တင်ပြလိုပါသည်။ မြတ်ဗုဒ္ဓနည်းမှာ အတ္တကို လက္ခဏာရေးသုံးပါးနှင့် ခြေမှုန်းရန် ဖြစ်လေသည်။ အတ္တသည် စိတ်ဖြင့် ပူးကပ်ပေါ်ထွက်လာတတ်လေရာ ထိုပေါ်စိတ်ကိုပင် လက္ခဏာရေးသုံးပါးဖြင့် ရှုသတ်ဆင်ခြင်ရခြင်း ဖြစ်ပါသည်။ စိတ်တို့၏ ဆင်းရဲပုံ၊ မမြဲပုံ၊ မပိုင်အပ်ပုံတို့ကို ခြုံငုံရှုသတ်ဆင်ခြင် အပ်သည်ဟု အပြတ်နားလည်ခံယူထားရပါသည်။ ဤကျင့်စဉ်မှာ စိတ္တာနုပဿနာ ကျင့်စဉ်ဖြစ်ပါသည်။ လေ့ကျင့်ပါများလာသော် စိတ်များသည် လောဘ၊ ဒေါသ၊ မောဟတရားများ လျှော့နည်း လာရာ ချမ်းသာငြိမ်းအေးမှုကို ရရှိစေပါသည်။

ဗုဒ္ဓဘာသာများသည် စကြဝဠာအကြောင်းကို များစွာ မလေ့လာ။ မိမိစိတ်အကြောင်းကိုသာ မြတ်ဗုဒ္ဓလမ်းညွှန်းမှုအတိုင်း လေ့လာတတ်သိအောင် ကြိုးစားရလေရာ ကြာသော် စကြဝဠာ အကြောင်း မသိသော်ငြား ရင်ထဲ၌ အေးငြိမ်းချမ်းသာ တည်ငြိမ်

BURMESE CLASSIC .com

www.burmeseclassic.com



ပေါ့ပါးမှုများကို လက်တွေ့ခံစား သိရှိနားလည်လာရပါသည်။ ထူးထူးခြားခြား အကျိုးရှိစေသော ကျင့်နည်းကြံနည်းများပင် ဖြစ်ကြပါသည်။ ဤသို့ဖြင့် ဗုဒ္ဓဘာသာတို့သည် ကာယ ဝေဒနာ စိတ္တ-ဓမ္မနည်းလေးမျိုးစလုံး အဆင်သင့်သလို ကျင့်ကြံအားထုတ်ကြရပါသည်။ ဤအချက်မှာ သိပ္ပံပညာရှင်များနှင့် ကွာခြားချက် ဖြစ်ပါသည်။ စာရေးသူအဖို့ ကျင့်စဉ်များကတော့မူ …

ကာယနုပဿနာ - မကျင့်ဘူးပါ

ဝေဒနာနုပဿနာ - ကျင့်ဘူးပါသည်၊
ယခုမကျင့်ဖြစ်တော့ပါ

စိတ္တာနုပဿနာ - ကျင့်နေပါသည်၊
ကျွမ်းကျင်ပါသည်၊
ဆွေးနွေးမေးမြန်းလျှင်
ပြောပြတတ်ပါသည်။

ဓမ္မာနုပဿနာ - ကျင့်ပါသည်

စိတ္တာနုပဿနာထက် ပိုမိုနက်နဲ နူးညံ့သိမ်မွေ့ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဆွေးနွေးနိုင်ပါသည်။

စာရေးသူသည် လောလောဆယ်မှာမူ စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာကျင့်စဉ်များကို ကျင့်ပါသည်။ (ဝါကြွားလို၍မဟုတ်ပါ၊ သတင်းအမှန်အကန် ဖော်ပြခြင်း ဖြစ်ပါသည်။ ဝါသနာပါပါက စာဖတ်သူအားရှိရန် ဖော်ပြပါသည်။ ဆွေးနွေးမေးမြန်းလို့ရပါသည်) [စကားချပ်]

သိပ္ပံပညာရှင်များ၏ အလိုအရ စကြဝဠာကြီးသည် အစရှိကို ရှိခဲ့သည်။ စကြဝဠာ၏ အဆုံးသည်မှာတော့ အစကဲ့သို့ မသေချာပါဟု ဖွင့်ဆိုထားကြလေသည်။ ကာလနှင့် ဩနပဟူသည် အပြားကြီးမဟုတ်၊ ခုံးနေသည်။ ၄င်းတို့သည် အရာရာကို သက်ရောက်စေရုံမျှမက စကြဝဠာအတွင်းရှိ အရာရာ၏ ဖြစ်ပေါ်မှုများကလည်း ၄င်းတို့ကို သက်ရောက်စေသည်ဟု ယူဆကြသည်။ မည်သို့ပင်ဖြစ်စေ စကြဝဠာကြီးသည် အချိန်နှင့် အမျှပြန့်ကြား နေသည်။ ဘောလုံးတစ်လုံး၏ မျက်နှာပြင်၌ ဗဟိုရ်ဟူသည် မရှိသကဲ့သို့ စကြဝဠာ၌ ဗဟိုအမှတ်ဟူသည်

BURMESE CLASSIC .com

www.burmeseclassic.com



မရှိပါ။ ထို့ပြင် စကြဝဠာရှိ အမှတ်အသားများသည် ပိုမို ဝေးကွာလေလေ .... ပိုမို လျင်မြန်စွာ ဝေးကွာအောင် ပြေးသွားကြလေလေ ဖြစ်နေလေသည်။

**"THE FARTHER APART THE SPOTS ARE, THE FASTER THEY WILL BE MOVING ARART...."**

မဟာပေါက်ကွဲမှုမစတင်မီ စကြဝဠာဥ၏ အနေအထားသည် အမှတ်ထူးတစ်ခုပင် ဖြစ်လေသည်။ ထိုနေရာ၌ သိပ်သည်းမှုသည် အနန္တတန်ဖိုးကို ဆောင်လေသည်။ အမှတ်ထူးတွင် အနာဂါတ်အကြောင်း ကြိုတင်ပြောပြချင်၍ မဖြစ်ပေ။ အဘယ့်ကြောင့်ဆိုသော ထိုနေရာ၌ ရူပဗေဒဥပဒေများ ချုပ်ငြိမ်းနေသောကြောင့် ဖြစ်သည်။ **HAWKING** သည် ယင်းအခြေအနေကို လက်မခံလိုပေ။ သဘာဝဥပဒေသဟူသည် အမြဲရှိရမည်။ ချွင်းချက်မရှိရဟု ယူဆခဲ့လေသည်။ ထို့ကြောင့် စကြဝဠာစတင်မဖြစ်ပေါ်မီကပင် သဘာဝ ဓမ္မဥပဒေသများ

www.burmeseclassic.com



ရှိခဲ့မည်ဟု ဖော်ပြခဲ့လေသည်။

ဤနေရာ၌ အနည်းငယ်ဖော်ပြလိုပါသည်။ တစ်ချိန်က စာရေးသူအား "ဘုရားနှင့်တရား မည်သည့်အရာက ဦးသနည်း" ဟု မေးမြန်းဖူးပါသည်။ စာရေးသူကမူ အောက်ပါအတိုင်း ဖြေဆိုလိုက်ပါသည်။ တရားဓမ္မဟူသည် ထာဝရ ရှိနေသောအရာ ဖြစ်လေသည်။ သို့သော် လူသာမန်များ မမြင်မသိနိုင်ချေ။ အကြောင်းမှာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဖုံးလွှမ်းနေသောကြောင့် ဖြစ်သည်။ မြတ်စွာဘုရားသည် ပွင့်တော်မူသောအခါမှသာ တရားဓမ္မများကို မိမိအလိုလို ကိုယ်တော်တိုင်သိမြင်တော်မူ၍ ဟောကြား ပြသတော်မူရသည်။ ထိုအခါ အများသူငါတို့ တရားဓမ္မများ နားလည်သိမြင်ကာ နိဗ္ဗာန်စံဝင်ခွင့်ရသည်။ တရားဓမ္မကို သိမြင်ရန် မြတ်စွာဘုရား များသာ ကိုယ်တိုင်ကြိုးစားကြရသည်။ အခြားသော သာဝက ကိုယ်တော်များမှာ မြတ်စွာဘုရား ဟောပြပေးသနားချီးမြှင့်မှသာ တရားဉာဏ်များ ပွင့်လင်းရသည်။ မိမိဘာသာ မပွင့်လင်း

BURMESE CLASSIC .com

www.burmeseclassic.com



မသိမြင်နိုင်ချေ။ ဘုရားငယ် (ပစ္စေကဗုဒ္ဓါ) များကိုမူ ချန်လှပ်ထား၍ ကျန်ဘုရား မဟုတ်သူ သာဘဝ ရဟန္တာများမှာ မြတ်စွာဘုရားကြောင့် တရားသိမြင်ရခြင်း ဖြစ်သည်။ မြတ်စွာဘုရားက အဓိက ဖြစ်သည်။ ထို့နောက်မှသာ သာသနာ လက်ဆင့်ကမ်းကြရခြင်း ဖြစ်သည်။ ထို့ကြောင့် ဘုရားဟော၍ တရားသိရသဖြင့် မြတ်စွာဘုရားအဓိက ဖြစ်နေသည်။ သို့သော် တည်ရှိမှုရေးရာ ကဏ္ဍများမှာမူ တရားဓမ္မ သဘာဝဥပဒေသများက ထာဝရရှိမြဲရှိနေရလေသည်။ နိဗ္ဗာန်တရားသည်လည်း ရှိမြဲရှိနေရလေသည်။ သို့သော် မြတ်စွာဘုရား မထုတ်ဖော်လျှင် ဘုရားငယ်များမှအပ မည်သူမှ ကိုယ်တိုင်မသိနိုင်ချေ။ ထို့ကြောင့် မြတ်စွာဘုရားကိုသာ မိမိအလိုလို ကိုယ်တော်တိုင် သိမြင်ပေါက်ပိုင်တော်မူသည်ဟု ကြည်ညိုကြရခြင်း ဖြစ်သည်။ ကျန်ပုဂ္ဂိုလ်များ မည်သူမှ မိမိအလိုလို မသိမြင်နိုင်ချေ။ တရားတော်သည် ထိုမျှ နက်ရှိုင်းခက်ခဲလေသည်။ လွန်စွာမှ သိမ်မွေ့နူးညံ့လေသည်။ အသိခက်မြင်နိုင်ခဲသော ဂုဏ်ရည်တို့နှင့် ပြည့်စုံလေသည်။ လောဘ၊

BURMESE CLASSIC .com

www.burmeseclassic.com



ဒေါသ၊ မောဟ ထူထပ်သူများနှင့်မူ နည်းနည်းမျှ မအပ်စပ်ပေ။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို အောင်နိုင်မှသာ တော်ကာကျပေလိမ့်မည်။ HAWKINGသည် တွင်းမဲကြီးများ BLACK HOLES အကြောင်းကို စိတ်ဝင်စားခဲ့ဖူးလေသည်။ တွင်းမဲကြီးများကို ဤသို့ နားလည်နိုင်ပါသည်။ အာကာသရှိ ထုထည် ကြီးမားသော ကြယ်ကြီးများဆိုပါစို့။ အချို့သော ကြယ်ကြီးများသည် ဆွဲအားသိပ်ကောင်းသည်။ မည်မျှ ကောင်းပါသနည်း။ ဆိုသော် သူတို့ကိုယ်တိုင် ထုတ်လွှတ်လိုက်သော အလင်းကို သူတို့ကိုယ်တိုင် ပြန်လည်ဆွဲယူလိုက်သည်။ ထိုအခါ သူတို့ထုတ်လိုက်သော အလင်းသည် အဝေးကြီးသို့ မရောက်နိုင်။ သူတို့က ပြန်လည်စုတ်ယူ ဝါးမြိုလိုက်သည်။ ကျွန်ုပ်တို့လည်း သူတို့ကို မမြင်ရတော့။ မြင်နိုင်စရာလည်း အကြောင်းမရှိချေ။ အဘယ်ကြောင့်ဆိုသော် သူတို့၏ အလင်းရောင်သည် ကျွန်ုပ်တို့ထံသို့ မရောက်လာနိုင်ခြင်းကြောင့် ဖြစ်သည်။ နေမှ အလင်းရောင်သည် ကျွန်ုပ်တို့ထံရောက်ရန် (၈) မိနစ် ကြာကြာ အချိန်ယူဖြတ်သန်းရ

BURMESE CLASSIC .com

www.burmeseclassic.com



သည်။ တစ်စုံတစ်ရာသည် ကျွန်ုပ်တို့ ကမ္ဘာမှ ခွဲထွက်လိုလျှင် တစ်စက္ကန့်လျှင် (၇)မိုင်နှုန်း သွားနိုင်မှသာဖြစ်မည်။ သို့မဟုတ်ပါက ကမ္ဘာမြေပေါ် ပြန်ကျလိမ့်မည်သာဖြစ်သည်။ အထက်ဖော်ပြပါ ကိုယ့်အလင်းရောင်ကို ကိုယ်ပြန်ဆွဲယူ စုတ်မြိုနိုင်သော ကြယ်ကြီး မျိုးကို တွင်းမဲကြီးများဟု ခေါ်ဆိုရလေသည်။ သူတို့ကို ကျွန်ုပ်တို့ မတွေ့မြင်သော်လည်း သူတို့ဆွဲအားကိုမူ ကျွန်ုပ်တို့ ခံစားတွေ့ရှိ လေ့လာနိုင်လေသည်။ ၎င်းတို့သည် အာကာသထဲ၌ အမည်းတုံး ကြီးများအဖြစ် တည်တံ့နေကြလေသည်။

(မှတ်ချက်)- တွင်းမဲကြီးများအကြောင်းကို တိုက်ဆိုင် သောနေရာတွင် ရေးသားဖော်ပြပေးခဲ့ဖူးပါသည်။ (စာရေးသူ)

ဤနေရာ၌ **BLACK HOLES** များနှင့် ပတ်သက် ဆက်စပ်၍ ခံစားချက်ရှိသည်များ အနည်းငယ် ဖော်ပြလိုပါသည်။ **BLACK HOLES** များ၏ ဝါးမြိုစုတ်ယူခြင်း ခံရသူသည် အချိန်မှ လွန်မြောက်သွားသည်ဟု အဆိုရှိရာ ... အဆိုပါ စကားလုံး ဝေါဟာရကို အနည်းငယ် စိတ်ဝင်စားမိပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အဓိပ္ပါယ်အားဖြင့် မည်သို့မျှ မတူညီနိုင်သော်လည်း စကားလုံး အသုံးအနှုန်းအားဖြင့် အချိန်မှ လွန်မြောက်သွားသည်ဟု ဆိုထားသဖြင့် ဗုဒ္ဓဘာသာ၌လည်း ကာလသုံးပါးမှ လွတ်မြောက် သည်ဟူသော စကားအသုံးအနှုန်းရှိရာ ဤနေရာ၌ စိတ်ဝင်စား မိစရာ ဖြစ်သွားပါသည်။ အမှန်တော့မူ ဗုဒ္ဓဘာသာ၌ လောကီ၊ လောကုတ်ဟူ၍ နှစ်မျိုးရှိရာ လောကီသည် အချိန်နှင့် တိုက်ရိုက် သက်ဆိုင်သည်။ ထို့ကြောင့် သင်္ခတတရားဟု ခေါ်ရသည်။ လောကုတ္တရာမှာမူ လောကမှ လွန်မြောက်သွားသည်ဖြစ်ရာ အချိန်မှလည်း လွန်မြောက်သွားလေသည်။ လောကုတ္တရာကို အသင်္ခတတရားဟုခေါ်ရာ ပြုပြင်စီရင် အစားထိုးမှုမှ ကင်းပ ရလေသည်။ အစားထိုးမှု ကင်းခြင်းသည် အချိန်မှလွတ်ခြင်း ဖြစ်လေသည်။ ဤနေရာ၌ ဗုဒ္ဓဘာသာအရ အချိန်မှလွတ်ခြင်းကို အနည်းငယ် ရှင်းပြပါမည်။ လူသည် ရုပ်နာမ်ဖြစ်ပါသည်။ ရုပ်နာမ် ဟူသည် သင်္ခတတရား ဖြစ်ပါသည်။ အသင်္ခတဓါတ်ဟူသည် နိဗ္ဗာန်ဖြစ်ပါသည်။ နိဗ္ဗာန်သို့ မျက်မှောက်ပြုသောအခါ

www.burmeseclassic.com



ရုပ်နာမ်နှင့်ပြု၍ မရပါ။ လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုရပါသည်။ လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရှိပိုင်နိုင်စေရန် အရိယာဖြစ်ရပါသည်။ အရိယာတို့သည် မိမိခန္ဓာကိုယ်ကို ဖြစ်ပျက်ဆုံးအောင် ရှုနိုင်ရပါသည်။ ဖြစ်ပျက်ဆုံးသည်ဆိုရာ၌ လူရုပ်နာမ်ကြီးသေဆုံးသွားရခြင်းကို မဆိုလိုပါ။ ထိုရုပ်နာမ်ကို ရှုသတ်နေသော အရိယာဉာဏ်မျက်လုံးက ရုပ်နာမ်အပေါ်ထားရှိကပ်ငြိသော တဏှာ မာန ဒိဋ္ဌိကို ကုန်ဆုံးပြီးပြတ်အောင် ရှုသတ်နိုင်ခြင်းကို ဆိုလိုပါသည်။ အနည်းဆုံး ဒိဋ္ဌိ-ဝိစိကိစ္ဆာ-သီလဗ္ဗတပရမာသ အစရှိသော တရားများ ကုန်ဆုံးအောင် ရှုသတ်ရပါသည်။ ရှုသတ်ခြင်းကို အရိယာဉာဏ် မျက်လုံးဖြင့် ကျင့်ကြံအားထုတ်ရပါသည်။ အရှုသတ်ခံတရားမှာ ခန္ဓာကိုယ်ဖြစ်ပါသည်။ ထို့ကြောင့် ခန္ဓာကိုယ်သည် “ခံစစ်” ဘက်မှ နေရာရသည်များပါသည်။ အရိယာဉာဏ်မျက်လုံးမှာ စွမ်းဆောင်ရှုသတ်ရသဖြင့် “တိုက်စစ်” ဘက်မှ နေရာယူရပါသည်။ တိုက်ခြင်းဆိုသည်မှာ ရှုသတ်ခြင်းဖြစ်ပါသည်။ စစ်သလင်းမှာ

www.burmeseclassic.com



မိမိခန္ဓာအတွင်း၌ ဖြစ်ပါသည်။ “တရားရှာ ခန္ဓာမှာတွေ့”ဟူသော စကားအတိုင်း ဖြစ်ပါသည်။ တရားအားထုတ်သောအခါ မိမိခန္ဓာ၌သာ အဓိကထား၍ ရှုသတ်ရပါသည်။

ဤနေရာ၌ အရိယာဉာဏ်မျက်လုံးကို မည်သို့ တည်ဆောက်နိုင်ကြောင်း ဖော်ပြလိုပါသည်။ အလွယ်ကူဆုံးမှာ စာရေးသူနှင့် တွေ့လိုက်ရန် ဖြစ်ပါသည်။ ထိုအခါ ထိုကိစ္စနှင့် ပတ်သက်၍ ပြီးစီးသွားနိုင်ပါသည်။ ဤသို့ ရေးသားဖော်ပြရသည်မှာ- အားနာပါသည်။ သို့သော် အမှန်အကန်ပင် ဖြစ်ပါသည်။ စာရေးသူသည် ဆရာမြတ်ကြီးထံမှ ဤမည်သော အရိယာဉာဏ်မျက်လုံး တပ်ဆင်ရေးပညာအမွေကို ကောင်းစွာ ရယူခဲ့ပါသည်။ စာရေးပြရသည်မှာ ခက်ခဲနိုင်ပါသည်။ လက်တွေ့မှာမူ ထိုမျှလောက် မခက်ခဲပါ။ “ဒါဘဲ”ဆိုလျှင် ပြီးစီးသွားနိုင်ပါသည်။ အဓိကမှာ အရိယာကြီးများ သုံးသပ်တော်မူကြသော ဉာဏ်အမြင်ကို စု-တု-ပြုခြင်း ဖြစ်သည်ဟု ဆိုနိုင်မည် ထင်ပါသည်။ အနီးစပ်ဆုံး ဖော်ပြရခြင်း ဖြစ်ပါသည်။ အရိယာများကဲ့သို့

www.burmeseclassic.com



အတုယူ၍ ရှုမြင်ရန် ဖြစ်ပါသည်။ ဥပမာ-ရုပ်နာမ်သည် ဒုက္ခ၊ သုံးဆယ့်တစ်ဘုံသည် ဒုက္ခ၊ နိဗ္ဗာန်သည် သုခ၊ သန္တိသုခ သုံးဆယ့်တစ်ဘုံမှ လွန်မြောက်သင့်သည်။ ရုပ်နာမ်မှ လွန်မြောက်လျှင် ချမ်းသာမည် စသည်တို့ကို သိရှိနားလည်ခံယူတတ်ရန် ဖြစ်ပါသည်။ ထိုအခါ အရိယာဉာဏ်မျက်လုံး ရနိုင်ပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဗဟုသုတရှိသော ပုဂ္ဂိုလ်မိတ်ဆွေကောင်းရှိက ပွဲပြီးနိုင်ပါသည်။ စိတ်ဝင်စားပါက အသေးစိတ်ကိုမူ စာရေးသူနှင့် ဆွေးနွေးနိုင်ပါသည်။

ဗုဒ္ဓဘာသာအရ ကာလသုံးပါးမှ လွတ်မြောက်ခြင်းနှင့်ပတ်သက်၍ ဆက်လက် ရှင်းလင်းပါဦးမည်။ လူသည် အရိယာဖြစ်လာသောအခါ အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ် ပိုင်ဆိုင်လာပါသည်။ ပုထုဇဉ်ဖြစ်က အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပိုင်ဆိုင်ရိုးထုံးစံမရှိပါ။ အရိယာတစ်ပါးပါးသည် တရားရှုရာ၌ ဖြစ်ပျက်ဆုံးသွားသည်ဆိုပါစို့။ ထိုအခါ အရိယာဖိုလ်ဉာဏ်သည် နိဗ္ဗာန်သို့မျက်မှောက်ပြုသည်ဆိုပါစို့။ ထိုသို့ နိဗ္ဗာန်သို့ မျက်မှောက်

BURMESE CLASSIC .com

www.burmeseclassic.com



ပြုနေသော ဖိုလ်ဉာဏ်သည် ခန္ဓာကိုယ်ကို ပိုင်းခြားထားနိုင်သည် ဖြစ်ရာ ခန္ဓာကိုယ်အကြွင်းအကျန် ရှိနေသော်လည်း လောကုတ္တရာကို မျက်မှောက်ပြုသဖြင့် လောကီသုံးဆယ့်တစ်ဘုံ ရုပ်နာမ်ခန္ဓာစသည်တို့ကို မျက်ကွယ်ပြုသွားလေသည်။ ထိုအခြေအနေ၌ ခန္ဓာကိုယ်သည် သုံးဆယ့်တစ်ဘုံ၌ အကြွင်းအကျန် ငုတ်တုတ်ရှိနေသေးသော်လည်း လောကုတ္တရာ အရိယာ ဖိုလ်ဉာဏ်မှာ ကာလသုံးပါးမှ လွန်မြောက်နေသည်။ ယင်းအခြေအနေကို အချိန်မှ လွတ်မြောက်သည် ခေါ်သည်။ ဤမှာဘက် သိပ္ပံမှ တွင်းမဲကြီးများ၏ ဝါးမျိုစုတ်ယူခြင်းခံရသူ အကယ်၍ တစ်စုံတစ်ဦးသည် ၎င်း၏ ရုပ်တရားများ တစ်စစီ အမှုန့်ဖြစ်သွားလျက် တင်စားက အချိန်မှ လွတ်သွားသည်ဟု အဆိုရှိကြသည်။ သို့သော် ထိုရုပ်နာမ်မှာ သံသရာ ကြင်လည်ရဦးမည်သာ ဖြစ်ပါသည်။ အရိယာလည်း မဖြစ်သေး၊ ကိလေသာလည်း ချုပ်ဆုံးအောင် မရှုသတ်နိုင်သေးရကား- အခြားဘဝသို့ ကူးပြောင်းရဦးမည်မှာ ဗုဒ္ဓဘာသာအရ အသေအချာပင် ဖြစ်ပါသည်။

www.burmeseclassic.com



သိပ္ပံပညာအရ ရုပ်ကမ္ဘာ၌ အလင်း၏ အလျင်သည် အမြန်ဆုံး ဖြစ်လေသည်။ ထိုအလင်းကို ဆွဲယူနိုင်သော ဒြပ်ထု တစ်ခုခုသည် တွင်းမဲပင် ဖြစ်လေသည်။ သူ့အဝန်းအဝိုင်းကို-

**"THE EVENT ZONE"**

ဟုခေါ်လေသည်။ တွင်းမဲတစ်ခုသည် သူ့အဝန်းအဝိုင်း ထဲရောက်လာပါက အလင်းရောင်ကိုပင် အလွတ်မပေးချေ။ ထို့ကြောင့် ဘာကိုမှ အလွတ်မပေးချေ။ ဆွဲယူဝါးမျိုလိုက်မည်သာ ဖြစ်သည်။

**"ANYTHING OR ANYONE WHO FALLS THROUGH THE EVENT HORIZON WILL SOON REACH THE REGION OF INFINITE DENSITY AND THE END OF TIME...."**

တစ်စုံတစ်ခု (သို့မဟုတ်) တစ်စုံတစ်ယောက်သည် တွင်းမဲကြီး နယ်ပါယ်ထဲသို့ ကျရောက်သွားသည်ရှိသော် ၄င်းသည် သိပ်သည်းခြင်း၏ အဆုံးစွန်နယ်ပယ်သို့ ဆိုက်ရောက်သွားမည်။

BURMESE CLASSIC .com

www.burmeseclassic.com



ထို့အတူ ၎င်းအတွက် အချိန်သည် နိဂုံးချုပ်သွားမည်။

တွင်းမဲဟူသည် တစ်နည်းအားဖြင့် အမှတ်ထူးတစ်မျိုးပင် ဖြစ်ပါလိမ့်မည်။ အမှတ်ထူး၌ ဆွဲအားသည် အဆုံးစွန် အနန္တ တန်ဖိုးဆောင်လျက် ဘိတ်ဘိတ်တုံး ချုပ်ဆုံးနေသည်။ အမှတ်ထူး ၌ အရာရာချုပ်ဆုံးလျက်ရှိရာ ရူပဗေဒ ဥပဒေသများလည်း ချုပ်ဆုံးနေသည်။ ထိုသို့လျှင် အိုင်းစတိုင်း သီဝရီက ရည်ညွှန်း သည်။ ဥပမာ စကြဝဠာကြီး မဖြစ်ပေါ်မီက အမှတ်ထူး အခြေအနေဖြစ်ရာ အရာရာ ချုပ်ဆုံးနေသည်။ ဘိတ်ဘိတ်တုံး နိဂုံးချုပ်နေသည်။ ဘာဥပဒေသမှလည်းမရှိ။ ဤသို့ အိုင်စတိုင်း သီဝရီက ဟောကိန်းထွက်သည်။ ၎င်းဟောကိန်းကို ဟောကင်း က ငြင်းဆိုသည်။ စကြဝဠာမစမီကလည်း ရူပဗေဒဥပဒေသ သဘာဝနိယာမ ဥပဒေသများရှိနေရမည်။ နိယာမဟူသည် “ရှိလိုက် မရှိလိုက်” ဆိုသော သဘောမရှိရ။ ထာဝရရှိနေမှသာ ဥပဒေသဟုခေါ်ရသည်။ ထို့ကြောင့် အိုင်းစတိုင်း သီဝရီ၏ စကြဝဠာ စတင်မဖြစ်မီ ဘာမှမရှိရ။ ဘိတ်ဘိတ်လုံး အမှတ်ထူး

BURMESE CLASSIC .com

www.burmeseclassic.com



သာ ရှိရမည်ဆိုသော ဟောချက်ကို ဟော့ကင်းက ငြင်းဖျက်ကန့်ကွက်သည်။ ဤနေရာ၌ ဗုဒ္ဓဘာသာအရ ဟော့ကင်းကို ထောက်ခံနိုင်သည်။ အိုင်းစတိုင်းကို ကန့်ကွက်ရမည်သာ ဖြစ်သည်။ အိုင်းစတိုင်းသည် **GOD** ဂေါ့ဒ် အလိုတော်အတိုင်းသာ ဖန်ဆင်းအပ်သည်ဟု ယူဆချင်ပုံရသည်။ ဟော့ကင်းမှာမူ **GOD** ဂေါ့ဒ်မလို၊ သဘာဝဥပဒေသများသာ လိုသည်ဟု ဖော်ပြနိုင်ခဲ့လေသည်။ ဤနေရာ၌ ဟော့ကင်းသည် အိုင်းစတိုင်းထက် ပိုမို၍ အမြင်ကျယ်ပြန့်သွားသည်ဟု ယူဆစရာဖြစ်နေပါသည်။ ဟော့ကင်းသည် တွင်းမဲများနှင့် ပတ်သက်၍တော့ အသစ်အဆန်း အချက်အလက်များ တော်တော် ထုတ်နိုင်ပါသည်ဟု ဆိုရပါလိမ့်မည်။

ဟော့ကင်းသည် တွင်းမဲကြီးများထဲမှ အပူငွေ့ရောင်စင်လှိုင်းများ ဖြာထွက်နိုင်သည်ဟု အဆိုပြုခဲ့လေသည်။ ထိုအဆိုပြုချက်သည် စောစောပိုင်းက ပညာရှင်တော်တော်များများ၏ ဆန့်ကျင်ဘက် ပြုခြင်းကို ခံခဲ့ရသည်။ တော်တော်များများ

BURMESE CLASSIC .com

www.burmeseclassic.com



ကလည်း ငြင်းဆန်ကာ အဝေဖန်ပြုခြင်းကို ခံခဲ့ရသည်။ နောက်ပိုင်းကျတော့မူ အားလုံးက (စောစောပိုင်းက ဆန့်ကျင် ငြင်းဆန်ခဲ့ကြသူများ အပါအဝင်) လက်ခံ ကြည်ဖြူစွာ အတည်ပြု ခဲ့ကြသည်။ ထို့ကြောင့် တွင်းမဲကြီးများသည် သိပ်တော့မမဲကြ ပါဟု ဆိုစမှတ်ပြုလာကြရသည်။ အိုင်းစတိုင်း၏ ဘိတ်ဘိတ်တုံး ချုပ်ဆုံးခြင်း အမှတ်ထူးကိုလည်း ဟော့ကင်းက ငြင်းဖျက် ပယ်ဖျက်နိုင်ခဲ့သည်။

ရှေးဦးစွာ စကြဝဠာမစမီက ဘာမျှမရှိ၊ ဘာဥပဒေသမှ မရှိ။ ဘိတ်ဘိတ်တုံးချုပ်ဆုံးနေသည်ဟု အဟောထွက်သော အိုင်းစတိုင်းသီဝရီ၏ အားနည်းချက်ကို ဖြည့်စွက်ပြုပြင်နိုင်ခဲ့သည်။ ယခုလည်း အိုင်းစတိုင်း သီဝရီ၏ ညွှန်းဆိုလိုသော တွင်းမဲကြီးထဲမှ ဘိတ်ဘိတ်တုံးချုပ်ဆုံးမှု အမှတ်ထူးကို ဟော့ကင်းက ပြုပြင် မွမ်းမံနိုင်ခဲ့သည်။ အိုင်းစတိုင်း၏ အားနည်းချက်များမှာ သူသည် ကွမ်တမ်မက္ကင်းနစ် ပညာကို လျစ်လျူရှုခြင်းကြောင့်ဟု ဟော့ကင်းက ကောက်ချက်ချခဲ့သည်။

www.burmeseclassic.com



"IF AN ASTRONAUT FALLS INTO A BLACK HOLE, ITS MASS WILL INCREASE, BUT EVENTUALLY THE ENERGY EQUIVALENT OF THAT EXTRA MASS WILL BE RETURNED TO THE UNIVERSE IN THE FORM OF RADIATION .... THUS, IN A SENSE, THE ASTRONAUT WILL BE "RECYCLED ...." IT WOULD BE A POOR SORT OF IMMORTALITY, HOWEVER, BECAUSE ANY PERSONAL CONCEPT OF TIME FOR THE ASTRONAUT WOULD ALMOST CERTAINLY COME TO AN END AS HE WAS FORM APART INSIDE. THE BLACK HOLE....! EVEN THE TYPES OF PARTICLES THAT WERE EVENTUALLY EMITTED BY BLACK HOLE WOULD IN GENERAL BE DIFFERENT FORM

BURMESE CLASSIC .com

www.burmeseclassic.com



THOSE THAT MAD UP THE ASTRONAUT: THE ONLY FEATURE OF THE ASTRONAUT THAT WOULD SURVIVE WOULD BE HIS MASS OR ENERGY..."

ဟူ၍ ဖော်ပြခဲ့လေသည်။

တွင်းမဲကြီးထဲသို့ ကျရောက်သွားသော အာကာသယာဉ်မှူး၏ သံသရာလည်ပုံ ဤဘဝရုပ်တရားချုပ်ဆုံးပုံ .... ထို့နောက် ကံတရားသာလျှင် ရှေ့ဆက်သွားနိုင်ပုံ သူကိုယ်တိုင်တော့ မဖြစ်နိုင်။ သို့သော် ထို "ကံ"သည် အာသာကယာဉ်မှူးနှင့် "ကင်း"သည်ဟူ၍တော့ မဆိုနိုင်ပုံတို့မှာ သံသရာလည်ရသော ရုပ်နာမ် ဖြစ်စဉ်ကို ဗုဒ္ဓဝါဒဖော်ပြထားသည်နှင့် ဆက်စပ်တွေးခေါ်ရယူနိုင်ကြောင်း ထပ်လောင်း၍ ဟော့ကင်းအား ထောက်ခံအပ်ပါသည်။

ဤသို့ဖြင့် အထွေထွေနှိုင်းရ သီဝရီက ဖော်ပြညွှန်းခဲ့သော သေဆုံးလောင်တုံး ဘိတ်ဘိတ်ဆုံး ဥပစ္ဆေဒသဘာဝကို ကွမ်တမ်

www.burmeseclassic.com



မက္ကင်းနစ်ပညာက ငြင်းဖျက်ထုတ်ပယ်နိုင်ခဲ့ပါသည်။ တစ်နည်းအားဖြင့် အိုင်စတိုင်း သီဝရီ၏ ထွက်လမ်းမရှိ အမှောင်ဘိတ်ဘိတ်တုံး ချုပ်ဆုံးမှုကိစ္စကို ဟောကင်းက ကွမ်တမ် မက္ကင်းနစ်ပညာကို အမှီပြု၍ ဖြေရှင်းလမ်းထွင် အသစ်ပီပြင်သော အမြင်ကို တွင်ကျယ်စွာ ဖော်ထုတ်နိုင်ခဲ့ပါသည်။

ဤနေရာ၌ သိပ္ပံပညာရပ်မှ စပ်စုသော အမေးများနှင့် ဟာသဆန်ဆန် အဖြေတစ်ချို့ကို ဖော်ပြပါမည်။ မေးခွန်းမှာ-

**"WHY THE UNIVERSE THE WAY WE SEE IT....?"**

“စကြဝဠာ ကျွန်တော်တို့ အခုတွေ့မြင်သကဲ့သို့ အဘယ့်ကြောင့် ဖြစ်ပေါ်နေရပါသနည်း။” အဖြေမှာ ရိုးရှင်းပါသည်။

**"IF IT HAD BEEN DIFFERENT, WE WOULD NOT BE HERE....!...."**

စကြဝဠာ ဘာ့ကြောင့် ဤသို့ဖြစ်နေရပါသနည်း။ အဖြေမှာ ဤသို့ဖြစ်မနေပါက ကျွန်တော်တို့လည်း ဤနေရာ၌

BURMESE CLASSIC .com

www.burmeseclassic.com



ဤသို့ ရှိမနေနိုင်ပါ ဟူ၍ ဖြစ်ပါသည်။ ဆင့်ပွားအဓိပ္ပါယ်မှာ စကြဝဠာသည် ဤသို့သော အပူအအေးမှအစ ညီညွတ်မျှတနေသောကြောင့် ကျွန်တော်တို့ လူသားများ ဤသို့လျှင် ဖြစ်ထွန်းရှင်သန်နိုင်ခြင်း ဖြစ်သည်။ အကယ်၍ ယခုကဲ့သို့ မမျှမတဖြစ်ပါက ဥပမာ အပူလွန်ကဲသွားမည် သို့မဟုတ် အအေး လွန်ကဲသွားမည်။ ထိုအခါ လူသားများ ယခုကဲ့သို့ ဖြစ်ထွန်းရှင်သန်နိုင်မည် မဟုတ်ပါဟူ၍ ဖြစ်ပါသည်။

အခြား အဆိုတစ်ခုမှာလည်း "WE SEE THE UNIVERSE THE WAY IT IS BECAUSE WE EXIST..."

"စကြဝဠာကို ယခုကဲ့သို့ တွေ့မြင်နေရတာကတော့ ကျွန်တော်တို့ အခုလိုရှင်သန်တည်ရှိ နေနိုင်လို့ပါဘဲ" ဟူ၍ ဖြစ်ပါသည်။ ဆိုလိုချက် အနက်သဘောမှာ-အကယ်၍ စကြဝဠာသည် ယခုကဲ့သို့ မဟုတ်ခဲ့ပါလျှင် ကျွန်တော်တို့လည်း ယခုကဲ့သို့ ဖြစ်နေလိမ့်မည် မဟုတ်ပါဟူ၍ ဖြစ်ပါသည်။

စကြဝဠာသည် သက်တန်းအားဖြင့် ကြာညောင်းလာ

BURMESE CLASSIC .com

www.burmeseclassic.com



လေလေ အရာရာ၏ အဓိပ္ပါယ် ကင်းမဲ့စွာ မဖြစ်တတ်ပုံများကို သိပ္ပံပညာက ပိုမိုသိမြင်လာလေလေဟု ယူဆကြပါသည်။ ဟော့ကင်းတို့ အလိုအရ-စကြဝဠာ မစမီ ဘိတ်ဘိတ်တုံးချုပ်ဆုံး နိဂုံးသုညတကြီးခေါ် အမှတ်ထူး **"SINGULARITY"** မရှိနိုင်ကြောင်း ဖော်ပြခဲ့ပါသည်။ ထို့အတူ သဘာဝဓမ္မ ဥပဒေသကြီးများသည် အစဉ်ထာဝရတည်ရှိနေမည်ဟု တင်ပြခဲ့ရာ အိုင်းစတိုင်းသီဝရီ၏ ဘိတ်ဘိတ်တုံးချုပ်ဆုံးမှု အယူအဆသည် လုံးဝကွယ်ပ, သွားခဲ့ပါပြီ။ စကြဝဠာကြီးသည် သူ့ဥပဒေသများနှင့် သူဖြစ်ပျက်နေရာပြင်ပမှ ဖန်ဆင်းရှင် မလိုအပ်ကြောင်း သိပ္ပံပညာရှင် အများအပြားက တစ်ညီတစ်ညွတ်တည်း ခံယူယုံကြည်လျက်ရှိကြပါသည်။ တွင်းမဲကြီးများမှ ရောင်စင် အပူငွေ့များ စကြဝဠာ၏ မိမိသဘာဝနှင့် မိမိဖြစ်ပျက်တတ်ပုံများကို တွေ့ရှိရခြင်းသည် သိပ္ပံပညာရပ်၏ တိုးတက်လာမှုဟု ယူဆနိုင်ပါသည်။ ခေတ်နှင့်မညီတော့သော (ဝါ) မပြီးပြည့်စုံသော အိုင်းစတိုင်း၏ သီဝရီကြီးကို ပြုပြင်မွမ်းမံရန် လိုအပ်ပြီဟု သိနားလည်လာရခြင်း

BURMESE CLASSIC .com

www.burmeseclassic.com



သည်လည်း သိပ္ပံပညာရပ်၏ ရပ်တန့်မနေ တိုးတက်နေသော အခြေအနေကို ဖော်ပြလျက်ရှိသည်ဟု ယူဆကြပါသည်။ နောက်ဆုံးတော့မူ လူသားတို့ နေထိုင်သော ဝန်းကျင်အကြောင်းနှင့် လူသားတို့၏ တည်ရှိနေမှုကို သိနားလည်ရလျှင် ယင်းအချက်သည် သိပ္ပံ၏ရည်မှန်းချက် အထွဋ်အထိပ်ပါဟု ဖွင့်ဟကြွေးကြော်လာခဲ့ကြလေသည်။

နောက်ဆုံး၌ စကြဝဠာနှင့် အရာရာကို ဖြစ်ပေါ်လာစေရန် ဖန်တီးခွင့်ကို သဘာဝတရား ရူပဗေဒ ဥပဒေသတရားများကိုသာ လွှဲအပ်ရန်နှင့် လူအပါအဝင် စကြဝဠာ၏ဖြစ်တည်နေရပုံကို သိနားလည်ရခြင်းသည် သိပ္ပံနှင့် အထွဋ်အထိပ် သိနားလည်ခြင်းသာ ဖြစ်ရပါမည်ဟု နောက်ဆုံးပေါ်ပညာရှင်များက ဝန်ခံသွားကြလေသည်။

ဤကား ဟော့ကင်း၏ အယူအဆများဖြစ်၍ ထိုအယူအဆများကို သူကိုယ်တိုင် ရေးသားအပ်သော-

"A BRIEF HISTORY OF TIME", မှ

BURMESE CLASSIC .com

www.burmeseclassic.com



ထုတ်နှုတ်မိုငြမ်း ဖော်ပြအပ်ပါသတည်း။

ဤနေရာ၌ စာဖတ်သူသည် စာရေးသူ၏ သဘောထားများကို ဖတ်ရှုလိုက ဖတ်ရှုချင်ပေလိမ့်မည်။ စကြဝဠာကြီး ဘာကြောင့် ပေါ်ပေါက်တည်ရှိနေရပါသနည်းဟု ဟော့ကင်းတို့ လွန်စွာစိတ်ဝင်စားကြသည်။ အမှန်မှာ ဤစကြဝဠာ၌ သို့မဟုတ် သုံးဆယ့်တစ်ဘုံ၌ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူ၍ အမှန်ရှိသော ပရမတ္ထတရား လေးပါးရှိရာ၊ ရုပ်တည်ရှိပါသည် ဆိုကတည်းက စကြဝဠာ တည်ရှိနိုင်မည်ဖြစ်သည်။ စိတ်၊ စေတသိက်၊ ရုပ်တို့ တည်ရှိနေသမျှ ကာလပတ်လုံး လူသားများ တည်ရှိနိုင်မည်ဖြစ်သည်။ စာရေးသူအဖို့ စကြဝဠာ တည်ရှိခြင်းကိုလည်း မအံ့ဩချေ။ သုံးဆယ့်တစ်ဘုံ၌ လူသားများ တည်ရှိနေခြင်းကိုလည်း မအံ့ဩချေ။ စာရေးသူ အံ့ဩသည်မှာ နိဗ္ဗာန်တည်ရှိနေခြင်း ဖြစ်သည်။ နိဗ္ဗာန်တည်ရှိပုံမှာ စိတ်၊ စေတသိက်၊ ရုပ်တို့ တည်ရှိသကဲ့သို့ မဟုတ်ပေ။ စိတ်၊ စေတသိက်၊ ရုပ်တို့သည် ပရမတ္ထတရားများ ဖြစ်ကြသော်လည်း ပျက်စီး

www.burmeseclassic.com



တတ်ကြလေသည်။ မမြဲသော ဂုဏ်ရည်ရှိကြလေသည်။ အစားထိုးကြရလေသည်။ သင်္ခတတရားများလည်း ဖြစ်ကြရလေသည်။ နိဗ္ဗာန်မှာမူ မပျက်စီးချေ။ စ,ဖြစ်ခြင်း မရှိသကဲ့သို့ ဆုံးဖြစ်ခြင်းလည်း မရှိချေ။ ထာဝရ အံ့သြဖွယ်ရာ တည်ရှိနေခြင်း ဖြစ်သည်။ နိဗ္ဗာန်၏အရှိကို မြတ်စွာဘုရား စတင်တွေ့ရှိတော်မူခြင်းဖြစ်သည်။ ကျန်သော ပုဂ္ဂိုလ်များသည် မမြင်မတွေ့ကြရချေ။ မြတ်စွာဘုရား ဟောပြတော်မူမှသာ သိနားလည်ကြရ၍ မြတ်စွာဘုရားက တွေ့နည်းသိနည်း နိဗ္ဗာန်မြင်နည်းကို သွန်သင်ပေးသနား ချီးမြှင့်တော်မူသော အခါမှသာ ကျွတ်ထိုက်သူများ အကျွတ်တရား ရကြရခြင်းဖြစ်သည်။ အဆင့်ဆင့် လက်ဆင့်ကမ်းကြရခြင်း ဖြစ်သည်။ သို့သော် မြတ်စွာဘုရားသာလျှင် မိမိအလိုလို စတင် သိမြင်တော်မူခြင်းဖြစ်သည်။

နိဗ္ဗာန်၏ တည်ရှိမှုသည် အံ့သြဖွယ်ရာ ကောင်းလေသည်။ ဆရာကောင်း၊ ဆရာမြတ်များက မသွန်သင်၊ မညွှန်ကြားလမ်းပြ၍မသွားလျှင် သူသူငါငါ ကိုယ်တိုင်သိမြင်နိုင်မည်

BURMESE CLASSIC .com

www.burmeseclassic.com



မဟုတ်ချေ။ ဤကိစ္စ၌ ဆရာကောင်း၊ ဆရာမြတ်သည် အဓိကဖြစ်လေသည်။ နိဗ္ဗာန်သည် ရိုးရိုးမျက်လုံး မံသစက္ခုနှင့်လည်း မြင်အပ်သည်မဟုတ်ချေ။ သို့သော် အမှန်တည်ရှိသော တရား အသင်္ခတတရား အနုတ္တတရား အမျိုးအစား ဖြစ်လေသည်။ အမြတ်ဆုံးသော ဓာတ်ကြီးလည်း ဖြစ်လေသည်။ ထိုနိဗ္ဗာန်ကို အရိယာဉာဏ် မျက်လုံးပညာ စက္ခုများနှင့်သာ ထိုးထွင်းသိမြင်ဘဝင်ကျကျနှစ်လုံးသွင်းရ၊ မျက်မှောက်ပြုရလေသည်။ အရိယာဖြစ်၍ လောကုတ္တရာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ကိန်းအောင်းပြီဆိုလျှင်တော့ နိဗ္ဗာန်ကို မငြင်းသာ မတတ်သာ၊ ဒဲ့ဒိုးကြီး တွေ့ရမည်မှာ တရားတော်၏ အာမခံချက် ဖြစ်လေသည်။ မိမိက အရိယာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရန်၊ လောကုတ္တရာအသိပညာဉာဏ်ရရန်သာ ကျင့်ကြံအားထုတ်ဖို့ လိုလေသည်။

လူသားများ၏ တည်ရှိခြင်းနှင့်ပတ်သက်၍မူ ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရား လေးပါးရှိသည်ဟု အလာရှိလေရာ၊ ၄င်းတို့ ပြုပြင်သလို အကြောင်းအကျိုးဆက်စပ်

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်ပေါ်နေရသည်ဟု ဆိုရမည်ဖြစ်လေသည်။ သတ္တဝါများသည် အကြောင်းအမျိုးမျိုးတို့ကြောင့် အကျိုးအမျိုးမျိုး ဖြစ်ပေါ်နေရလေသည်။ နိဗ္ဗာန်ဓါတ်တစ်ခုသာ အကြောင်းတရားမရှိခြင်း ဖြစ်လေသည်။ အရာရာ၌ အကြောင်းရှိသော်လည်း နိဗ္ဗာန်ဖြစ်ပေါ်တည်ရှိရန် အကြောင်းမရှိချေ။ ပြကတိအရှိ တရားတော်မြတ်ကြီးဖြစ်လေသည်။

သိပ္ပံပညာရှင်များကတော့ ဗုဒ္ဓဘာသာများ မဟုတ်ကြ၍ အမှန်သစ္စာကို မိမိဘာသာ ရှာဖွေနေကြရရာ များစွာ ပင်ပန်းဖွယ်ရှိလေသည်။ ထို့အပြင် နီးစပ်မှုလည်း မရှိသေးချေ။ ၎င်းတို့သည် ကိုယ့်ကိုယ်ကိုယ် မကြည့်ကြဘဲ စကြဝဠာကြီးကိုသာ ကြည့်တတ်အောင် ကြိုးစားနေကြသကဲ့သို့ ရှိနေလေသည်။ လူသည် အမှန်သစ္စာကို သိမြင်ရန် တဏှာ၊ မာန၊ ဒိဋ္ဌိကင်းစင်ရမည် ဆိုသည်ကို ၎င်းတို့ မရိပ်မိကြချေ။ ကိုယ့်ကိုယ်ကိုယ် အမှန် မမြင်သမျှကာလပတ်လုံး လောကကြီးကို အမှန်မမြင်နိုင်ကြောင်း ၎င်းတို့မသိကြသေးချေ။ ပုထုဇဉ် မျက်လုံးထက် ကိရိယာ မျက်လုံးကို

BURMESE CLASSIC .com

www.burmeseclassic.com



အသုံးချရန် ဆန္ဒရှိကြရာ ကိရိယာမျက်လုံးထက် အရိယာမျက်လုံးက ပိုမိုစစ်မှန်ထိရောက်၍ အားကိုးလောက်သည်၊ ခိုင်လုံသည်ဆိုသည်ကို အဆိုပါ သိပ္ပံပညာရှင်ကြီးများ နားမလည်ကြသေးချေ။ နားလည်ရန် အလားအလာလည်း မရှိသေးချေ။ ၎င်းတို့၏ကိရိယာနှင့် ၎င်းကိုယ်တိုင် အလုပ်အရှုပ်ကြီး ရှုပ်နေကြလေသည်။ ဤသည်မှာ စာရေးသူ၏ အမြင်နှင့် သုံးသပ်ချက်များသာဖြစ်ပါသည်။ နှိုင်းယှဉ် ကောက်ချက်ချရသည်ရှိသော် သစ္စာနှင့်ဝေးသော ၎င်းတို့၏ အတွေးအမြင်များသည် အမှန်သစ္စာအတွက်ရေးရေးမှ မထင်မြင်နိုင်သေးကြောင်း၊ ရတနာမြတ်သုံးပါး၏ဂုဏ်ကျေးဇူးတော်များကို မပူဇော်တတ်သေးကြောင်း ကောက်ချက်ချရမည်သာ ဖြစ်ပါသည်။

ယခုဖော်ပြပါ ကဏ္ဍအတွက် သိပ္ပံပညာဖွင့်ဆိုချက်များကို HAWKING ၏ BLACK HOLES AND BABY UNIVERSE.... စာအုပ်မှ ထုတ်နုတ်ကိုးကား မှီငြမ်းပြု၍ တင်ပြဆွေးနွေးမည် ဖြစ်ပါသည်။

www.burmeseclassic.com



HAWKING သည် စာအုပ်တော်တော်များများ ရေးသားခဲ့ဖူးရာ အထက်ဖော်ပြပါ စာအုပ်သည် တစ်အုပ်အပါအဝင်ဖြစ်ပါသည်။

HAWKING သည် သိပ္ပံပညာနှင့် စကြဝဠာကို လေ့လာရာ၌ သူရင်ခုန်စွာ ခံစားခဲ့ရခြင်းများကို စာဖတ်ပရိသတ်ကြီးအား မျှဝေခံစားစေလိုသည်ဟု ဆိုပါသည်။ မှန်ပါသည်။ ကျွန်တော်သည် ဗုဒ္ဓဘာသာကို လေ့လာရင်း ဝိပဿနာတရားအားထုတ်ကျင့်ကြံသောအခါက အထူးအဆန်း ခံစားမှုများကို ဗုဒ္ဓဘာသာ ပရိတ်သတ်ကြီးအား မျှဝေခံစားဖော်ပြပေးချင်သော ဆန္ဒများ ပေါ်ပေါက်ခဲ့ဖူးပါသည်။ ယခုအချိန်တွင် သူသူ ကိုယ်ကိုယ် လေ့လာလိုက်စားရာ ကျွမ်းကျင်ကြသည်။ ထိုအခါ မလေ့လာသူတို့ မတွေ့ရှိကြရသော အချက်အလက်များကို အသစ်အဆန်းအဖြစ် ဖော်ပြလိုချင်ကြမည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။ စာရေးသူသည် တရားလိုက်စားလာသောအခါမှ ရတနာမြတ်သုံးပါးကို ပိုမိုယုံကြည် နားလည် ကိုးကွယ်လာသည်။

BURMESE CLASSIC .com

www.burmeseclassic.com



မြတ်စွာဘုရားဆိုသည်မှာ သုံးလူ့ထွဋ်ထားဖြစ်၍ တရားဓမ္မလည်း ပေးသနားချီးမြှင့်တော်မူရာ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်သည်ဆိုသည်မှာ နည်းပင်နည်းနေပေသေးသည်။ တရားဓမ္မဆိုသည်မှာလည်း ကျင့်ကြံအားထုတ် ဝင်စားသည်နှင့်အမျှ ချမ်းသာငြိမ်းအေးမှု၊ ပေါ့ပါးကြည်လင်မှုတို့ကို ပေးတော်မူလေရာ အထူးပင် ယုံကြည်မြတ်နိုး တန်ဖိုးထား၍ ကိုးကွယ်အပ်ကြောင်း သဘောပေါက်လာပါသည်။ အရိယာ သံဃာတော်ကြီးများမှာလည်း ထို့အတူ ကြီးမားလှစွာသော ကျေးဇူးရှင် လမ်းပြဆရာသမားများ ဖြစ်တော်မူကြလေသည်။ စာရေးသူသည် တရားကျင့်ကြံအားထုတ်ဖြစ်လေလေ ရတနာမြတ်သုံးပါးကို ပိုမိုမြတ်နိုးစွာ ယုံကြည်ကိုးစား ကိုးကွယ်မိလာလေလေ ဆိုသည်မှာ-အမှန်အကန် သတင်းတစ်ရပ်ပင် ဖြစ်ပါသည်။ တစ်ဆက်တည်းပြောလိုသည်မှာ ဗုဒ္ဓဘာသာများအတွက် သစ္စာတရားသည် သိပ်အလှမ်းမဝေးပါ။ လက်တစ်ကမ်းပင် ရှိပါသည်။ ဤခေတ်၌ လေ့လာရာရာ ပညာရပ်များ၌ ထူးချွန်လျက်ရှိကြရာ

BURMESE CLASSIC .com

www.burmeseclassic.com



ဝိပဿနာတရားကို လေ့လာလိုက်စား ကျင့်ကြံပွားများပါ၊ သက်ဆိုင်ရာရာ၌ သူမတူအောင် ထူးချွန်တတ်မြောက်ပိုင်ပိုင်နိုင်နိုင် ခရီးပေါက်နိုင်သည်ဟု အားပေးလိုပါသည်။ ဟိုတစ်ချိန်က တော့မူ …

"သစ္စာအရာ-မင်းတို့နှင့်ဘာဆိုင်လဲ"ဟု ဖြဲချောက်ဟန့်တားခဲ့ဘူးရာ အခုအခါ သာသနာသည် တည်ရှိနေသည်မို့ အသိပညာရှာဖွေရာ လောကုတ္တရာလမ်းခရီး၌ မည်သူမျှ ဟန့်တားနှောင့်ယှက်ခြင်းငှာ မစွမ်းကြတော့ပါ။ "သူတို့မသိလျှင် မသိဘူး" ဟူ၍သာ ဝန်ခံရန် ရှိပါသည်။ သိအောင် ကြိုးစားလိုက်စားသူများအား အဘယ်သူမှ မဟန့်တားနိုင်တော့ကြောင်း- အသိပညာ လေ့လာလိုက်စားမှု အားသန်ချက်ကို ဤခေတ်၌ ကန့်ကွက်၍ မရတော့ပြီဖြစ်ကြောင်း သိသာထင်ရှားနေပါသည်။ စာရေးသူဘက်မှလည်း ကိုယ့်ပါရမီကို ကိုယ်လျှော့မတွက်ပါနဲ့- ပါရမီကို စိတ်ပျက်နေမည့်အစား စွန့်စွန့်စားစား တရားအားထုတ်ကြည့်ပါ။ တရားတော်၏ ဂုဏ်ကျေးဇူးကို ကိုယ်တိုင် တွေ့သိခံစား

BURMESE CLASSIC .com

www.burmeseclassic.com



ရပါစေ့မည်ဟု အားပေးလိုပါသည်။ မကြာတော့မီ ကာလ အတောအတွင်း၌လည်း သာသနာသည် အထူးပွင့်လင်းလာကာ ဝိပဿနာဟူသည် ဤသို့ကျင့်ရသည်၊ အရိယာဟူသည် ဤသို့ သောသဘောရှိသည်၊ ရဟန္တာဟူသည် ဤဂုဏ်ရည်များရှိသည် နိဗ္ဗာန်ဟူသည် ဤသို့သော ချမ်းသာစစ်ရှိသည်ဟူ၍ ကျယ်ကျယ် ပြန့်ပြန့် သိနားလည်လာကြပါလိမ့်မည်ဟု မျှော်လင့်မိကြောင်း ရေးသားဖော်ပြလိုပါသည်။ **HAWKING** ကလည်း သိပ္ပံပညာ စကြဝဠာနှင့် ပတ်သက်၍-

"A COMPLETE UNDERSTANDING MAY NOT BE BEYOUND OUR POWERS... WE MAY NOT BE FOREVER DOOMED TO GROPE IN THE DARK ... WE MAY UNDERSTAND FULLY IN THE NOT-TOO-DISTANT FUTURE ... IT IS SURELY BETTER TO STRIVE FOR A COMPLETE UNDERSTANDING THAN TO

www.burmeseclassic.com



DESPAIR OF HUMAN MIND...."

ထုတ်ဖော်ရေးသားခဲ့လေသည်။ အဓိပ္ပါယ်မှာ-“စကြဝဠာအကြောင်း အပြည့်အစုံ သိနားလည်ဘို့ဆိုတာ ကျွန်တော်တို့ အသိဉာဏ်စွမ်းအင်အတွင်းမှာပဲ ရှိပါတယ်။ ကျွန်တော်တို့ဟာ အမှောင်ထဲမှာပဲ လေးဘက်ထောက် တွားသွားနေဖို့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ဟာ သိပ်မကြာတော့ဘဲ အနာဂါတ်တစ်ချိန်မှာ စကြဝဠာဆိုင်ရာ အကြောင်းကို ကောင်းကောင်းကြီး သိနားလည်လာမှာပါ။ ဒီလို သိနားလည်ရအောင် ကြိုးစားနေရတာဟာ-ကိုယ့်လူသားစွမ်းရည်ကို အထင်သေး စိတ်ပျက်အား ငယ်နေရတာထက် အများကြီး ပိုကောင်းပါတယ်” ဟူ၍ ဖြစ်လေသည်။

**HAWKING** သည် အမှတ်ထူးခေါ် **SINGULARITY** နှင့် **BLACK HOLES** များကို အထူးစိတ်ဝင်စားခဲ့လေသည်။ သူ့ ရှင်းပြချက်အရ **BLACK HOLES** ကို အောက်ပါအတိုင်း သိရှိနားလည် နိုင်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



THIS SINGULARITY WOULD BE AN END OF TIME, AT LEAST FOR THE STAR AND ANYTHING ON IT... THE GRAVITATIONAL FIELD OF THE SINGULARITY WOULD BE SO STRONG THAT LIGHT COULD NOT ESCAPE FROM THE REGION AROUND IT BUT WOULD BE DRAPPED BACK BY THE GRAVITATIONAL FIELD. THE REGION FROM WICH IT IS NOT POSSIBLE TO ESCAPE IS CALLED A BLACK HOLE, AND ITS BOUNDARY IS CALLED THE EVENT HORIZON ..... ANYTHING OR ANYONE WHO FALLS INTO THE BLACK HOLE THROUGH THE EVENT HORIZON WILL COME TO AN END OF TIME AT THE SINGULARITY ...."

www.burmeseclassic.com



ဟူ၍ ဖြစ်လေသည်။ အနီးစပ်ဆုံး ဘာသာပြန်ရသော် အောက်ပါအတိုင်း ဖြစ်ပါသည်။

အမှတ်ထူးခေါ် **SINGULARITY** ဟူသည် အချိန်၏ ချုပ်ဆုံးမှုပင် ဖြစ်သည်။ အနည်းဆုံးအဆိုပါ ဒြပ်ထုပင် ဖြစ်စေ သို့တည်းမဟုတ် သူ့အပေါ်မှာ တည်ရှိနေသော တစ်စုံတစ်ခု ပင်ဖြစ်စေ အကြုံးဝင်ပါသည်။ အမှတ်ထူး၏ ဆွဲအားသည် လွန်စွာကြီးမားပြင်ထန်လေရာ အလင်းပင်လျှင် ထိုဝန်းကျင်မှ လွတ်ထွက်မပြေး နိုင်ပါ။ အလင်းသည် ဒြပ်ဆွဲအားကြောင့် ပြန်လည်ဆွဲယူခြင်းခံရပါလိမ့်မည်။ အလင်းထွက်မပြေးနိုင်ရာ ဒေသကို တွင်းမဲကြီးဟု ခေါ်ဆိုပါသည်။ သူ့အဝန်းအဝိုင်းကို **EVENTHORIZON** ဟုခေါ်ဆိုပါသည်။ တွင်းမဲ ထဲသို့ကျသူ သို့မဟုတ် ကျသောအရာသည် အမှတ်ထူး၌ အချိန်၏အဆုံး နိဂုံးသို့ဆိုက်ရောက်သွားပါလိမ့်မည်။

**HAWKING** သည် စကြဝဠာမည်သို့ စတင်ဖြစ်ပေါ် လာပုံကို သိနားလည်ခဲ့သော်လည်း စကြဝဠာဘာ့ကြောင့်

BURMESE CLASSIC .com

www.burmeseclassic.com



စတင်ဖြစ်ပေါ်လာခဲ့ရသည်ကိုတော့ မသိသေးပါဟု ဆိုခဲ့လေသည်။

**"I WOULD HAVE SUCCEEDED IN MY AMBITION TO DISCOVER HOW THE UNIVERSE BEGIN. BUT I DON'T KNOW WHT IT BEGAN ...."**

ဟု ခေါ်ပြခဲ့လေသည်။

**HAWKING** သည် စကြာဝဠာဗေဒပညာကို လေ့လာခဲ့လေသည်။ ထိုအခါ ကြယ်စုများသည် ကျွန်ုပ်တို့ထံမှ အဝေးသို့ တစ်ဖြည်းဖြည်း ပြေးသွားနေကြကြောင်း သိရှိရလေသည်။ ဆိုလိုသည်မှာ စကြာဝဠာကြီးသည် တစ်ဖြည်းဖြည်း ကျယ်ပြန့် ပြန့်ကားနေသော သဘောအဓိပ္ပါယ်ပင် ဖြစ်သည်။ ဤသို့ ပြန့်ကားနေသဖြင့် ကြယ်စုများသည် တစ်ဖြည်းဖြည်းဝေး၍ ဝေး၍ ကွာလှမ်းနေကြရသည်။ ထိုအခါ ဤသို့ စဉ်းစားနိုင်သည်။ ဟိုယခင်ကမူ ကြယ်များသည် ပိုမိုနီးကပ်စွာ တည်ရှိနေခဲ့ရမည်၊

BURMESE CLASSIC .com

www.burmeseclassic.com



မည်မျှနီးကပ်ကြမည်နည်း၊ သင်္ချာနည်း သိပ္ပံနည်းများဖြင့် တွက်ချက်ကြည့်ရာ ကြယ်စုများသည် တစ်ခုနှင့်တစ်ခု တစ်ထပ်တည်း ဖြစ်နေ ကြရပေလိမ့်မည်။ ထိုအခါ သိပ်သည်းမှုမှာ အံ့မခန်းများစွာ ကြီးမားပေလိမ့်မည်။ ၎င်းအခြေအနေမှ THE BIG BANG ခေါ် မဟာပေါက်ကွဲမှုကြီး ဖြစ်ပေလာရမည်ဟု တွက်ချက်ရကာ အဖြေထုတ်ကြရလေသည်။ ယခုအခါ အဆိုပါ မဟာပေါက်ကွဲမှုကြီးကို သိပ္ပံပညာရှင်များအားလုံး လက်ခံ အတည်ပြုထားကြရပြီ ဖြစ်သည်။ သိပ္ပံပညာသည် တစ်နေ့ တစ်ခြား များစွာသောအရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိရာ ယင်းသို့ တိုးတက်ပုံကို အများသူငါ ပရိသတ်တို့ တင်ပြဖြန့်ဖြူးရမည်ဟု ယူဆကြလေသည်။

"…. THE MOST PEOPLE WOULD BE ABLE TO SHARE IN THE EXCITEMENT AND FEELING OF ACHIE VEMENT IN THE REMARKABLEPROGRESS…."

ဟူ၍ ဖော်ပြကြလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အဓိပ္ပါယ်မှာ- "သိပ္ပံပညာရဲ့ မှတ်သားလောက်တဲ့ တိုးတက်အောင်မြင်မှုတွေကို ပရိသတ်ကြီးကလဲ ရင်ခုန်စွာနဲ့ မျှဝေခံစားနိုင်ကြရမှာပါ" ဟူ၍ ဖြစ်လေသည်။

သိပ္ပံပညာသည် အားကျဖွယ်ကောင်းသည်မှာ ယင်း အချက်ဖြစ်သည်။ သုတေသန ပညာရှင်များကလည်း သုတေသနလုပ်သည်၊ ဖွဲ့နှင့်အသည်းနှင့်လုပ်ကြ ရှာဖွေလေ့လာကြသည်။ အနက်ဖွင့် ရှင်းလင်း တင်ပြကြသူများကလည်း အချိန်ပြည့် ရှင်းလင်းတင်ပြနေကြသည်။ အများသူငါ ပရိသတ်ကြီးကို လည်း ပစ်ပယ်မထားဘဲ လက်တွဲခေါ် ပညာပေးသည်။ ဒေါင့်စုံ ဘက်စုံမှ စေ့စပ်စွာတိုးတက်နေပုံမှာ အားကျစရာ ကောင်းလောက်ပေသည်။

**"IT GIVES PEOPLE THE FEELING THAT THEY NEED NOT BE CUT OFF FROM THE GREAT INTELLECTUAL AND PHILOSOPHICAL QUESTIONS...."**

BURMESE CLASSIC .com

www.burmeseclassic.com



ဟု ဆိုကြသည်။ ဆိုလိုသည်မှာ ပရိသတ်ကြီးသည် အသိပညာဆိုင်ရာ ဒဿနမေးခွန်းများနှင့် မပတ်သက်ပါဟု သူတို့ကိုယ်သူတို့ သတ်မှတ်အားငယ်စရာ မလိုအောင် လမ်းဖွင့်ထားသည်ဟူသော သဘောပင် ဖြစ်လေသည်။

စာရေးသူသည် သိပ္ပံပညာအသိုင်းအဝိုင်းကို အားကျသဖြင့် မိမိတို့ ဗုဒ္ဓဘာသာယောဂီများ အချင်းချင်း သိပ္ပံပညာရှင်များကဲ့သို့ ကြိုးစားကြစေချင်သည်ဟု အကြံပြုဖူးလေသည်။ ဥပမာအားဖြင့် တရားအားထုတ်ကြသူများက တရားအားထုတ် ... အားထုတ်သဖြင့် တွေ့ကြုံသိရှိကြရသော အသိထူး၊ အမြင်ထူးများကို အချင်းချင်းဖလှယ် ဝေဖန်ကြ၊ ဆန်းစစ်ကြ၊ ကောက်ချက်ချကြ၊ ဆွေးနွေးကြ၊ ပညာပေးကြ၊ ပညာဖြန့်ဖြူးကြစသည်ဖြင့် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းခဲ့ဖူးလေသည်။

သိပ္ပံပညာရပ်သည် တိုးတက်နေသည်ဟု ကောက်ချက်ချရသည်မှာလည်း အကြောင်းခံအထောက် အထားများ

BURMESE CLASSIC .com

www.burmeseclassic.com



ရှိလေသည်။ ဥပမာ သိပ္ပံတိုက်စစ်မှူးများသည် လွန်စွာ စွန့်လွှတ်စွန့်စား နိုင်ကြလေသည်။ အများသူငါ သိပ္ပံဆန့်ကျင်သူ ဝေဖန်ရေးသမားများသည် ဤအချက်ကို အလွယ်တကူ မသိမြင်နိုင်ပါ။

**"THEY ARE NOT IN TOUCH WITH THE PRESENT FRONTIER OF SCIENCE"**

ဟူ၍ ကောက်ချက်ချလေ့ရှိကြလေသည်။ ဥပမာ သိပ္ပံကမ္ဘာမှ အတွင်းလူသား သိပ္ပံပညာရှင်များသည် အပြင်ကမ္ဘာမှ သိပ္ပံဝေဖန်သူ အခြားလူများကို ... "သူတို့သည် မိမိတို့၏ ရှေ့တမ်းတိုက်စစ်မှူး ပညာရှင်များဘာ ဘယ်လိုလုပ်ကိုင် ရှာဖွေဆည်းပူးလေ့လာနေကြသည် ဆိုသည်ကို မသိကြပါ။" **ဟုကောက်ချက် ချကြသည်။**

သိပ္ပံပညာတိုးတက်ရာ၌ ...

**"THE SEARCH FOR LOGICAL SELF-CONSISTENCY HAS ALWAYS BEEN MORE**

BURMESE CLASSIC .com

www.burmeseclassic.com



IMPORTANT IN MAKING ADVANCES THAN EXPERIMENTAL RESULTS ...”

ဟူ၍ ခံယူထားကြလေသည်။ ဆိုလိုရင်းအနက် အဓိပ္ပါယ်မှာ သိပ္ပံပညာတိုးတက်ရန် ကြိုးစားရာ၌ လက်တွေ့ သုတေသနမှ ရရှိသော အဖြေရလာဒ်သတင်း အချက်အလက်များသည် အရေးကြီးသည်မှာ မှန်ကန်ပါသည်။ သို့သော် ၎င်းတို့ကို ကြောင်းကျိုးဆက်နွှယ် ယုတ္တိနည်းကျ ရှေ့နောက်ညီညွတ်စွာ တင်ပြရန် ကြိုးစားရခြင်းသည် ပိုမို၍ အရေးကြီးပါသည်ဟူ၍ ဖြစ်သည်။

ဤကိစ္စကို စာရေးသူ ဤသို့စဉ်းစားဖူးသည်။ စာရေးသူ အဖို့မူ ဗုဒ္ဓဘာသာသည် ရုပ်နာမ်အားလုံးကို ကောင်းကျိုးပြု လမ်းညွှန်နေသည်ဟု သိနားလည်သည်။ သို့သော် ဤအချက်ကို ကမ္ဘာသူ၊ ကမ္ဘာသားများ နားမလည်ကြချေ။ အဘယ့်ကြောင့် ပါနည်း။ အဖြေအပြည့်စုံမှာမူ နက်ရှိုင်းကျယ်ပြောပေလိမ့်မည်။ သတ္တဝါတို့၏ အကျိုးပေးကံကြမ္မာနှင့် စရိုက်လက္ခဏာများကြောင့်

BURMESE CLASSIC .com

www.burmeseclassic.com



လည်း ဖြစ်မည်။ သို့သော် စာရေးသူ ဖော်ပြလိုသည် မှာ ဗုဒ္ဓဘာသာကို ယုတ္တိနည်းကျ ဆက်စပ်ရှင်းပြတတ်ဖို့ လိုအပ်လိမ့်မည်ဟူသော အချက်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာ၏ သစ္စာအမှန်ကို ခံယူနားလည်လာတတ်အောင် အတတ်နိုင်ဆုံး ကြိုးစားအပ်သည်ဟု သဘောရလေသည်၊ လိုက်စားသည်၊ မလိုက်စားသည်မှာ သတ္တဝါများ၏ ကံအကျိုးပေးအပေါ် မူတည်နိုင်သည်။ စနစ်တကျ လက်တွေ့ကျကျ ရှင်းပြရန်မှာမူ သာသနာအကျိုးပြု ပုဂ္ဂိုလ်များ၏ တာဝန်ဟုယူဆမိလေသည်။

စကြဝဠာ၏ တည်ဆောက်ပုံနှင့် ပါတ်သက်၍မူ **EINSTEIN** ၏ သဘောထား အနှစ်ချုပ်မှာ-

**"GOD DOES NOT PLAY DICE ....."**

ဟူ၍ ဖြစ်သည်။ အဓိပ္ပါယ်မှာ- "ထာဝရဘုရားသည် ကြွေအန်မကစားပါ" ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ "စကြဝဠာအတွင်း၌ ပရမ်းပဒါဖြစ်ချင်ရာဖြစ်နေ ကြလိမ့်မည် မဟုတ်ပါ"ဟူ၍ ဖြစ်သည်။ **HAWKING** ကတော့မူ ...

www.burmeseclassic.com



**"GOD IS AN INVETERATE GAMBLER AND THAT HE THROWS THE DICE ON EVERY POSSIBLE OCCASION ...."**

ဟူ၍ ရေးသားခဲ့လေသည်။ အဓိပ္ပါယ်မှာ- "ထာဝရဘုရားသည် မွေးရာပါ ကြွေအန်ကစား အစွဲကြီးစွာ ဝါသနာထုံသူဖြစ်သည်။ သူသည်ကြွေအန်စေ့များ၊ အန်စာတုံးများကို ပစ်နိုင်သမျှ နေရာအနှံ့သို့ ပစ်ပေါက်ကစားလေ့ရှိသည်" ဟူ၍ အနက်အဓိပ္ပါယ် ရသည်။ ဆိုလိုသည်မှာ နေရာတိုင်း၌ မမျှော်လင့်သည်များ ဖြစ်တတ်သည်ဟူ၍ဖြစ်သည်။ **EINSTEIN** သည် **QUANTUM MECHANICES** ကွမ်တမ်မက္ကင်းနစ် ပညာကြောင့် စိတ်အနှောင့်အယှက်ကြီးစွာ ဖြစ်ခဲ့သည်။ ထိုပညာရပ်သည် "မသေချာမှုနိယာမ" ကို ဖော်ညွှန်းခဲ့သည် မဟုတ်ပါလော ...

**"MATTER COULD CURVE A REGION IN ON ITSELE SO MUCH THAT IT WOULD**

BURMESE CLASSIC .com

www.burmeseclassic.com



**EFFECTIVELY CUY ITSELF OFF FROM THE REST OF THE UNIVERSE ...THE REGION WOULD BECOME WHAT IS CALLED A BLACK HOLE ...”**

ဒြပ်ထုတစ်ခုသည် စည်မျက်နှာကဲ့သို့ ပြားနေသည်မဟုတ်မူ၍ ... ကွေးကောက်သွားရာ နောက်ဆုံးသော အဆုံးစွန်ကွေးကောက်မှုသည် စကြဝဠာမှ ၎င်းကိုယ်တိုင်ပိုင်းခြားပြတ်သားစွာ စွန့်ခွာ ခွဲထွက်သွားသည်။ ထိုဒြပ်ထုကို တွင်းမဲဟုခေါ်တွင်ရသည်။ **EINSTEIN** ၏အထွေထွေနှိုင်းရသီဝရီသည် **SINGULARITY** ခေါ် ဘိတ်ဘိတ်တုံးချုပ်ဆုံး-အမှတ်ထူးသုံညတနိဂုံးသို့ ဖေါ်ညွှန်းရာ၊ အဆိုပါ အမှတ်ထူး၌ ရူပဗေဒဥပဒေသများ ချုပ်ဆုံးရသည်ဟု အဟောထွက်လေသည်။ **EINSIEIN** သီဝရီ၏ အဆိုပါအဟောထွက်မှုကို သိပ္ပံပညာရှင်အများစုက လက်မခံနိုင်ကြပေ။ ရူပဗေဒဥပဒေသများသည် ထာဝရတည်ရှိနေရမည် ဟုမျှော်လင့်

BURMESE CLASSIC .com

www.burmeseclassic.com



ယုံကြည်ထားကြလေသည်။ ထိုအခါ EINSTEIN ကန့်ကွက်ခဲ့သော ကွမ်တမ်မက္ကင်းနစ်ပညာသည် အရေးပါအရာရောက်လာလေသည်။ ဤပညာရပ်သည် ဘိတ်ဘိတ်တုံးဆုံးမှု အမှတ်ထူးကို ကျော်လွန်ကာ စကြာဝဠာအသီးသီးတို့၏ ဖြစ်ပျက်နေမှုကို ရူပဗေဒသဘာဝ ဓမ္မဥပဒေသအတိုင်း ဖြစ်ပေါ်နေရမည်ဟု အဟောထွက်လေသည်။ ဤကိစ္စ၌ EINSTEIN သီဝရီသည် ဥစ္ဆေဒဒိဋ္ဌိဘက်သို့ အစွန်းရောက်သော ဟောကိန်းထွက်နေသည်ဟု ဗုဒ္ဓဘာသာဘက်မှ ရှုမြင်နိုင်လေသည်။ ဤကိစ္စ၌ ဗုဒ္ဓဝါဒသည် EINSTEIN သီဝရီထက် ကွမ်တမ်မက္ကင်းနစ်သီဝရီကို ပိုမိုကြိုဆိုရမည်ကဲ့သို့ ရှိလေသည်။ ဗုဒ္ဓဝါဒသည် ရှေ့အစွန်း နောက်အစွန်းလွတ်အောင် ယူဆရရာ အထွေထွေနှိုင်းရ သီဝရီကဲ့သို့ ဥစ္ဆေဒဒိဋ္ဌိ၏ခေါ် ဘိတ်ဘိတ်တုံးချုပ်ဆုံးသေဆုံးလောင်တုံးဘက်သို့ ဟောကွက် ထွက်မှုကို ငြင်းဖျက်ရမည်ဖြစ်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



EINSTEIN ၏ အားနည်းချက်များမှာ - အများအားဖြင့် လျှော့နံစားထစ်အမြင်ကြောင့် ဖြစ်လေသည်။ အရာရာကို ပုံသေကားကျဖြစ်ရမည်ဟု ယူဆသတ်မှတ်ချက်ကြောင့် ဖြစ်လေသည်။ EINSTEIN သည် ပြဋ္ဌာန်းခံဝါဒသမားဘက်သို့ တိမ်းညွတ်လေသည်။ လောကဖြစ်ရပ်များမှာ EINSTEIN မှတ်ယူ နားလည်ထားသကဲ့သို့ မဟုတ်ချေ။ ပုံသေကားကျတွက်၍ မရချေ။ မရေရာ၊ မသေချာမှုများသည် အတော် အတန်ကိန်းအောင်းလျက်ရှိလေသည်။ ဗုဒ္ဓဝါဒအရလည်း ပုံသေကားကျ အယူဝါဒကို လက်မခံချေ။ ပစ္စုပ္ပန်ကံ အခြေအနေ၏ အားပေးအားမြှောက်ပြုခြင်းက အဆုံးအဖြတ်ပြုသောအခါများ ရှိနေလေသည်။ ထို့ကြောင့် ဗုဒ္ဓဝါဒ၌ ပစ္စုပ္ပန်ကို တန်ဖိုးထားရခြင်း ဖြစ်လေသည်။

သမိုင်းသည် လျှော့နံစားထစ်မယူအပ်သကဲ့သို့ အစမထင် အဆုံးမမြင်သော အချိန်ယောင်အတွင်း၌ သတ်မှတ်ရလေသည်။ သမိုင်း၏ ဖြစ်တန်ရာခြေအမျိုးမျိုးသည် အချိန်ယောင်အတွင်း၌ တွက်ချက်ရယူနိုင်လေသည်။ ထူးခြားသည်မှာ အချိန်ယောင်

www.burmeseclassic.com



အတွင်းမှ သမိုင်းဖြစ်တန်ရာခြေများသည် အစအဆုံးဟူ၍ မရှိချေ။ တစ်နည်းအားဖြင့် အချိန်ယောင်ဟူသည် အချိန်စစ်နှင့် ဒေါင့်မှန်ကျနေလေသည်။ သို့သော် အစမထင် အဆုံးမမြင် အပ်ပေ။ ထို့ကြောင့် အမှတ်ထူးလည်း မရှိချေ။ အမှတ်ထူးရှိနေသေးသမျှ အဆုံးရှိနေနိုင်လေသည်။ အချိန်ယောင်ဟူသည် အဆုံးအစတို့၏ လွန်ရာဖြစ်လေသည်။

မှတ်ချက်။ ။ အဆိုပါ ဝေါဟာရနှင့် အဓိပ္ပာယ်များသည် နားလည်ရန် အနည်းငယ် ခက်ခဲပါသည်။ သို့သော် သိပ္ပံပညာ အထူးပြုလေ့လာသူတို့ အထူးသဖြင့် ရူပဗေဒနှင့် စကြာဝဠာဗေဒတို့ကို အထူးသိနားလည် လိုသူများအတွက် မကြားဘူး၍ မဖြစ်ပါ။ ဥပမာ- အထွေထွေနှိုင်းရသီဝရီနှင့် ကွမ်တမ်မက္ကင်းနစ် သီဝရီတို့ ပေါင်းစည်းရေး၌-

၁။ တွင်းမဲကြီးများနှင့် တွင်းမဲကြီးများသည် ထင်သလောက် မမဲကြပါဟူသော သဘော

၂။ ဘိတ်ဘိတ်တုံးချုပ်ဆုံး နိဂုံးသုည အမှတ်ထူးသဘော

BURMESE CLASSIC .com

www.burmeseclassic.com



၃။ သမိုင်းကြောင်း၏ ဖြစ်တန်ရာခြေများ၏သဘော

၄။ အချိန်စစ်နှင့် ဒေါင့်မှန်ကျသောအချိန်ယောင်၏သဘော စသည်တို့ကို သဘောပေါက်နားလည်ရန် လိုအပ်ပါသည်။

စကြဝဠာဗေဒကို စိတ်ဝင်စားကြသူများအတွက် အထက်ဖော်ပြပါ အချက်လေးချက်နှင့် ပတ်သက်၍ အကျဉ်းရှင်းပြပါမည်။

(၁) တွင်းမဲကြီးဆိုသည်မှာ-ကြယ်သေမှ ဖြစ်နိုင်ပါသည်။ ကြယ်များသည် သေခါနီး၌ နောက်ဆုံး အလင်းထုတ်လွှင့်ရာ-၄င်းအလင်းကို မိမိကိုယ်တိုင် ပြန်လည်ဆွဲယူကောက်ကိုင်ဝါးမျိုလိုက်နိုင်လျှင် ထိုကြယ်သေသည် တွင်းမဲကြီး ဖြစ်သွားနိုင်ပါသည်။ တွင်းမဲကြီး၏ အဝန်းအဝိုင်းကို **EVENT HORIZON** ဟုခေါ်ပါသည်။ အမှုန်နှင့်ဆန့်ကျင်အမှုန်တို့သည် အဆိုပါအဝန်းအဝိုင်းနားသို့ ဆိုက်ရောက်သွားသောအခါ ပါတနာ

BURMESE CLASSIC .com

www.burmeseclassic.com



အမှုန်တစ်ခုသည် ဖမ်းမိသွား၍ တွင်းမဲကြီးမှ ဝါးမျိုစဉ် ပါတနာအမှုန်တစ်ခုမှ လွတ်မြောက် ထွက်ပြေးခွင့်ရ သွားသော် ထိုလွတ်မြောက်မှုန်ကို တွင်းမဲကြီးမှ ပြန်မထွက်သကဲ့သို့ မှတ်ယူရတတ်ပါသည်။ ထို့ကြောင့် တွင်းမဲကြီးများသည် သိပ်မမဲကြပါဟု အဆိုရှိလာလေ သည်။ ၎င်းထွက်ပြေးအမှုန်ကို **HAWIKING RADIATION** ဟု ခေါ်ပါသည်။ အခါအားလျော်စွာ လည်း တွင်းမဲဝါးမျိုခြင်းခံရပြီးမှ ရောင်စင်လှိုင်းအပူငွေ့ တစ်မျိုးကို သံသရာလည်လာသော တစ်ဖြစ်လဲ အငွေ့အတန်းဟု ခေါ်ရပါသည်။ မည်သို့ဆိုစေ တွင်းမဲ ကြီးမှတစ်ဖြစ်လဲ အငွေ့အတန်းများ ထွက်လာတတ်ပါ သည်။ ၎င်းကို **HAWKING** တွေ့ရှိခြင်း ဖြစ်ပါသည်။ အခြားဖော်ပြစရာ အများအပြားရှိပါသည်။ သို့သော် အထူးစိတ်မဝင်စား သူများ ခေါင်းရှုတ်မခံ စေလိုပါ။ အဓိကမှာ **EINSTEIN** ၏ သီဝရီသည် လွဲချော်နေပါ

BURMESE CLASSIC .com

www.burmeseclassic.com



သည်။ မပြည့်စုံပါ။ အရာရာသည် ဘိတ်ဘိတ် တုံးမချုပ်ဆုံးပါ။ ကွမ်တင်မက္ကင်းနစ်ပညာဖြင့် လေ့လာပါက ဘိတ်သိတ်တုံးမချုပ်ဆုံး သံသရာလည်တတ်သော သဘောကို တွေ့ရပါသည်။ ထို့ကြောင့် EINSTEIN သီဝရီကို ပြုပြင်ဖြည့်စွက်ရန် ကြံ့ဆနေကြခြင်း ဖြစ်ပါသည်။

(၂) အမှတ်ထူးဟူသည် ဒြပ်တစ်ခု၏ ကောက်ကွေးခြင်းမှာ အနန္တတန်ဖိုးသို့ ဆိုက်ရောက်သော အမှတ်ထူးသို့ ရောက်လျက် ဆွဲအားအဆုံးစွန်ရောက်သွားခြင်း ဖြစ်ပါသည်။ ဥပမာ- စကြဝဠာစတင်မဖြစ်မီ- သို့မဟုတ်- လုံးဝပျက်စီးသွားပြီးနောက် ဆိုက်ရောက်မည့် အခြေအနေ-အမှတ်ထူးမှာ EINSTEIN သီဝရီမှ ညွှန်းဆိုချက်ဖြစ်ပါသည်။ အမှတ်ထူး၌ ရူပဗေဒ ဥပဒေသများလည်း ချုပ်ဆုံးရမည်ဖြစ်ရာ ယင်းအချက်ကို သိပ္ပံပညာရှင်များ လက်မခံကြပါ။ စကြဝဠာစတင်

BURMESE CLASSIC .com

www.burmeseclassic.com



မဖြစ်မီက အမှတ်ထူးဖြစ်နေကြောင်း **EINSTEIN** သီဝရီက ဟောထွက်ပါသည်။ ယင်းအချက်ကို သိပ္ပံပညာရှင်များက လက်မခံပါ။ ဥပမာ စကြဝဠာစတင်မဖြစ်မီက ဘာမှမရှိဟု မယူကြပါ။ သဘာဝဥပဒေသများ ဓမ္မဥပဒေသများ၊ ရူပဗေဒဥပဒေသများ ရှိရမည်ဟု သိပ္ပံပညာရှင်အချို့ **EINSTEIN** သီဝရီနှင့် ဆန့်ကျင်၍ ယုံကြည်နေကြပါသည်။

(၃) သမိုင်းကြောင်း ဖြစ်တန်ရာခြေဆိုသည်မှာ သမိုင်းဖြစ်ရပ်ကို တစ်မျိုးတည်းသာဖြစ်ရမည်ဟု မယုံကြည်အပ်ကြောင်းပင် ဖြစ်ပါသည်။ ဥပမာ စကြဝဠာသည် ဤသို့ဤသို့သော သမိုင်းကြောင်းအတိုင်း ဖြစ်ရမည်ဟု မသတ်မှတ်ရပါ။ အခြေအနေအမျိုးမျိုးကြောင့် အဖြစ်အပျက်အမျိုးမျိုး ဖြစ်တန်ရာခြေရှိသည်ဟု ယူဆရခြင်းသဘော ဖြစ်ပါသည်။ ဖြစ်ရပ်ဖြစ်စဉ်များ၌ တရားသေပြဋ္ဌာန်းပြီးသား အဆုံးစွန်သို့ ဆိုက်ရောက်နေ

BURMESE CLASSIC .com

www.burmeseclassic.com



သည်ဟု မယူရပါ။ ပစ္စုပ္ပန်သည် အနာဂါတ်ကို ပြောင်းလဲနိုင်သည်။ အတိတ်သည် အနာဂါတ်ကို ဖြစ်တန်ရာခြေမျှသာပေးသည်။ ပစ္စုပ္ပန်၏ စွက်ဖက်မှုသည်လိုသည်။ စွက်ဖက်သည်နှင့်အမျှ အနာဂါတ်သည် ပြောင်းလဲသွားတတ်သည်။ ထို့ကြောင့် သမိုင်းဖြစ်စဉ်ကို ပုံသေကားကျ မသတ်မှတ်ရဟူသော အဓိပ္ပာယ်ပင် ဖြစ်ပါသည်။

(၄) အချိန်ယောင်ဆိုသည်မှာ အချိန်စစ်နှင့်မတိုင်းတာနိုင်သောသဘောများကို တိုင်းတာခြင်းဖြစ်ပါသည်။ အချိန်စစ်၌ အစရှိရသည်။ အဆုံးရှိရသည်။ အချိန်ယောင်၌မူ အစမရှိချေ။ အဆုံးလည်းမရှိချေ။ ယင်းအခြေအနေကို တိုင်းတာလိုပါက အချိန်ယောင်နှင့် တိုင်းတာရလေသည်။

ဤကား အကြမ်းသဘောမျှ ဖော်ပြခြင်း ဖြစ်ပါသည်။ အနည်းငယ်ရှုပ်ထွေးနက်ရှိုင်းသော်လည်း နောက်ဆုံးပေါ် သိပ္ပံ

BURMESE CLASSIC .com

www.burmeseclassic.com



ပညာရပ်၏ သော့ချက်များ ဖြစ်နေ၍ အကြမ်းဖျင်း ဝင်စားနိုင်ရန် မိတ်ဆက်ဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။(စကားချပ်)

ဤနေရာ၌ စကြာဝဠာ၏ အရင်းအမြစ်ကို အနည်းငယ်တင်ပြပါမည်။ စကြဝဠာ၏ အရင်းမြစ်ဆိုင်ရာ ပြဿနာမှာ အိုမင်းဟောင်းနွမ်းလှပါပြီ။ ကြက်ဥနှင့် ကြက်မ မည်သည်က အစပါနည်းဟု မေးမြန်းခဲ့ကြရပါသည်။ စကြာဝဠာကို ဖန်ဆင်းရှင်ရှိပါသလောဟူသော မေးခွန်းမျိုးလည်း ပေါ်ပေါက်ခဲ့ပါသေးသည်။ ဟိုယခင်ကမူ သိပ္ပံပညာရှင်များသည် ဤပြဿနာကို ရှောင်ကွင်းဖို့ ကြိုးစားခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုပြဿနာမှာ ဘာသာရေးလိုင်းနှင့်သာ သက်ဆိုင်သကဲ့သို့ အယူရှိကြသည်။ သို့သော် နောက်ပိုင်း၌မူ သိပ္ပံဆိုင်ရာဥပဒေသများသည် စကြဝဠာအစကတည်းက တည်ရှိလွှမ်းမိုးခဲ့ကြကြောင်း ခံယူနားလည်လာကြသည်။ စကြဝဠာသည် သိပ္ပံဥပဒေသများနှင့်အညီ သူ့ဖာသာသူ ရပ်တည်ဖြစ်ပေါ် လှုပ်ရှား ဖြစ်ပျက်နေကြောင်း ကောင်းကောင်း သဘောပေါက်လာကြသည်။ ၁၉၂၉ ခုနှစ်က

BURMESE CLASSIC .com

www.burmeseclassic.com



EDWIN HUBBLE ဆိုသူက စကြဝဠာသည် ပြန့်ကားနေကြောင်း ထုတ်ဖော် တင်ပြလိုက်လေသည်။ ၎င်းကိုအခြေခံ၍ စဉ်းစားရန် ဟိုအတိတ်ယခင်က ကြယ်စုများသည် တစ်ခုအပေါ်တစ်ခု ထပ်နေကြလိမ့်မည်ဟု တွက်ချက်ရယူသိမြင်လာကြလေသည်။

ယင်းအချိန်မှာ နှစ်ပေါင်း(၁၂)ဘီလီယံကဟု ခန့်မှန်းနိုင်ကြလေသည်။ ထိုအချိန်က စကြဝဠာကြီးသည် ဥကလေးသေးသေး ဥငယ်တစ်ခုလောက်မှ အစပြုခဲ့ရာသည်။ ထိုစကြဝဠာဥသည် သိပ်သည်းမှုအစွမ်းကုန် ပြင်းထန်ကာ မဟာပေါက်ကွဲမှုကြီး ဖြစ်လာရသည်ဟု အယူရှိကြလေသည်။ EINSTEIN သီဝရီကမူ ထိုစကြဝဠာမတိုင်မီက ဘာမှမရှိ၊ ဗလာနတ္ထိ၊ ဘိတ်ဘိတ်တုံး ချုပ်ဆုံးနေသည်ဟု အဟောထွက်လေသည်။ သို့သော် EINSTEIN ပစ်ပယ်ထားသော ကွမ်တမ်မက္ကင်းနစ်ပညာအရ စကြဝဠာဥမတိုင်မီကလည်း ရူပဗေဒဆိုင်ရာ ဥပဒေသများ တည်ရှိသကဲ့သို့ အခြား အခြားသော စကြဝဠာ

www.burmeseclassic.com



များလည်း မိုးမဆုံး လေမဆုံး ပျက်စီးလာနိုင်ခဲ့ကြောင်း အဟော ထွက်လေသည်။

EINSTEIN ၏ သီဝရီသည် စကြဝဠာအစ မတိုင်မီက ဘာဥပဒေသမှ မရှိရဟု ဟောကိန်းထွက်ရာ သူ့သီဝရီကြီးပါ ချုပ်ဆုံးသွားရမှာပါဟု ဖွင့်ဆိုသကဲ့သို့ ရှိလေသည်။ ထိုသီဝရီသည် ကိုယ့်သေတွင်း ကိုယ်တူးခဲ့သော သီဝရီဟု တစ်ဘက်မှ ဆိုစရာဖြစ်လာသည်။

"GENERAL RELATIVITY BRINGS AB0UT ITS OWN DOWNFAL BY PREDICTING SINGULARITIES ...." ဟူ၍ ဖြစ်လေသည်။ ထို့ကြောင့် နောက်ပိုင်းတွင် စကြဝဠာ၏ မူလအစအကြောင်း ဆွေးနွေးကြသောအခါ ကွမ်တမ်မက္ကင်းနစ်ပညာ မပါလျှင် မပြီးနိုင်တော့ကြောင်း သဘောပေါက်လာကြသည်။ ကွမ်တမ်မက္ကင်းနစ်ပညာကို မှီငြမ်းပြု၍ စကြဝဠာသည် ကန့်သတ်မှုရှိသော်လည်း အနားသတ် ဘောင်အစွန်းမရှိကြောင်း၊ ဖောင်းပွ သီဝရီများဖြင့်

BURMESE CLASSIC .com

www.burmeseclassic.com



ဖြေရှင်းတင်ပြ လာကြလေသည်။ ယခုအခါ စကြာဝဠာဖြစ်လာပုံ အမှုအကျင့်ကို လေ့လာသိရှိနားလည်ခွင့်ရလာကြပါပြီ။ သို့သော် စကြဝဠာသည် အဘယ်ကြောင့် ဖြစ်ပေါ်တည်ရှိချင်နေရကြောင်း ကိုမူ သိပ္ပံပညာအနေဖြင့် မရှာဖွေ မတွေ့ရှိနိုင်သေးကြောင်း မှတ်တမ်းပြု ဝန်ခံလျက်ရှိသော အခြေအနေ၌ ရှိနေပါသည်။

**EINSTEIN** သည် **"GOD DOES NOT PLAY DICE"** ဟု ယူဆခဲ့သဖြင့် နှစ်ထပ်ကွမ်းမှား နေကြောင်း ကွမ်တမ်မက္ကင်းနစ်ပညာက တွေ့ရှိလာခဲ့လေသည်။

**EINSTEIN WAS DOUBLY WRONG WHEN HE SAID, "GOD DOES NO PLAY DICE ....CONSIDERATION OF PARTICLE EMISSION FROM BLACK HOLES WOULD SEEM TO SUGGEST THAT GOD NOT ONLY PLAYS DICE BUT ALSO SOMETIMES THROWS THEM WHERE THEY CANNOT BE SEEN..."**

BURMESE CLASSIC .com

www.burmeseclassic.com



အဓိပ္ပာယ်မှာ–"ဘုရားသခင်သည် ကြွေအန်မကစားပါဟု ပြောသော **EINSTEIN** သည် နှစ်ထပ်ကွမ်း မှားယွင်းခဲ့လေသည်။ တွင်းမဲကြီးများမှ ထုတ်လွှင့်ထွက်ပေါ်လာသော အမှုန်များအရ ဘုရားသခင်သည် ကြွေအန်ကစားရုံမျှမက သူသည် မမြင်ကွယ်ရာသို့ ကြွေစေ့များ ပစ်ပေါက်တတ်သည် ဟုပင် ဆိုရန်သာရှိနေပါတော့သည်"(အနီးစပ်ဆုံးဘာသာပြန်မှု)

**BLACK HOLES** ခေါ် တွင်းမဲကြီးများနှင့် ပတ်သက်သော ဖော်ပြချက်များကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။

I. **IF YOU JUMP IN TO A BLACK HOLE, YOU WILLL GET TORN APART AND CRUSHED OUT OF EXISTENCE.**

II. **THERE WOULD BE A REGION FTOM WHICHIT WOULD BEIMPOSSIBL FOR ANYTHING TO ESCAPE. THIS REGION IS CALLED A BLACK HOLE. ITS**

BURMESE CLASSIC .com

www.burmeseclassic.com



BOUNDARY IS CALLED THE EVENT HORIZON. IT IS FORMED BY THE LIGHT THAT JUST FALLS TO GET AWAY FROM THE BALCK HOLE BUT STAYS COVERING ON THE EDGE.

III. NO FURTHER LIGHT, OR ANYTHING ELSE, WILL BE ABLE TO ESCAPE. THE STARS WILL HAVE BECOME BLACK HOLES.

IV. WHAT WILL HAPPEN THEN TO THE OBJECTS, INCLUDING POSSIBLE SPACESHIPS, THAT HAVE FALLEN TO SOME RECENT WORK THE ANSWER IS THAT THEY WILL GO OFF INTO A LITTLE BABY UNIVERSE OF THEIR OWN.

BURMESE CLASSIC .com

www.burmeseclassic.com



## V. BECAUSE OF BLACK HOLES, WE WILL BE ABLE TO PREDICT LESS THAN WE EXPECTED.

အနီးစပ်ဆုံး အဓိပ္ပာယ်ကို ဖော်ပြပါမည်။

၁။ သင်သည် တွင်းမဲကြီးထဲသို့ ခုန်ဆင်းလိုက်သောအခါ သင်သည် တစ်စစီ ဆွဲဆုတ်ခြေမှုန်းခံရမည်ဖြစ်ပြီး သင်၏ တည်ရှိမှုကြီး ပျက်စီးဆိတ်သုဉ်းသွားမည် ဖြစ်သည်။

၂။ နယ်မြေတစ်ဝိုက်ရှိရာ နယ်မြေမှ မည်သည့်အရာမှ မလွတ်မြောက်နိုင်။ ထိုနယ်မြေမှာ တွင်းမဲဖြစ်သည်။ အဝန်းအဝိုင်းသည် **EVENT HORIZON** ဖြစ်သည်။ ၎င်းအဝန်းအဝိုင်း၏ အနားသတ်မှာ အလင်းနှင့် တည်ဆောက်ထားသည်။ ထိုအလင်းမှာ တွင်းမဲမှလည်း လွတ်အောင်မရုန်းထွက်နိုင်၊ တွင်းမဲ၏အနားသတ် အစွန်မှာ တွဲလဲ ခိုဝင်လျက် တည်နေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



၃။ မည်သည့်အလင်း မည်သည့်အရာမှ မလွတ်ထွက်နိုင်၊ ထိုကြယ်သည် တွင်းမဲဖြစ်လာမည်။

၄။ တွင်းမဲထဲကျသွားသည့် အရာဝတ္ထု သို့မဟုတ် အာကာသယာဉ်များသည် မည်သို့မည်နည်း? နောက်ဆုံးပေါ်တွေ့ရှိချက်မှာ ၄င်းတို့သည် တစ်နည်းနည်း အသွင်ပြောင်း၍ စကြဝဠာငယ်များ ဖြစ်သွားမည်။

၅။ တွင်းမဲများ၏ တည်ရှိမှုကို နားလည်သဘောပေါက်လာသောအခါ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ မျှော်မှန်းထားသည်ထက်လျှော့နည်း၍ ကြိုတင်ပြော ဟောကိန်းထုတ်နိုင်မည်။ ကျွန်ုပ်တို့ မျှော်မှန်းထားသလောက် ကြိုတင်မပြောနိုင်တော့ချေ။

တစ်ခါက စာရေးသူအား ''မြတ်စွာဘုရားသည် သိပ္ပံပညာတတ်ပါသလား?'' ဟု မေးခဲ့ကြဖူးလေသည်။ စာရေးသူက ''မြတ်စွာဘုရားမသိတာ ဘာမှမရှိဘူး အကုန်သိတယ်၊ နက်နက်ရှိုင်းရှိုင်း သိမြင်တော်မူတယ်။

BURMESE CLASSIC .com

ဒါပေမယ့် သံသရာမှ ထွက်မြောက်ရာလမ်းကိုသာ ဟောတော်မူတယ်။ မှန်တဲ့အရာအတိုင်းကို မဟောဘူး၊ အကျိုးရှိမှ ဟောတော်မူတယ်'' ဟု အဖြေပေးခဲ့ဘူးလေသည်။ မြတ်စွာဘုရားသည် သံသရာမှ ထွက်မြောက်ကြောင်း အကျိုးရှိရာရှိကြောင်းကိုသာ ဟောမိန့်တော်မူသည်။ လူတို့သည် မြတ်စွာဘုရား၏ တရားတော်ကို မသိကျိုးကျင်ပြုကာ မလေ့ကျင့် မကျင့်ကြံဘဲ ဥပက္ခာပြုထားကြသည်မှာ စိတ်မကောင်းစရာ ဖြစ်သည်။ လွန်စွာအကျိုးရှိသော တရားတော်ကို မကျင့်ကြံဘဲ နေဖြစ်ကြသည်မှာ အံ့သြစရာဖြစ်နေလေသည်။

စာရေးသူ မကြာခဏ စဉ်းစားမိသည်။ မြတ်စွာဘုရား၏ တရားတော်ကို အဘယ့်ကြောင့် မကျင့်ကြံ ကြပါသနည်းဟူ၍ ခဏခဏ စဉ်းစားမိသည်။ အဖြေမှာ- စာဘက်ကို အလိုက်များနေသောကြောင့်ဟု ယူဆမိသည်။ ကျင့်ကြံအားထုတ်မှုအပိုင်းမှာ လွန်စွာနည်းနေသည်။ ဥပမာ-ယခုအခါ ဝိပဿနာ ကျင့်ကြံအား

BURMESE CLASSIC .com

www.burmeseclassic.com



ထုတ် အလုပ်လုပ်ရာ၌ မည်သို့ကျင့်ကြံရပါမည်နည်းဟု ဆွေးနွေးကြလျှင် ကိုယ်သန်ရာ ကိုယ်ပြောနိုင်ကြမည်။ လက်တွေ့ ကျင့်ကြံသောအခါ ဘာတွေဖြစ်သနည်းဟု မေးမြန်းပါက အဖြေကို အချင်းချင်း အသိပညာဖလှယ်သော သဘောဖြင့် အပြန်ပြန်အလှန်လှန် ဆွေးနွေးသင့်သည်။ ထိုအခါ ပိုမို ကောင်းမွန်သောအဖြေများ လမ်းညွှန်မှုများ၊ တိကျမှုများ၊ ရှင်းလင်းမှုများ ပိုမိုရရှိပေါ်ထွက်နိုင်မည်၊ ခက်ခဲသည်မှာ ဝိပဿနာပညာကျင့်အား မည်၍ မည်မျှ ရှိသည်ဆိုသည်ကို လက်တွေ့ပြသရန် မလွယ်ခြင်းပင် ဖြစ်သည်။

မည်သူက မည်သူ့ကို လက်တွေ့ကျင့်ကြံမှု၌ အထင်ကြီး ရမည်။ ဦးစားပေးရမည်ကို မဆုံးဖြတ်နိုင်ခြင်းပင် ဖြစ်သည်။ ထိုအခါ လက်တွေ့ဝိပဿနာကိစ္စ ဝိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် အခက်အခဲ ဖြစ်လာသည်။ ဤသို့ဖြင့် ကိုယ့်အသိုင်းအဝိုင်းနှင့်ကိုယ် ကျဉ်းကျဉ်းမြောင်းမြောင်း လှေ့ကျင့် နေကြရသည်။ ၎င်းမှာ မတိုးတက်ခြင်း၏ ပဏာမဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ကိုယ့်ငါးချဉ်ကိုသာ ကိုယ်ချဉ်နိုင်သည်။ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆွေးနွေးရန် မလွယ်ကူတော့ချေ။ ထို့ကြောင့် ဖြစ်လည်း မဖြစ်တော့ချေ။ အချင်းချင်းညှိနှိုင်း တိုင်ပင်ဆွေးနွေးနိုင်လျှင် အကောင်းဆုံးဖြစ်နိုင်သည်။ ယခုထက်တိုင် လက်တွေ့ ဝိပဿနာကျင့်ကြံအားထုတ်ပုံ နည်းအစုံစုံတို့ကို ကျယ်ကျယ်ပြန့်ပြန့် ပွင့်လင်းရဲတင်းစွာ ဆွေးနွေးဖို့ လုံ့လမပြုကြသေးပေ။ ဤကိစ္စမျိုးနှင့် ပတ်သက်၍မူ လေးလံထိုင်းမှိုင်းနေကြသည်သာ ဖြစ်သည်။ စီမံဆောင်ရွက်ပေးသူများ မရှိကြသေးချေ။

ဤနေရာ၌ အရာရာသည် သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်ပါသလားဟူသော မေးခွန်းအကြောင်း ဖော်ပြပါမည်။

"**MEN AT SOME TIME ARE MASTERS OF THEIR FATE**" ဟု အယူရှိကြသည်။ လူသည် ကံကြမ္မာ၏ဆရာသမား အမှန်တစ်ကယ်ဖြစ်ပါ၏လားဟု စဉ်းစားဖွယ်ရှိလေသည်။ ကျွန်ုပ်တို့ လုပ်ကိုင်ဆောင်ရွက်သမျှသည် ကြိုတင်သတ်မှတ်ပြီးသားပါလားဟု ဝင်စားနိုင်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ကြိုတင်သတ်မှတ်ပြီးသားဟု ယူဆပါက လွတ်လပ်စွာ လုပ်ဆောင်မှုသည် အဓိပ္ပာယ်ကင်းပျောက်နေပေလိမ့်မည်။ မလွတ်လပ်ပါဟု ခံယူပါက ကျွန်ုပ်တို့၏ ပြုမူလုပ်ဆောင်လှုပ်ရှားချက်အတွက် တာဝန်မရှိတော့ချေ။ တာဝန်မရှိလျှင် ပြစ်ဒဏ်သတ်မှတ်၍ မရချေ။ ရွေးချယ်မှု လွတ်လပ်မှသာ ပစ်ဒဏ်ခံရမှုအတွက် တာဝန်ခံယူနိုင်သည် မဟုတ်ပါလား?

ယခုခေတ်တွင် အရာရာပြဋ္ဌာန်းမှုသည် သိပ္ပံပညာရပ်ကို အခြေခံပြုသကဲ့သို့ ရှိသည်။ သိပ္ပံသည် စကြဝဠာဆိုင်ရာ ဥပဒေသများကို ရှာဖွေထုတ်ဖော်နေသည် မဟုတ်ပါလား? စကြဝဠာနှင့်တကွ သူ့အပေါ်၌ ဖြစ်ပျက်နေသော ဖြစ်ရပ်ဖြစ်စဉ်များ အချိန်နှင့်အမျှ မည်သို့တိုးတက်နေပုံကို သိပ္ပံပညာရပ်က ဖော်ထုတ်၍ အဓိပ္ပာယ်ဖွင့်ဆိုနေသည် မဟုတ်ပါလော? သိပ္ပံပညာအနေနှင့်ကလည်း သဘာဝဥပဒေသအားလုံးကို တစ်စုတစ်ဝေးတည်း ရှာဖွေတွေ့ရှိသိမြင်ပြီးပြီဟု မဆိုနိုင်သော်လည်း သဘာဝဥပဒေသ တော်တော်များများကို လေ့လာတွေ့ရှိပြီး

www.burmeseclassic.com



ပြန်သဖြင့် အတော်အသင့် အထိတော့ ကြိုတင်ပြောဟောကိန်း ထုတ်လာနိုင်သည်မှာ လွန်စွာ အသေးစိတ်သော ချွင်းချက်များမှ မှန်ကန်တိကျမှုရှိနေကြပြီမဟုတ်ပါလော?

ဗုဒ္ဓဘာသာအနေနှင့်ကတော့မူ ပစ္စုပ္ပန်ကံကို တန်ဖိုးထားကြရလေသည်။ ပုဂ္ဂိုလ်တစ်ဦးသည် လိမ္မာလျှင် သို့မဟုတ် တရားတော်ကို တန်ဖိုးထား၍ နာကြားကျင့်ကြံလျှင် အရိယာဖြစ်နိုင်လေသည်။ မကျင့်ကြံလျှင် ပုထုဇဉ်ပဲ ဖြစ်နေနိုင်လေသည်။ ပစ္စုပ္ပန်ကံ၏ အထောက်အပံ့သည် လွန်စွာအရေးကြီးလေသည်။ သံသရာ၌ ကျင်လည်ရစဉ် မီးခဲပြာဖုံးပုဂ္ဂိုလ်များလည်း ရှိနိုင်လေသည်။ လူသာမာန်သည် မိမိကိုယ်ကို မီးခဲပြာဖုံးပုဂ္ဂိုလ် ဟုတ်မဟုတ် အလွယ်တကူ မသိမြင်နိုင်ချေ။ ကြိုးစားခြင်းဖြင့်သာ တာဝန်ကျေအပ်လေသည်။ သူတော်ကောင်းများ၏ အရိပ်အာဝါသအောက်၌ ခိုလှုံခွင့်ရလျှင်မူ အတိုင်းထက်အလွန်ဝမ်းသာဖွယ်ရာကောင်းပေလိမ့်မည်။ သို့မဟုတ်ပါက အထူးကြိုးစားရန်မှာ မိမိတာဝန်သာ ဖြစ်ပေလိမ့်မည်။ ဗုဒ္ဓဝါဒ၌ ကြိုးစားခြင်းသည်

BURMESE CLASSIC .com

www.burmeseclassic.com



အရာရာကို တန်ဆာဆင်အပ်ရသည်သာ ဖြစ်ပါသည်။

စကြဝဠာအတွင်းရှိ ဖြစ်ရပ်အားလုံးကို ဖြေရှင်းနိုင်၍ ကြိုတင်ပြောဟောကိန်းထုတ်နိုင်ရေး သီဝရီ ဆိုသည်မှာ- တကယ်တော့ အခက်အခဲများစွာ ရှိလေသည်။ ဥပမာ- ကျွန်တော်တို့ခြံထဲက သရက်တစ်ပင် ဒီနှစ် သရက်သီးမည်မျှ သီးမည်နည်းဟူသော မေးခွန်းကို အဆိုပါသီဝရီကြီးသည် မည်သို့ တွက်ချက်ထုတ်ဖော် တင်ပြနိုင်ပါမည်နည်း။ သရက်ပင်တစ်ပင် သည် ဩဇာသီးမသီးနိုင်ဘဲ သရက်သီးသာလျှင် သီးမည်ဟူ၍မူ အဟောထွက်နိုင်သော်လည်း အလုံးရေ မည်၍မည်မျှ သီးမည် ကိုမူ ဟောထွက်ရန် ခက်ခဲကြလေသည်။ တစ်နည်းအားဖြင့် အသေးစိပ်အထိ ထုတ်ဖော်ဖွင့်ဆိုနိုင်ဖို့ များစွာအခက်အခဲ ရှိပေလိမ့်မည်။

သက်ရှိတစ်ဦးဦးကို လွတ်လပ်မှုရှိ-မရှိ သိလိုပါက သူ့အပြုအမူကို ကြိုတင်ပြောဟောကိန်းထုတ်ထားရန်ပင် ဖြစ်သည်။ အဆိုပါတစ်ဦးအား သူ့အပြုအမူကို ကြိုတင်ပြောပြ၍

BURMESE CLASSIC .com

www.burmeseclassic.com



ရသည်ဆိုလျှင် သူသည် လွတ်လပ်စွာ လှုပ်ရှားသူမဟုတ်၊ တရားသေ သတ်မှတ်ပြဋ္ဌာန်းပြီး ဖြစ်သည်ဟု ဆိုနိုင်သည်။ လူသားတစ်ဦးကိုတော့မူ ကြိုတင်ပြောဟောကိန်းထုတ်၍ မရပေ။ ကြိုတင်ပြောထားသည်ဆိုပါစေ လူသည် ကြိုတင်ပြော ဟောချက်နှင့် မကိုက်ညီ၊ ဆန့်ကျင်ဘက်လုပ်ပြနိုင်သေးသည်။ ထို့ကြောင့် လူသားများအား တရားသေချုပ်ဆို ပြဋ္ဌာန်းပြီးဖြစ်သည်ဟု မဆိုသာချေ။ လူသည် လွန်စွာမှ ရှုပ်ထွေးစွာ လုပ်ဆောင်တတ်သော သတ္တဝါအမျိုးအစား ဖြစ်လေသည်။

လောကကြီး၌ သတ်မှတ်ချက်များတော့ ရှိပါသည်။ သို့သော် ရိုးရိုးလူသားများအဖို့ အဆိုပါ သတ်မှတ်ထားချက်ကို မသိနိုင်ပါ။ ထို့ကြောင့် ဘာကိုသတ်မှတ်ထားမှန်းမသိရကား သတ်မှတ်ပြီးသား မဟုတ်သကဲ့သို့ အနက်ဖွင့်ဆိုနိုင်ပါသည်။

**"IS EVERY THING DETERMINED? THE ANSWER IS YES,IT IS. BUT IT MIGHT AS WELL NOT BE,BECAUSE WE CAN NEVER KNOW**

BURMESE CLASSIC .com

www.burmeseclassic.com



WHAT IS DETERMINED"

"အရာရာသည် သတ်မှတ်ပြီးပါပြီလား?

အဖြေမှာ-ဟုတ်ကဲ့-သတ်မှတ်ပြီးပါပြီ။ သို့သော် မသတ်မှတ်ရသေးပါဟုလည်း ပြောနိုင်သည်။ အကြောင်းမှာ ဘာကို သတ်မှတ်ထားကြောင်း ကျွန်တော်တို့ ပုထုဇဉ်တွေ မသိနိုင်သောကြောင့် ဖြစ်ပါသည်။

ဤနေရာ၌ **HAWKING** ကို ပိုမိုနားလည်နိုင်စေရန် ဖြစ်စေ၊ **HAWKING** ကို ဗျူးကြ၊ မေးကြ၊ မြန်းကြ၊ **HAWKING** က ဖြေပုံအမျိုးစုံကို အမေးအဖြေပုံစံဖြင့် အနီးစပ်ဆုံး ဖော်ပြလိုက်ပါသည်။

အမေး- ရူပဗေဒနှင့် တေးဂီတ ဘယ်ဟာကပို၍ နှစ်သိမ့်စေပါသလဲ?

ဟော့ကင်းအဖြေ- ရူပဗေဒအဖြေရမှုက ပိုမို၍နှစ်သက်စေပါသည်။ သို့သော် ထိုအဖြေမျိုးကို ရအောင် နှစ်ပေါက်ကြိုးစားရပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



တေးဂီတနားထောင်ရန်မှာမူ လွယ်ကူပါသည်။

အမေး- ဖခင်လုပ်သူက စာသင်ပေးပါသလား?

ဟော့ကင်းအဖြေ- သင်္ချာဘာသာ သင်ပေးပါသည်။ နောင်သော် ကျွန်တော် သူ့ထက်ပိုတတ်သွားကြောင်း သိတော့မှ ဆက်လက်မသင်တော့ပါ။

အမေး- ဆရာငယ်စဉ်က ခေါင်းမာသည်ဆိုသည်မှာ မှန်ပါသလား?

ဟော့ကင်းအဖြေ- ကျွန်တော့်ဆုံးဖြတ်ချက်တို့အပေါ် ကျွန်တော် ခိုင်မာစွာ ရပ်တည်ပါသည်။ ဒါလောက်မှ မခိုင်မာလျှင် ကျွန်တော့်ကို အခုလို လူရာသွင်းပြီး မေးမြန်းကြမှာ မဟုတ်ပါ။

အမေး- ရူပဗေဒကို ဘာ့ကြောင့် လိုက်စားဖြစ်တာသလဲ?

ဟော့ကင်းအဖြေ- အရာရာရဲ့ အခြေခံကျလို့ပါ။

BURMESE CLASSIC .com

www.burmeseclassic.com



အမေး- ငယ်စဉ်က အတန်းထဲမှာ ဘိတ်ချီးဘက်မှာ နေရတယ်ဆိုတာ ဟုတ်ပါသလား?

ဟော့ကင်းအဖြေ- ကျွန်တော့်လက်ရေးကြောင့် ဖြစ်ပါတယ်။

အမေး- သေမလောက်ရောဂါကြီးနဲ့ ဘာစာတွေကို စိတ်ဝင်စားခဲ့ပါသလဲ?

ဟော့ကင်းအဖြေ- စကြဝဠာကြီးဟာ မဟာပေါက်ကွဲမှုနဲ့ စခဲ့ရမယ်လို့ ဖော်ပြချင်လို့ပါ။

အမေး- ရောဂါနဲ့ ဆိုပေမယ့် ဆရာ့ကြည့်ရတာ ပျော်နေသလိုပဲ?

ဟော့ကင်းအဖြေ- လူ့အသိပညာအတွက် တစ်စုံတစ်ခု လုပ်ပေးနိုင်ခဲ့လို့ပါ။ လူဟာ ကြိုးစားလျှင် ဖြစ်တာပါပဲ။

အမေး- ခံစားနေရတဲ့ရောဂါက သိပ္ပံသုတေသန ပြုမှုကို ဟန့်တားပါသလား?

BURMESE CLASSIC .com

www.burmeseclassic.com



ဟော့ကင်းအဖြေ- မဟုတ်တားပါ။ စကြဝဠာဘယ်လို စခန်းသွား နေတယ်ဆိုတာသိဖို့ ကြံဆောင်ခဲ့နိုင်ပါတယ်။

အမေး- ဆရာ ငွေလိုပါသလား? စာအုပ်လည်း ရေးတယ်။

ဟော့ကင်းအဖြေ- ကျွန်တော်က သိပ္ပံလေ့လာမှုမှ ခံစားရရှိတဲ့ အောင်မြင်မှုတွေ့ရှိချက်တွေကို ပရိသတ်ကို ပြောချင်တယ်။ အဲဒီအကြောင်း စာအုပ် ရေးတာ အောင်မြင်သွားတယ်။ ကျွန်တော် ဒါလောက်ထိ မမျှော်မှန်းပါဘူး။

အမေး- ဆရာ့စာအုပ်ကို သန်းရာဂဏန်း စာဖတ် ပရိသတ်များက ဝယ်တယ်၊ သူ့ကို တစ်ကယ် ဖတ်ဖြစ်ကြပါ့မလား?

ဟော့ကင်းအဖြေ- ဖတ်ကြပါတယ်။ အားလုံးတော့ ဘယ်နား လည်ကြမလဲ။ ဒါပေမယ့် စကြဝဠာဟာ ဥပဒေသတွေနဲ့ လှုပ်ရှားနေတယ်၊

BURMESE CLASSIC .com

www.burmeseclassic.com



အဲဒီဥပဒေသတွေကို လူတွေသိနားလည် တယ်ဆိုတာလောက်တော့ သဘောပေါက် ကြပုံရပါတယ်။

အမေး- သိပ္ပံစာတွေဖတ်ပြီး အာကာသခရီးသွား လိုသူတွေပေါ်လာကြသည်။ ဆရာဘယ်လို ပြောမလဲ?

ဟော့ကင်းအဖြေ- သိပ္ပံအစစ်က ရင်ခုန်စရာကောင်းတယ်၊ ဘာကြောင့်လဲဆိုတော့ လောကမှာ တစ် ကယ်ဖြစ်ပေါ်နေတာ၊ သိပ္ပံဇာတ်လမ်းတွဲ တွေကတော့ ဒါလောက် မဟုတ်ပါဘူး။

အမေး- စကြဝဠာရဲ့ အရင်းအမြစ်ကို တော်တော်သိ သလား? ကျွန်တော်တို့က စကြဝဠာနဲ့ တွင်းမဲကြီးမှာ ဘယ်လိုလဲ?

ဟော့ကင်းအဖြေ- ကျွန်တော်တို့က တွင်းမဲကြီးရဲ့ အပြင်ဘက် မှာ- ဒါပေမယ့် စကြဝဠာကြီးရဲ့အတွင်း

BURMESE CLASSIC .com

www.burmeseclassic.com



ဘက်မှာ-

အမေး- ဟော့ကင်းရဲ့ ရောင်စဉ်တန်းဟာ သံသရာလည်တာလား?

ဟော့ကင်းအဖြေ- တွင်းမဲကြီးက ဝါးမျိုပြီး ပြန်ထွက်တဲ့ရောင်စဉ်ငွေ့ဟာ မူလအရာမဟုတ်တော့ဘူး၊ ဘာဖြစ်သွားတာလဲ? ပျက်စီးဆုံးချုပ်သွားတာလား? စကြဝဠာသစ်ကို ရောက်သွားတာလား? ကျွန်တော် နားလည်ချင်တာပါ။ တွင်းမဲထဲ ခုန်မဆင်းချင်ပါဘူး။

အမေး- သိပ္ပံပညာရှင်ဆိုတော့ စိတ်ကူးနဲ့အကြံထုတ်မှုကို အသုံးပြုရဲ့လား?

ဟော့ကင်းအဖြေ- အသုံးပြုပါတယ်။ ဒါပေမယ့် သက်သေသာဓက ခိုင်ခိုင်လုံလုံ ရှာရတာထူးခြားတာပါ။

အမေး- စကြဝဠာနဲ့ပတ်သက်လို့ ဘုရားသခင်ကို နေရာမပေးဘူးလား?

BURMESE CLASSIC .com

www.burmeseclassic.com



ဟော့ကင်းအဖြေ- စကြဝဠာက မဟာပေါက်ကွဲမှုနဲ့ စတယ်။ အဲဒါအချိန်ရဲ့ အစပဲ။ အဲဒီအချိန်နဲ့ မတူတဲ့ အချိန်ယောင်ဆိုတာ ရှိသေးတယ်။ အချိန်ယောင်မှာ စကြဝဠာစတင် ဖြစ်ပေါ်တာ မရှိဘူး။ ဒီလိုပဲ အဆုံးလည်း မရှိဘူး။ ဒီတော့မှ စကြဝဠာကို ရူပဗေဒ ဥပဒေသနဲ့ အညီ ဖြစ်ပေါ်ကြောင်း တင်ပြရတာ။ ထာဝရဘုရားကို နေရာမပေးတာ မဟုတ်ပါဘူး။ ရူပဗေဒဥပဒေသပဲ နေရာရှိတယ်လို့ ဆိုလိုတာ။

အမေး- လျှပ်တစ်ပြက်မေးတာ ဘယ်လိုသဘောရလဲ?

ဟော့ကင်းအဖြေ- ကြိုက်ပါတယ်၊ အံ့ဩရတာ၊ ကြိုတင်ပြင်ဆင်မှုကင်းတာ၊ ပိုကြိုက်တယ်။ စိတ်ကူးပြီး အကြံထုတ် ဖြေဆိုလို့ရတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



အမေး- ဘာတွေအစီအစဉ်ရှိသေးလဲ?

ဟော့ကင်းအဖြေ- ဆွဲအားနှင့် ကွမ်တင်မက္ကင်းနစ် ပူးပေါင်းဖို့ပါပဲ။ တွင်းမဲတွေ ချုပ်ငြိမ်းသွားလျှင် ဘယ်နည်းဘယ်ပုံ ချုပ်ငြိမ်းသွားတယ်ဆိုတာ သိချင်တယ်။

အမေး- ပျော်ရွှင်ချမ်းမြေ့ပါစေ။

ဟော့ကင်းအဖြေ- ကျွန်တော်က ခင်ဗျားထက်ပိုပျော်သူ ဖြစ်လိမ့်မယ်။

♦♦♦♦♦

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း(၄)

## ဒဿန – သိပ္ပံ နှင့် ပတ်သက်၍ …

အခန်း (၂) တွင် သိပ္ပံပညာရှင် ဟော့ကင်း၏ အယူအဆများကို အခြေခံ၍ ဖော်ပြခဲ့ပါသည်။ ယခု အခန်း(၄)တွင် ဒဿနသဘောကို အခြေခံ၍ မှီငြမ်းပြုစု ဖော်ပြမှာဖြစ်ပါသည်။ အထူးသဖြင့် သိပ္ပံဒဿနသဘောသဘာဝများကို အခြေပြု၍ တင်ပြသွားပါမည်။ သိပ္ပံဒဿနဟူသည်မှာ သိပ္ပံပညာရပ်ကို ခွဲခြမ်းစိတ်ဖြာမှု ပြုခြင်းဆိုင်ရာဟု အဓိပ္ပာယ်ယူပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



သိပ္ပံနည်းဟူသည် နံပါတ်(၁) အနေနှင့် အချင်းချင်း စမ်းသပ် စစ်ဆေးမှုခံယူနိုင်ခြင်း ဂုဏ်ရှိရပါသည်။ ၄င်းကို **INTERSUBJECTIVE TESTABILITY** ဟု ခေါ်ပါသည်။ သိပ္ပံနည်းဟူသည် -ဓမ္မဓိဋ္ဌာန်ကျခြင်းသို့ ရည်ညွှန်းရလေရာ ... မစမ်းမသပ်ဘဲ မိမိ တစ်ဦးတည်း ပုဂ္ဂလိကမှန်ကန်နေရုံမျှနှင့် မပြည့်စုံလောက်ပါဟု သတ်မှတ်ရပါသည်။ နံပါတ်(၂)အနေနှင့်မူ...အခိုင်အမာအဖြစ် အတည်ပြုနိုင်ရန်အတွက် လုံလောက်သော အဆင့်ရှိရမည်။ ၄င်းကို မှီခိုလောက်သော ဂုဏ်ရည်ပင် ဖြစ်ပါသည်။ ဥပမာ **RELIABILITY A SUFFICIENT DEGREE OF CONFIRMATION** ဆိုလိုသည်မှာ တစ်သီးပုဂ္ဂလိက အထင်များကို တရားဝင် ထည့်သွင်းခွင့်မရှိခြင်း ဖြစ်ပါသည်။ မိမိတစ်ဦးတည်း၏ အယူသည်းမှု အစွဲအလန်းများ ကင်းစေရန် လိုအပ်ကြောင်း ဖြစ်လေသည်။

နံပါတ်(၃)အနေနှင့်မူ တိတိကျကျ တင်ပြနိုင်ရခြင်း ဖြစ်သည်။ ၄င်းကို **DEFINITENESS** သို့မဟုတ် **PRECISION** ဟု ခေါ်ရပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



နံပါတ် (၄) မှာမူ စနစ်တကျ တည်ဆောက်ရခြင်းဖြစ်သည်။ ၄င်းကို **SYSTEMATIC STRUCTURE** ဟု သုံးနှုန်းကြလေသည်။ **COHERANCE** ဟုလည်း ခေါ်သည်။ အချက်အလက်များကို ဖြစ်သလို စုစည်းခြင်းမျိုးမဟုတ်မူ၍ အစီအစဉ် ကျနစွာစုစည်းမှုကို လိုအပ်ကြောင်း တည်ဆောက်ရသည့် သဘောဖြစ်သည်။ **ORGANIZED + COMMOM-SENSE** ဟုလည်း သုံးနှုန်းကြပါသည်။ နံပါတ် (၅) မှာ **COMPREHENSIVENESS** ဟုခေါ်၍ လူသားမာန်တွေ ပြောချင်ရာရာ ပြောခွင့်ရသကဲ့သို့ ပရမ်းပတာ အပါမခံတဲ့ အသိပညာအဝန်းအဝိုင်း တည်ဆောက်အပ်မှုဟူ၍ ဖြစ်ပါသည်။ အကျဉ်းအားဖြင့် အထက်ဖော်ပြပါ (၅) မျိုး သတ်မှတ်ချက်ရှိသော်လည်း ကြိုတင်ပြောမှု၊ ယေဘုယျပြုမှု၊ ကြောင်းကျိုးဆက်နွယ်မှုများကိုလည်း အထူးပြုကြရလေသည်။

သိပ္ပံအမြင်အရ အသစ်အဆန်းဖြစ်သော အတွေ့အကြုံ အမျိုးအစားဟူသည် အမြဲတမ်း ဖြစ်တန်ရာခြေ ရှိလျက်ရှိ

BURMESE CLASSIC .com

www.burmeseclassic.com



ချေသည်။ ဖြစ်ပေါ်လာသမျှတို့သည် ဖြစ်ပျက်ပြီးသည့်အတိုင်း အဟောင်းများသာ ဖြစ်ပေါ်လာရမည်ဟု သတ်မှတ်ထား၍ မဖြစ်ပေ။ တစ်နည်းအားဖြင့် နယ်သစ်ပယ်သစ်တို့၌ အတွေ့အကြုံ အသစ်အဆန်းကို စမ်းသပ်တွေ့ကြုံ ဆုံစည်းရတိုင်း အသစ်အသစ်ဖြစ်သော အကြောင်းအချက် သတင်းစကား အတွက် မျှော်လင့်ထားနိုင်ရသည်သာ ဖြစ်လေသည်။ အသစ် အဆန်းဖြစ်ရပ်များ ဘာတစ်ခုမှ ဖြစ်ရန်အလားအလာမရှိရဟု အနာဂါတ်အား ပိတ်ပင်တားဆီး ဟန့်တားခြင်းငှာ မအပ်ပေ။ အတွေ့အကြုံဟူသည် တွေ့ကြုံလိုသောအခါမှသာ မည်သို့သော အတွေ့အကြုံမျိုးဟု အဆုံးအဖြတ်ပေး အပ်ရခြင်း ဖြစ်လေသည်။ ထို့ကြောင့် "EXPERIENCE IS DETERMINED ONLY BY EXPERIENCE ..." ဟု အဆိုရှိကြရလေသည်။ ယင်းအချက်ကို ဤသို့ လက်တွေ့ကျကျ အဓိပ္ပာယ်ဖွင့်ဆိုနိုင် လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"WE MUST GIVE UP THE DEMAND THAT ALL NATURE BE EMBERACED IN ANY FORMULAR (STRICT), EITHER SIMPLE OR COMPLICATED. IT MAY PERHAPS TURN OUT EVENTUALLY THAT AS A MATTER OF FACT NATURE CAN BE EMBRACED IN A FORMULAR, BUT WE MUST SO ORGANIZED OUR THINKING AS NOT TO DEMAND IT AS A NECESSITY ..."

အနီးစပ်ဆုံးအဓိပ္ပာယ်မှာ သဘာဝဖြစ်ရပ်တို့သည် ရိုးရှင်းလွယ်ကူသော သို့မဟုတ် ရှုပ်ထွေးနက်ရှိုင်းသော မည်သည့်ပုံသေနည်းနှင့် ဖြစ်မလာပါဟု သဘောထားရမည်။ အကယ်၍ သဘာဝတရားက ထိုသို့ဖြစ်သည် ထားဦး။ ကျွန်တော်တို့ ပုထုဇဉ်တွေဟာ ပုံသေနည်းနဲ့သာ ဖြစ်ရမှာပါလို့ မျှော်လင့်တတ်တဲ့ အကျင့်ကို စွန့်လွှတ်ပြီး သဘာဝဟာအဲဒီလိုသာ ဖြစ်ရမည်။

BURMESE CLASSIC .com

www.burmeseclassic.com



မဖြစ်ဘဲ မနေရဟု မတောင်းဆိုတတ်အောင် မိမိကိုယ်ကို ဆင်ခြင်သတိထားရှိအပ်ပေသည်ဟူ၍ ဖြစ်လေသည်။

သိပ္ပံသည် အများအားဖြင့် အမှန်အမှားစစ်ရမည်ဟူ၍ မသုံးနှုန်းတော့ဘဲ၊ ခိုင်မာမည့်မျှရှိသနည်းဟု သုံးနှုန်းလာကြလေသည်။ တစ်နည်းအားဖြင့် **VERIFICATION** မှ **CONFIRMATION** သို့ ကူးပြောင်းလာခဲ့ကြလေသည်။ ခိုင်မာမှုဟူသည်မှာလည်း ဖွင့်ဆိုဖေါ်ထုတ်မှုတစ်ခုအား လက်တွေ့လေ့လာနိုင်သော ကြိုတင်ပြော ဟောကိန်းထုတ်ကွက် ဆီသို့ ရွေ့လျားစေခြင်းပင် ဖြစ်လေသည်။

အတွေ့အကြုံအဓိက ပညာရေးလောက၌ အဆိုအမိန့် တစ်ခုသည် အတည်ပြုအပ်ခြင်း၊ အစမ်းအသပ်ခံနိုင်ခြင်း၊ အမှန်အဟုတ်ဖြစ်ကြောင်း အစစ်အဆေးခံနိုင်မှသာ အဓိပ္ပါယ် ရှိသည်ဟု ခံယူထားကြရလေသည်။ တစ်နည်းအားဖြင့် အဆိုအမိန့်တစ်ခုသည် မှန်ကန်ကြောင်း စစ်ဆေးခံနိုင်မှု ရှိမှသာ အဓိပ္ပါယ်ရှိသည်ဟု လက်ခံရသည့်သဘောပင်ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



တစ်ဘက်မှ ဖွင့်ဆိုရပါမူ အတွေ့အကြုံလေ့လာစမ်းသပ်မှု မခံဝံ့ မခံရဲသော မည်သည့်အဆိုကိုမှ အတွေ့အကြုံသမားများက အဓိပ္ပာယ်ရှိသူဟု မခံယူခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မည်သည့်အနာဂါတ်ကိစ္စမဆို ၄င်း အဆိုသည် လက်တွေ့လေ့လာခွင့် တရားဝင်ပေးအပ်ရလေသည်။ သို့မှသာ အဓိပ္ပာယ်ရှိကြောင်း လက်ခံရခြင်းဖြစ်သည်။ သို့ဖြစ်၍ အတွေ့အကြုံပညာရေးလောက၌ သို့မဟုတ် အကျယ်အားဖြင့် သိပ္ပံဒဿနလိုင်း၌ အဆိုအမိန့်တိုင်းသည် အဓိပ္ပာယ်ရှိရန်အတွက် လက်တွေ့စမ်းသပ်မှုကို ခံယူနိုင်ရမည်ဟု လက်ခံထားကြလေသည်။ အဆိုတစ်ခုကို တည်ဆောက်ရာ၌လည်း အနက်မရှင်းလင်း မတိကျသော ဝေါဟာရတစ်ခုအစား အနက်အဓိပ္ပာယ်ရှင်းလင်းတိကျသော ဝေါဟာရများကို အစား ထိုးသုံးနှုန်း၍ အဓိပ္ပာယ်ဖွင့်ဆိုလေ့ရှိကြလေသည်။

အဆို၏အဓိပ္ပာယ်မှာလည်း စဉ်းစားဆင်ခြင်၍ လိုက်နိုင် သိနိုင်နားလည်နိုင်သော အနက်ကို ဆောင်ရလေသည်။ တုံးတုံး

BURMESE CLASSIC .com

www.burmeseclassic.com



တိတိ အမိန့်ဆန်သော အနက်အဓိပ္ပာယ် နားမလည်နိုင်သည့် အဆိုမျိုးမဖြစ်စေရန် သတိ ပြုကြရလေသည်။ ထို့ကြောင့် အဆိုများသည် ယုတ္တိနည်းကျ ဖြစ်စေ၊ **LOGICAL** ရူပဗေဒနည်းကျဖြစ်စေ **PHYSICAL** နည်းစနစ်ပိုင်းနှင့်ဖြစ်စေ၊ **TECHNICAL POSSIBILITY** ညီညွတ်စေရလေသည်။ ယုတ္တိနည်းကျဆိုသည်မှာ ဆန့်ကျင်ဘက်အနက်သဘော မဆောင်ရခြင်းဖြစ်သည်။ ရူပဗေဒနည်းကျဆိုသည်မှာ အတွေ့အကြုံရုပ်လောကဥပဒေသတို့နှင့် မဆန့်ကျင်ရသောသဘော ဖြစ်လေသည်။ နည်းစနစ်ပိုင်းဆိုသည်မှာ လက်တွေ့လက်ခံထားသော နည်းစနစ်များ အတွင်းမှ တင်ပြနိုင်ရန် ဖြစ်လေသည်။

**"IT APPEARS TO BE PRACTICALY IMPOSSIBLE THAT THE MAN WHO IS LOOKING FOR NEW PHYSICAL LAWS SHOULD ALSO CONCENTRATE ON THE ANALYLSIS OF HIS METHOD, HE WILL**

BURMESE CLASSIC .com

www.burmeseclassic.com



PERFORM THIS SECOND TASK ONLY WHEN SUCH ANALYSIS IS INDISPENSABLE FOR THE FINDING OF PHYSICAL RESULTS ...”

အနီးစပ်ဆုံး အဓိပ္ပာယ်မှာ-

ရူပဗေဒဥပဒေသ အသစ်အဆန်းများကို ရှာဖွေသူသည် သူ၏ ရှာဖွေနည်းကို အလွယ်တကူ ခွဲခြမ်းစိတ်ဖြာရန် တစ်ပြိုင်နက် အာရုံမပြုနိုင်ပါ။ အဆိုပါ ခွဲခြမ်းစိတ်ဖြာမှုမျိုးကို မလုပ်မဖြစ်သော အခါမှသာ (သို့မဟုတ်) ရူပဗေဒအဖြေများကို ရှာဖွေခါနီး မလုပ်မဖြစ်သောအခါမှသာ သူ့ရှာဖွေနည်း၏ ခွဲခြမ်းစိတ်ဖြာမှု ဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု သိနားလည်ထားရလေသည်။

သိပ္ပံရှာဖွေမှုများအတွက် သိပ္ပံဒဿနပညာရှင်တို့သည် များစွာ စိတ်မဝင်စားနိုင်ကြပါ။ သိပ္ပံသီဝရီ တစ်ခုခု ထွက်ပေါ်လာသောအခါမှသာ အဆိုပါ သိပ္ပံသီဝရီကို ယုတ္တိနည်းကျ ခွဲခြမ်းစိတ်ဖြာဖို့ စိတ်ဝင်စား ကြပါသည်။ အကျဉ်းအားဖြင့် ရှာဖွေမှု တည်ဆောက်ပုံကို စိတ်မဝင်စား၊ ကြောင်းကျိုးဆက်နွယ်ညီညွတ်

BURMESE CLASSIC .com

www.burmeseclassic.com



ပြည့်စုံမှုကဏ္ဍကိုသာ စိတ်ဝင်စားသည်ဟု ဆိုရပါမည်။ ဒဿန ပညာရှင်တစ်ဦးသည် သိပ္ပံပညာရှင်များ၏ ယုံကြည်ချက် အသီးသီးကို ဝင်ရောက်စွက်ဖက်လေ့ မရှိကြပါ။ သို့သော် ထိုယုံကြည်ချက်များကို ဒဿနပညာရပ်အဖြစ် တင်ပြလာသော အခါတော့မှ ဥပက္ခောမပြုနိုင်ဘဲ ခွဲခြမ်းစိတ်ဖြာဝေဖန်သမှု ပြုကြလေ့ရှိပါသည်။

"SOME PHYSISTS, AMONG THEM MYSELF, CAN NOT BELIEVE THAT WE MUST ABANDON, ACTUALLY AND FOREVER, THE IDEA OF DIRECT REPRESENTATION OF PHYSICAL REALITY IN SPACE AND TIME; OR THAT WE MUST ACCEPT THE VIEW THAT EVENTS IN MATUREARE ANALOGOUS TO A GAME OF CHANCE. IT IS OPEN TO EVERY MAN TO CHOOSE THE DIRECTION OF HIS

BURMESE CLASSIC .com

www.burmeseclassic.com



STRIVIVG; AND ALSO EVERY MAN MAY DRAW COMFORT FROM LESSING'S TIME SAYING, THAT THE SEARCH FOR TRUTH IS MORE PRECIOUS THAN ITS POSSESSION ...''

EINSTEIN သည် ရူပဗေဒ အပါအဝင် သိပ္ပံပညာရပ်၏ အခြေအနေကို အထက်ပါအတိုင်း-

THE FUNDAMENTS OF THEORETICAL PHYSICS" စာစုတွင် ဖော်ပြခဲ့လေသည်။ အနီးစပ်ဆုံး အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

''ကျွန်တော်အပါအဝင် အချို့သော ရူပဗေဒပညာရှင်များသည် တစ်စုံတစ်ရာကို မယုံကြည်နိုင်ကြပါ။ ဘာကို မယုံနိုင်ပါသလဲဟုမူ- အမြဲတမ်းအတွက်လည်းဖြစ်၊ အမှန်တစ်ကယ်အတွက်လည်းဖြစ်သည့် တစ်စုံတစ်ခုကို လက်လျှော့စွန့်လွှတ်ရမည်ဆိုသည်ကို မယုံကြည်ကြပါ။ ထိုအချက်မှာ ကာလဒေသနတွင်းရှိ ရူပဗေဒဆိုင်ရာ အမှန်အကန် ဖော်ပြနိုင်စွမ်း

BURMESE CLASSIC .com

www.burmeseclassic.com



မရှိကြရတော့ဟူသော သဘောကို မယုံကြည်နိုင်အောင် ရှိပါသည်။ တစ်နည်းအားဖြင့် သဘာဝ ဖြစ်ရပ်တွေဟာ မတော်တဆ ကစားကွက် အတူတူပါဆိုသည်ကို လက်ခံရ မည်ဆိုသည့်အချက်ပင်ဖြစ်ပါသည်။ သည်တော့ လူတိုင်း လူတိုင်း ကိုယ်သန်ရာကိုယ် ရွေးချယ်ကြိုးစားကြရန်သာ ရှိပါတော့မည်။ ၄င်းပြင်-လက်ဆင်းပြောခဲ့သကဲ့သို့ "အမှန်သစ္စာ ရှာဖွေနေရခြင်း သည် ၄င်းကို ပိုင်ဆိုင်ရခြင်းထက် ပိုမိုတန်ဖိုးရှိကြောင်း ခံယူရင်းနှင့် ဖြေသိမ့်နိုင်ကြရလိမ့်မည် ဖြစ်ပါသည်"

အထက်ဖော်ပြပါ အယူအဆ အမျိုးအစားမျိုးကို သိပ္ပံ ပညာရှင် တော်တော်များများ နှစ်ခြိုက်လက်ခံ ခံယူကျင့်သုံးကြပုံရ လေသည်။ ထိုအယူအဆမှာ ရှာဖွေခြင်းသည် တွေ့ရှိခြင်းထက် ပိုမိုတန်ဖိုးရှိကြောင်းပင် ဖြစ်လေသည်။ ဤအယူအဆမှာ စိတ်ဝင်စားဖွယ် ရှိသော်လည်း မှားယွင်းနေသကဲ့သို့ ရှိလေသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာ တစ်ဦးအနေဖြင့် လက်ခံနိုင်ဖွယ် မရှိပါဟု ဆိုရပေမည်။ တွေ့ရှိခြင်းသည် တန်ဖိုးရှိသော

BURMESE CLASSIC .com

www.burmeseclassic.com



ကြောင့်သာ ရှာဖွေရခြင်းသည် အကြုံးဝင် တန်ဖိုးရှိနေရခြင်း ဖြစ်လေသည်။ ဗုဒ္ဓဘာသာ၌ အရိယာဖြစ်အောင် ကြိုးစား နေရခြင်းသည် အရိယာ၏ တန်ဖိုးကို သိနားလည်၍ဖြစ်သည်။ တစ်နည်းအားဖြင့် ပုထုဇဉ်ဘဝကို မနှစ်မြို့သောကြောင့်ဖြစ်သည်။ အရိယာဖြစ်ပြီးသား အခြေအနေသည် အရိယာဖြစ်အောင် ကြိုးစားနေရသော ပုထုဇဉ်အနေအထားထက်များစွာ တန်ဖိုးရှိပေလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ပုထုဇဉ်ကြိုးစားသူ အနေအထားက ပိုမိုတန်ဖိုးရှိသည် ဆိုပါလျှင် အရိယာ မဖြစ်အောင် လမ်းမှားလိုက်၍ ကြံအောင်ကြိုးစား နေရမည်ကဲ့သို့ ဖြစ်နေလေသည်။ ဤကား စာရေးသူ၏ အမြင်မျှသာ ဖြစ်ပါသည်။ သိပ္ပံပညာရှင်များသည် ဖွဲ့ကောင်းကြသူများ ဖြစ်နေ သော်လည်း ရည်မှန်းချက် မဆိုက်ရောက်ဖူးကြသူများကဲ့သို့ ဖြစ်နေလေသည်။ ယခုလည်း သူတို့သည် အထွေထွေနှင့် ကွမ်တမ်ကို ပူးပေါင်းရန် ရည်ရွယ်ချက်ရှိနေကြလေသည်။ သို့သော် မအောင်မြင်သေးချေ။ EINSTEIN ၏ အထွေထွေ

BURMESE CLASSIC .com

www.burmeseclassic.com



နိုင်းရ သီဝရီကြီးမှာလည်း ဖြည့်စွက်ပြုပြင်မွမ်းမံရန် လိုအပ်နေသော မပြည့်မစုံဖြစ်နေသည့် တစ်ခြမ်းပဲ့ရှေးရိုး သီဝရီအမျိုးအစားကြီး ဖြစ်နေလေသည်။

စာရေးသူ၏ သဘောထားမှာမူ ပုဂ္ဂိုလ်တစ်ဦးသည် အရိယာဖြစ်ရန် ကြိုးစားရာ၌ အရိယာမဖြစ်သေးသမျှ နိဗ္ဗာန်လည်း မမြင်ဖူးချေ။ လောကုတ္တရာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လည်း ကိုယ်ပိုင်မရှိသေးချေ။ ပုထုဇဉ်မျှသာ ဖြစ်နေသေးရာ အရာရာ အရိယာဖြစ်ပြီးသူထက် အားနည်း၍ နေလေသည်။ ဤအတောအတွင်း သေဆုံးသွားလျှင်မူ ပရမ်းပတာသံသရာ၌ ကျင်လည်ရပေတော့မည်။ များစွာနစ်နာဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် သူတော်ကောင်းပညာရှိများက အသေမဦးခင်တရားရအောင် ကြိုးစားကြဟု ဆုံးမတော်မူကြရခြင်း ဖြစ်လေသည်။ အရိယာဖြစ်ခြင်းသည် စောလေကောင်းလေဖြစ်ရာ သိပ္ပံပညာရှင်များကဲ့သို့ ပုထုဇဉ်ဝဲ၌ ချာချာလည်နေရသည်က ပိုမိုတန်ဖိုးရှိသည်ဆိုသည်မှာ ပုထုဇဉ်အမြင်မျှသာ ဖြစ်ပါလိမ့်မည်။ အရိယာ

BURMESE CLASSIC .com

www.burmeseclassic.com



များ၏ အမြင်အမျိုးအစားတော့မူ မဟုတ်နိုင်ချေ။ အရိယာသူတော်စဉ်များသည် အရိယာစောစောဖြစ်အောင် ကြိုးစားကြ ဟူ၍သာ ဆိုဆုံးမစကားများ ရှိကြပါသည်။ အရိယာဖြစ်လျှင် အားကိုး အားထားထောက်တည်ရာလည်း ရထားသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ကြိုးစားပိုင်ခွင့်ရှိနေလေသည်။ အရေး အကြောင်းဆို နိဗ္ဗာန်မျက်မှောက်ပြုနိုင်ရန်သာ ကြိုးစားလိုက်ဖို့ရှိသည်။ ထိုအခါ ချမ်းသာစစ် ချမ်းသာမှန်ကို စံစားသိရှိနားလည် အကျွမ်းဝင်သွားမည် ဖြစ်လေသည်။ စာရေးသူသည် ထိုသို့သာလျှင် သဘောရလေသည်။

ထိုမှတဖန် အရိယာများ၌ တဏှာ-မာန-ဒိဋ္ဌိ ကိစ္စများနှင့် ပတ်သက်၍ ပုထုဇဉ်များလို မရှိတော့။ ပုထုဇဉ်များ လောက် အင်အားမရှိတော့၊ ထုထည်မကြီးမားတော့ ထိုအခါ များစွာသက်သာသွားနိုင်လေသည်။ ဘဝရှင်သန်ရခြင်း၌ များစွာ သက်သာပေါ့ပါးသွားနိုင်ပေလိမ့်မည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ

BURMESE CLASSIC .com

www.burmeseclassic.com



တစ်ဦးအနေနှင့် အရိယာဖြစ်ခြင်း ပန်းတိုင်သို့ ရောက်မှုသည် အရိယာဖြစ်အောင် ကြံဆောင်ကြိုးစားနေရခြင်းထက် ပိုမိုမြင့်မြတ်တန်ဖိုးရှိသည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ဤနေရာ၌ အချို့သော သိပ္ပံပညာရှင်များ၏ အယူအဆ ခံယူချက်များနှင့် ဆန့်ကျင်လျက် ရှိပါသည်။

အချို့သော အကြောင်းအချက်များနှင့် ပတ်သက်၍ တော့မူ ညှိနှိုင်းနိုင်သော နီးစပ်မှုများ ရှိလေသည်။ ဥပမာ-

**"AN INDIVIDUAL FACT IS SAID TO BE EXPLAINED BY POINTING OUT ITS CAUSE, THAT IS,BY STATING THE LAW OR LAWS OF CAUSATION OF WHICH ITS PRODUCTION IS AN INSTANCE ..." (MILL)**

အကြောင်းအချက်တစ်ခုကို ရှင်းလင်းဖော်ပြသည်ဆိုရာတွင် ၎င်းအကြောင်းအချက်၏ အကြောင်းရင်းဇစ်မြစ်ကို ညွှန်းဖော်ရခြင်း ဖြစ်လေသည်။ ဆိုလိုသည်မှာ သဘာဝ၏

BURMESE CLASSIC .com

www.burmeseclassic.com



ကြောင်းကျိုးဆိုင်ရာ ဥပဒေသကြီးကို ဖော်ထုတ်လျက် ထိုဥပဒေကြီး၏ စံပြနမူနာ ဥပမာတစ်ခုအဖြစ် ဖွင့်ဆိုခြင်း ဖြစ်လေသည်။

ဤသို့ဖော်ပြရာ၌ သိပ္ပံပညာသည်လည်းကောင်း၊ ဒဿနပညာသည်လည်းကောင်း၊ သိပ္ပံဒဿနပညာရပ်သည် လည်းကောင်း၊ ကြောင်းကျိုးဆက်နွယ်မှုပညာကို လက်ခံအ တည်ပြုကြောင်း ထုတ်ဖော်ဝန်ခံထားရာ ဗုဒ္ဓဘာသာမှ ကြောင်းကျိုး ဆက်စပ်မှုနှင့် ညှိနှိုင်းဆက်စပ် နားလည်ကူးယူ နိုင်လေသည်။

ဗုဒ္ဓဘာသာတွင် သမုဒယအကြောင်းခံလျှင် ဒုက္ခ အကျိုးပေးသည်။ မဂ္ဂအကြောင်းခံလျှင် နိယောဓ အကျိုးပေး သည်။ ပုဂ္ဂိုလ်တစ်ဦးသည် ဒုက္ခအကျိုးနှင့် နိယောဓအကျိုးကို နှစ်သက်ရာရွေးချယ်နိုင်သည်။ မိမိရွေးချယ်ပိုင်ခွင့်ဖြစ်လေသည်။ ဒုက္ခကို အလိုရှိသော် သမုဒယအကြောင်းခံနိုင်သည်။ နိယောဓကို အလိုရှိသော် မဂ္ဂကို အကြောင်းခံနိုင်သည်။ ထိုနေရာ၌ ရွေးခွင့်

BURMESE CLASSIC .com

www.burmeseclassic.com



ရှိသော်လည်း ရွေးချယ်ပြီးစီးပြီးသောအခါ၌မူ-ရွေးချယ်ခွင့်ကုန်ဆုံးသွားလေသည်။ ဆိုလိုသည်မှာ သမုဒယအကြောင်းခံပြီးမှတော့ နိယောဓဆိုက်လို၍ မဖြစ်ပေ။ ထို့အတူ ဒုက္ခကြီးကို မလိုချင်ပါဟုလည်း ငြင်းပယ်၍မရချေ။ အကြောင်းအကျိုးက ဆက်နွယ်လျက်သာ ရှိလေသည်။ ဤနေရာ၌ စကားအဖြစ်သာ ဖော်ပြရရာ- သမုဒယဟူသည် အထူးအကြောင်းပြုစရာ မလိုချေ။ မဂ္ဂမလုပ်လျှင် သမုဒယဘက်သို့ အလိုလို ဦးစားပေးပြီးသား ဖြစ်သည်။ ဤကိစ္စမှာ- သံသရာခရီးသည် ရုပ်နာမ်တို့၏ အားနည်းချက်ပင် ဖြစ်လေသည်။ မဂ္ဂကို လုပ်ကိုလုပ်မှသာလျှင် နိယောလေည်းဆိုက်မည်။ ဒုက္ခမှလည်း လွတ်မည်။ ဤတစ်လမ်းသာရှိသည်။ မဂ္ဂလုပ်ရန် စဉ်းစားချိန်ဆနေခြင်းသည်ပင် သမုဒယ အမျှင်နှင့်မကင်းချေ။ မဂ္ဂလုပ်မည်ဟူသော ဆုံးဖြတ်ချက်ကြီးသည်သာ နိဗ္ဗာန်နှင့်နီးစပ်နိုင်လေသည်။ သို့မဟုတ် ဒုက္ခနှင့်ဝေးကွာနိုင်လေသည်။ သို့မဟုတ်ပါက အခြားရွေးချယ်နိုင်စရာ အကြောင်းမရှိချေ။

BURMESE CLASSIC .com

www.burmeseclassic.com



"A LAW OF UNIFORMITY IN NATURE IS SAID TO BE EXPLAINED ANOTHER LAW OR LAW OR LAWS ARE POINTED OUT, OF WHICH THAT LAW ITSELF IS BUT A CASE, AND FROM WHICG IT COULD BE DEDUCED"

သဘာဝဆင်ယင်မှု ဥပဒေသတစ်ခုကို ရှင်းပြသည် ဆိုရာဝယ်...အခြားသော ဥပဒေသများကိုလည်း ထောက်ပြဖော်ညွှန်းနိုင်ရမည်။ အဆိုပါ ဥပဒေသကိုယ်တိုင်လည်း အကြောင်းချင်းရာ တစ်ခုဖြစ်လျက်၊ ၎င်းမှ ဆက်စပ်ထုတ်ယူနိုင်ရပေမည်။

"THE MOST IMPORTANT PROCESS OF EXPLANATION CONSISTS IN SHOWING THAT AN OBSERVED FACT IS ONE CASE OF A GENERAL LAW OR TENDENCY ..."

BURMESE CLASSIC .com

www.burmeseclassic.com



"ရှင်းလင်းခြင်းဆိုင်ရာ အရေးအကြီးဆုံးအချက်မှာ- လေ့လာတွေ့ရှိထားသော အကြောင်းအချက်သည် ယေဘုယျ ဥပဒေသကြီး၏ ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ဖော်ထုတ်ရန်ပင် ဖြစ်သည်။"

"EXPLANATION ESSENTIALLY CONSISTS IN THE OFFERING OF A HYPOTHESIS OF FACT, STANDING TO THE FACT TO BE EXPLAINED AS CASE OF ANTECEDENT TO CASE OF CONSEQUENT OF SOME ALREADY KNOW LAW OF CONNECTION ..."

ရှင်းလင်းဖော်ပြခြင်းဟူသည်- အချက်အလက်ဆိုင်ရာ အနုမာနတွေးဆချက်တစ်ရပ်ကို ဖော်ထုတ်တင်ပြရခြင်း ဖြစ်လေသည်။ ရှင်းလင်းရန် အချက်အလက်ကို ရှေ့အဆိုအဖြစ် ထားရှိပြီး၊

BURMESE CLASSIC .com

www.burmeseclassic.com



သိပြီး၊ လက်ခံပြီး ဥပဒေသတစ်ခု၏ နောက်အဆိုတစ်ခုနှင့် ဆက်နွယ်ပေးခြင်း ဖြစ်လေသည်။

မည်သို့ပင် ဆိုပါစေ- သိပ္ပံသည်လည်းကောင်း၊ ဒဿနသည်လည်းကောင်း၊ သိပ္ပံဒဿနသည်လည်းကောင်း၊ ကြောင်းကျိုးတရားကို မပစ်ပယ်သမျှ ကာလပတ်လုံး ဗုဒ္ဓဘာသာ၏ ကြောင်းကျိုးတရားနှင့် အနည်းနှင့်အများဆိုသလို ဆက်စပ်ဖွင့်ဆို၍ ရပါသည်။ ဗုဒ္ဓဘာသာမှာတော့မူ သံသရာ လည်ကြောင်း၊ ထွက်ကြောင်းများ ပါဝင်သည်ဖြစ်၍ အထူးနက် ရှိုင်းနေပါသည်။ အထူးသဖြင့် သိပ္ပံပညာသည် သဘာဝ သက်မဲ့ တရား၏ ကြောင်းကျိုးဆက်စပ်မှုကိစ္စများကို ပိုမိုလိုက်စားလေ့ လာသကဲ့သို့ရှိရာ ဗုဒ္ဓဘာသာမှာမူ- ရုပ်နာမ် လူသား သုံးဆယ့် တစ်ဘုံ ခရီးသွားများ၏ ကြောင်းကျိုးတရားများဘက်သို့ ဦးတည်ဖော်ညွှန်းသည်ဖြစ်၍ ထူးခြားမှုများ အများအပြား ရှိသည်ဟု သဘောရစရာရှိပါသည်။ နောက်ဆုံး မြတ်စွာဘုရား၏ သဗ္ဗညုတအရာ တရားသစ္စာများပါဝင်လေရာ ရိုးရိုးလောကီ

www.burmeseclassic.com



ပညာရပ်များနှင့် နှိုင်းမမှီစရာ လောကုတ္တရာ ဉာဏ်ပညာအရာမှာ နက်ရှိုင်းကျယ်ပြောလှကြောင်း ကောက်ချက်ချမှတ်အပ်ပါသည်။

အမှန်တော့မူ သိပ္ပံပညာမှာ လောကီမျှသာ ဖြစ်လေသည်။ ဗုဒ္ဓဘာသာမှာမူ လောကုတ္တရာ ဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာက ပိုမိုနက်ရှိုင်းရခြင်း ဖြစ်လေသည်။ အထူးသဖြင့် နိဗ္ဗာန်ဆိုသည်မှာ သိပ္ပံ၌ ရှာမရချေ။ ထို့အတူ ရဟန္တာ အရိယာ လောကုတ္တရာ ပညာရပ်များကိုမူ သိပ္ပံ၌ ရှာမရချေ။ အဆိုပါ ခက်ခဲ နက်နဲသော အကြောင်းအရာများကို ဗုဒ္ဓဘာသာ၌သာ ရှာဖွေဆည်းပူးလေ့လာတွေ့ရှိ လေ့ကျင့်အားထုတ် နိုင်လေသည်။

ဤနေရာ၌ လောကုတ္တရာအကြောင်း အနည်းငယ် ရေးလိုပါသည်။ သိပ္ပံသည် မည်မျှပင် တိုးတက်ပါစေ၊ လောကုတ္တရာအဆင့်ကိုတော့ ချဉ်းနင်းဝင်ရောက်နိုင်လိမ့်မည် မဟုတ်ပါ။ သိပ္ပံပညာရှင်များကိုယ်တိုင်ကလည်း လောကုတ္တရာ နယ်ပယ်ကို သူတို့ကျက်စားရာ နယ်ပယ်ဟု မခံယူကြပါ။ လောကုတ္တရာနယ်ပယ် ဟူသည်မှာ သီးခြားနယ်ပယ် ဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



လောကုတ္တရာလမ်းသည် သဘာဝသက်မဲ့ဆိုင်ရာ သိပ္ပံပညာရပ် သက်သက်ထက် စိတ္တဗေဒပညာရပ်က ပိုမိုနီးစပ်နိုင်လိမ့်မည်ဟု ဆိုနိုင်ပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် လောကုတ္တရာ လမ်းစဉ်၏ အခြေခံမှာ...လူနှင့်လူ့စိတ်ကို သိနားလည်ရန် လိုအပ်လေသည်။ သိပ္ပံသည် ပြင်ပသို့လေ့လာသည်ကများ၍ ဗုဒ္ဓဘာသာသည် အတွင်းသို့ လေ့လာသည်က များကြောင်း ဖော်ပြခဲ့ပါသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာသည် စိတ်ကို လေ့လာရာ၌ အသေးစိတ်သည်ဟု ဆိုရပါမည်။ ဥပမာ- စိတ်ဟူသည် မည်သို့နည်း။ ဗုဒ္ဓဘာသာအရ စိတ်သည် စေတသိက်နှင့် တွဲဖက်ပူးပေါင်းသည့် လောဘ၊ ဒေါသ၊ မောဟ၊ စေတသိက်များနှင့် ပူးပေါင်းသော စိတ်သည် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်များ ဖြစ်ပေါ်လာသည်။ ဗုဒ္ဓဘာသာအရ လောဘ၊ ဒေါသ၊ မောဟများသည် လျှော့နည်းကုန်ဆုံးအပ်သည် ဖြစ်ရာ လောဘစိတ်ကို အပျက်ရှုပါမှ လောဘနည်းပါးမည်။ ထို့အတူ ဒေါသစိတ်ကို အပျက်ရှုနိုင်မှသာ ဒေါသ နည်းပါးမည်။

BURMESE CLASSIC .com

www.burmeseclassic.com



မောဟစိတ်ကို အပျက်ရှုနိုင်မှသာ မောဟနည်းပါးမည်။ ဤစိတ်ကူး ဤအသိမှာ ဗုဒ္ဓဘာသာမှသာ သိနားလည်သည်။ ဗုဒ္ဓဘာသာမှသာ လမ်းညွှန်မှုရရှိသည်။ သိပ္ပံပညာရှင်များသည် ဤအသိမျိုးကို မရရှိချေ။ ထို့နောက်မှ လောဘ၊ ဒေါသ၊ မောဟကို ချုပ်ဆုံးစေသည်အထိ ရှုသတ်ပယ်စွန့်ပိုင်းဖြတ်နိုင်သော လောကုတ္တရာ ဉာဏ်အမျိုးအစားဆိုသည်မှာ ဗုဒ္ဓဘာသာများသာ သိနားလည်နိုင်သည်။ သိပ္ပံပညာရှင်များ နားလည်နိုင်လိမ့်မည်မဟုတ်ချေ။ သူတို့၌ ဗုဒ္ဓဘာသာ၏ အဆုံးအများလည်း ကိန်းအောင်းလိမ့်မည် မဟုတ်ချေ။ သူတို့သည် လောကုတ္တရာ အသိပညာကင်းလွတ်လျက် ရတနာမြတ်သုံးပါးနှင့်လည်း ပတ်သက် သက်ဆိုင်လိမ့်မည် မဟုတ်ချေ။

ဤနေရာ၌ စာရေးသူ လောကုတ္တရာအသိပညာ ဆည်းပူးရရှိခဲ့ပုံသမိုင်းကို အနည်းငယ် ဖော်ပြလိုပါသည်။ စာရေးသူသည် လောကီသမားသက်သက်တော့မူ မဟုတ်ခဲ့ချေ။ သိတတ်သော အရွယ်ရောက်စ အချိန်မှအစပြု၍ လောကုတ္တရာ

BURMESE CLASSIC .com

www.burmeseclassic.com



ကို လိုက်စားခဲ့သူ ဖြစ်လေသည်။ သို့သော် လောကုတ္တရာဟု စာရေးသူ သိနားလည်ခဲ့သော အကြောင်းအရာများသည် လောကီမျှသာ ဖြစ်နေသေးကြောင်း ဆရာကောင်း၊ ဆရာမြတ်နှင့် တပည့်ခံခွင့်ရမှသာ သိမြင်ခွဲခြားနိုင်လာလေသည်။ ထိုအချိန်မှ အစပြု၍ ဂိုဏ်းဃဏလိုင်းများကို စွန့်ပယ်ခဲ့လေသည်။ သမထ သက်သက်မျှသာဖြစ်သော ကျင့်စဉ်များကိုလည်း စွန့်လွှတ်ခဲ့လေသည်။ ဖြစ်ပျက်ကို မြင်အောင်ရှုရသော မြင်နိုင်သော သဘောကို တည်ဆောက်ရသော လောကုတ္တရာ ဝိပဿနာတရားကို လေ့လာပွားများ ကျင့်ကြံကြိုးစားခဲ့လေသည်။ ထိုအခါမှသာ ဖြစ်ပျက်သည် လောကီဖြစ်၍ ဖြစ်ပျက်ကို မြင်သော ဉာဏ်သည်သာ လောကုတ္တရာဘက်သို့ ဦးတည်နိုင်မည်ဖြစ်ကြောင်း ကောင်းကောင်း သဘောပေါက်ခဲ့လေသည်။

ဤနေရာ၌ ဖြစ်ပျက်တရားနှင့် ဖြစ်ပျက်ကို မြင်သော ဉာဏ်အကြောင်း အနည်းငယ်ခွဲခြား ဖွင့်ဆိုပါမည်။ ဖြစ်ပျက်ဆိုသည်မှာ အရှုခံတရား ဖြစ်ပါသည်။ ဖြစ်ပျက်ကို မြင်သော

BURMESE CLASSIC .com

www.burmeseclassic.com



ဉာဏ်ဆိုသည်မှာ ရှုသတ်ပွားများနေသော ဉာဏ်ဖြစ်ပါသည်။ ဥပမာ ဖြစ်ပျက်သည် ခံစစ်ဆိုပါက ဖြစ်ပျက်ကို မြင်သော ဉာဏ်သည် တိုက်စစ်ဖြစ်ပါသည်။ ဖြစ်ပျက်သည် **PASSIVE** `ဖြစ်ပါက ဖြစ်ပျက်ကို မြင်သောဉာဏ်သည် **ACTIVE** ဖြစ်ပါသည်။ တစ်ခြားနည်းအားဖြင့် ဥပမာဆောင်ရသော် ဖြစ်ပျက်သည် **OBSERVABLE PHENOMENA** ဖြစ်ပါက ဖြစ်ပျက်ကို မြင်သောဉာဏ်သည် **OBSERVER** ဖြစ်ပါသည်။ ဖြစ်ပျက်သည် အလေ့လာခံဘက်မှ ရပ်တည်၍ ဖြစ်ပျက်ကို မြင်သောဉာဏ်သည် လေ့လာသူဘက်မှ ရပ်ပါသည်။ ပိုင်းခြားနားလည်သည်ဆိုသည်မှာ ထိုသဘောမှတစ်ဆင့် မြင်လာပုံကို တင်စားဖော်ပြခြင်း ဖြစ်ပါသည်။ ဖြစ်ပျက်မှာ ပယ်ရသောတရားဖြစ်၍ ဖြစ်ပျက်ကို မြင်ရသောဉာဏ်မှာ ပွားများရသောတရားဖြစ်ပါသည်။ ဤအချက်မှာ အလေးအနက်ထားအပ်ပါသည်။ အဓိကအားဖြင့် ပတ်သက်ရန်ရှိသော တရားကို မပွားများမိစေရန်ပင် ဖြစ်ပါသည်။ ဤကား ဆရာကောင်း

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာမြတ်များက ထပ်ချပ်မကွာ သွန်သင်ညွှန်ကြားနိုင်ပါမှသာ ဖြစ်တန်ကောင်းသော အရာများ ဖြစ်ပါသည်။ ဝိပဿနာရှုရာ၌ ကိုယ့်စိတ်ကိုယ့်ခန္ဓာကို အရှုခံအဖြစ်ထား၍ ကိုယ့်ဉာဏ်ကို ရှုဉာဏ်အဖြစ် ပိုင်းခြားနားလည်ရသည်ဖြစ်ရာ လွန်စွာမှ နက်ရှိုင်းလှပါသည်။ ဆရာကောင်း ဆရာမြတ်၏ လမ်းညွှန်မှု မရှိလျှင် ဤကိစ္စသည် မလွယ်ကူပါ။ ဤကိစ္စမပိုင်လျှင်လည်း ဝိပဿနာစစ်စစ် မဖြစ်နိုင်ပါ။ ရှုသတ်ခြင်း မဖြစ်ဘဲ ရေရွတ်ခြင်းသာ ဖြစ်သွားနိုင်ပါသည်။

စာဖတ်သူသည် အကယ်၍ လောကုတ္တရာတရားကို ဝင်စားလိုပါက ပိုင်းခြားသည်ဆိုသော စကား၏ အနက်အဓိပ္ပာယ်ကို သိနားလည်နိုင်ရန် ကြိုးစားပါ။ ပိုင်းခြားခြင်းကို မသိမမြင်နိုင်လျှင် အနတ္တဉာဏ်ဆိုက် မည်မဟုတ်ပါ။ အနတ္တဉာဏ် မဆိုက်ပါက အရိယာမဖြစ်နိုင်ပါ။ အတ္တကိစ္စနှင့်သာ ချာချာလည်သွားပါလိမ့်မည်။ ထို့ကြောင့် လောကုတ္တရာတရားပွားများလိုပါက ပိုင်းခြားတတ်အောင် ကြံဆောင်ပါ။ ပိုင်းခြားမှု

BURMESE CLASSIC .com

www.burmeseclassic.com



မပြုတတ်လျှင် ငါအတ္တကြီးမားလာနိုင်ပြီး သုခဘက်သို့ မလှည့်ဘဲ ဒုက္ခဘက်သို့ လှည့်သွားတတ်ပါသည်။ လောကုတ္တရာဟူသည် လောကမှ လွတ်မြောက်ရသည်ဖြစ်ရာ ရုပ်နာမ်မှ လွန်မြောက် ရပါသည်။ အတ္တမှလွန်မြောက်ရပါသည်။ သင်္ခတတရား အပျက်မှ လွန်မြောက်ရပါသည်။

အကယ်၍ စာဖတ်သူသည် လောကုတ္တရာကိုလည်း စိတ်ဝင်စားပါသည်။ သို့သော် တရားကျင့်ကြံ အားထုတ်ရမည် ကိုလည်း စိတ်မသန်သေးပါဟုဆိုပါက ယခုစာရေးသူ ရေးသား သော သဘောအနက် အဓိပ္ပာယ်များကို ကိုယ်ပိုင် ဖြစ်အောင် ဖတ်ရှုဝင်စားကြည့်ပါ။ စာရေးသူ ရေးသားဖော်ပြပါမည်။

“ရုပ်နာမ်သည် ဒုက္ခဟု မြတ်စွာဘုရားဟောကြားပါ သည်။ ရုပ်နာမ်သည် အပျက်တရား ဖြစ်ပါသည်။ သင်္ခတတရား ဖြစ်ပါသည်။ ထို့ကြောင့် ထာဝရတည်မြဲမည်ဟု မှီခို၍တော့မရပါ။ တစ်နေ့ စွန့်ပစ်ရပါလိမ့်မည်။ ယခုလည်း စက္ကန့်မလပ် ပြုပြင်ပြောင်းလဲ နေပါသည်။ နောက်ဆုံး မပိုင်အပ်ကြောင်း

BURMESE CLASSIC .com

www.burmeseclassic.com



လက်တွေ့ပြသသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုကတည်းက အပျက်တရားမျှသာ စွန့်ပယ်ရမည့် တရားမျှသာပါဟု သတ်မှတ်ထားပါ။ ဆင်ခြင်ထားပါ။ ထိုအတိုင်း ကောက်ချက်ချထားပါ။ ထိုအခါ ကောက်ချက်ချသော အသိတရားသည် ဉာဏ်ပညာဘက်သို့ တိုးထွက်လာပါလိမ့်မည်။ ထိုဉာဏ်အင်အား ကောင်းလာလျှင် အရိယာများ ရှုမြင်သကဲ့သို့ အလားတူ ရှုမြင်နိုင်သော ဉာဏ်စွမ်းကို စတင်၍ ယာယီရရှိပါလိမ့်မည်။ ဆင်ခြင်ပါများသော် လောကုတ္တရာဉာဏ်မျက်လုံး ရလာပါလိမ့်မည်။ ထိုအခါ ထိုမျက်လုံးကို အသုံးချပေးရန် ဖြစ်ပါသည်။

အချို့ကလည်း အဘိဓမ္မာတွေသင်ပြီး သင်္ခတနဲ့ အသင်္ခတ မကွဲဘူး။ လောကီနဲ့ လောကုတ္တရာမကွဲဘူး။ ရုပ်နာမ်ဟာ သင်္ခတ နိဗ္ဗာန်ဟာ အသင်္ခတ၊ ရုပ်နာမ်ဟာ အပျက်၊ နိဗ္ဗာန်ကို အပျက်တရားစိတ်နဲ့ သွားချင်ကြတယ်။ သူတို့ရေးတဲ့ စာအုပ်ထဲမှာ နိဗ္ဗာန်ကို စိတ်နဲ့သွားကြောင်း ဖော်ပြကြတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



နိဗ္ဗာန်က ရုပ်နာမ်ကို လက်မခံဘူးဆိုတာ နားမလည်ဘူး။ နိဗ္ဗာန်က သင်္ခတဓာတ်ကို လက်မခံဘူးဆိုတာ မသိဘူး။

သိပ္ပံဒဿန၏ အကြောင်းအကျိုးဆီသို့ တစ်ဖန် ဖော်ပြရန် ဖြစ်ပါသည်။ သိပ္ပံဒဿနသည် အကြောင်းဆိုသော စကားလုံးကို တိတိကျကျအနက်ဖော်ပြရန် ကြိုးစားလိုဟန် ရှိလေသည်။ အကြောင်းဆိုသော စကားလုံးသည် အဓိပ္ပာယ် တိကျရန် လိုအပ်ပါ၏။ အချို့ကလည်း ကြောင်းကျိုးဆက်နွယ် မှုကို အချိန်နှင့်အတူ ဖြစ်ရပ်များ မလွဲမသွေဆက်စပ် ဖြစ်ပေါ်တတ်ခြင်းဟု ဖွင့်ဆိုကြသည်။ အချို့ကလည်း အကြောင်း တရားကို တစ်စုံတစ်ရာသော နောက်ဆက်တွဲ ဖြစ်ရပ်ဖြစ်စဉ် အတွက် အတွင်းပိုင်းမှနေ၍ ပါဝင်လှုပ်ရှားလိုက်သော စွမ်းဆောင် မှုလုပ်ရပ်ဟု အမည်ဖော်ကြလေသည်။ အချို့ကလည်း ကြောင်း ကျိုးတရားကို ဖြစ်ရပ်နှစ်ခု အတွင်းရှေ့က ဆက်နွယ်နေမှုရှိခြင်းဟု ဆိုကြသည်။ တစ်ခုဖြစ်လျှင် နောက်တစ်ခု၊ နောက်ကဖြစ်လျက် တစ်ခုသော ဖြစ်ရပ်နောက်ဖြစ်လျှင် ကျန်တစ်ခုသည် ရှေ့က

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်ပေါ်ပြီး ဖြစ်သောဖြစ်ရပ် အမျိုးအစား တစ်ခုဟု ဖွင့်ဆိုကြသည်။

အချို့ကလည်း ကြောင်းကျိုးဆက်နွယ်မှုမှာ မဖြစ်မနေ သဘောဆောင်ရသည်ဟု သတ်မှတ်ကြသည်။ ဤနေရာ၌ မဖြစ်မနေ သဘောဆောင်မှုသည် မည်သို့ရှိသနည်း။ မဖြစ်မနေ သဘောဟူသည် မှန်ရုံသာမဟုတ် မမြဲမှန်နေမည်ဆိုသော အဓိပ္ပာယ်ကို သက်ရောက်စေသည်။ သရက်ပင်သည် ဤ တစ်ကြိမ် ဤအပင်ကသာ သရက်သီး သီးသည်မဟုတ်၊ သရက်ပင်က သီးနေသမျှ ကာလပတ်လုံး သရက်သီးသာလျှင် ထာဝရ ဖြစ်ရမည်။ ယင်းအချက်သည် အမြဲပင် မှန်ကန်နေရမည်ဟူသော အနက်သဘောဆောင်သည်ဟု ဖွင့်ဆိုကြလေသည်။ အကြောင်းနှင့်အကျိုးတို့သည် ရှေ့နောက် ဆက်စပ်ဖြစ်ပေါ်တတ်သည်ဟု မှတ်ယူကြသည်။

ကြောင်းကျိုးဆက်နွယ်မှု၌ တူသောအကြောင်းတရားတို့သည် တူသောအကျိုးတရားကို ဖြစ်ပေါ်စေတတ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com



အကြောင်းနှင့် အကျိုးတို့သည်လည်း အချင်းချင်း အနည်းနှင့် အများ ဆင်တူဖြစ်တတ်လေ့ရှိသည်။ အကြောင်းတရားသည် များသောအားဖြင့် ပြဋ္ဌာန်းလိုက်သကဲ့သို့ အကျိုးကို ဖြစ်စေတတ်သည်ဟု ဖော်ထုတ်ကြပြန်သည်။ အကြောင်းပြုခြင်းသည် အကျိုးတရားကို တောင်းဆိုလိုက်သည်သာတည်း။ အကြောင်းသည် အကျိုးကို သတ်မှတ်ဆုံးဖြတ် ထုတ်လုပ်ပေးတတ်သော်လည်း အကျိုးသည် အကြောင်းကို မထုတ်လုပ်ချေ။ အကြောင်းသည် ရှေ့ဖြစ်ရပ်ဖြစ်၍ အကျိုးသည် နောက်ဖြစ်ရပ်အဖြစ် ရပ်တည်လေ့ရှိလေသည်။ ဤသို့ ဆိုသဖြင့်တော့ နေ့ဖြစ်ခြင်းအကြောင်းရင်းသည် ညဖြစ်ခြင်းကြောင့်ဟု ဆို၍တော့မရချေ။ တစ်နည်းအားဖြင့် ရုပ်ဝတ္ထုကြကျ ကြောင်းကျိုးဆက်နွယ်မှုများသည် အမှန်အမှား စီစစ်စစ်ဆေး၍ ရနိုင်ပြီး၊ အနီးစပ်ဆုံးဖြစ်တန်ရာခြေကောင်းသည်။ အချို့မှာမူ လက်တွေ့စစ်ဆေး၍ မရနိုင်သော်လည်း တိကျသေချာမှုရှိသည်။ အထူးအားဖြင့် အတိတ်က သေချာမှုရှိသော ကြောင်းကျိုးဆက်နွယ်မှုများသည် အနာဂါတ်

www.burmeseclassic.com



ကာလရောက်သော် အသေးစိတ်အားဖြင့် အတိတ်ကဲ့သို့ သေချာမှုရှိရန် မျှော်လင့်၍ မဖြစ်ပေ။ ဤအားနည်းဖြင့် သဘာဝတရား၌ ပုံသေကားကျ မပြောနိုင်လောက်အောင် အနာဂတ်သည် ဖြစ်ရပ်မျိုးစုံ လာနိုင်လေသည်။ တစ်နည်း အားဖြင့် ကြောင်းကျိုးဆက်နွယ်မှုတရားကို ယေဘုယျအားဖြင့် ခြုံငုံ၍ ချွင်းချက်မဲ့သဘောတရားရေးရာ လက်ခံနိုင်ကြရသော်လည်း တစ်ခုစီသော အတွေ့အကြုံဖြစ်ရပ်များအတွက်မူ အမျိုးမျိုးသော အနှောင့်အယှက် သဏ္ဌာန်ဖြစ်ရပ်များ ကြားဝင်စွက်ဖက်နိုင်လာသေးသည် ဖြစ်ရာကား။ တရားသေဖြစ်ရမည့် ပုံသေပုံစံ ပြဋ္ဌာန်းသတ်မှတ်ပြီး ဖြစ်သည်ဟုမူ ရာနှုန်းပြည့် ယုံကြည်မထားအပ်ပေ။ ချွင်းချက်များ၏ ကြားဝင်နှောင့်ယှက်မှုကိုပါ ထည့်တွက်ရမည်ကဲ့သို့ဖြစ်နေပါသည်။ ဤသို့ဖြင့် ကြောင်းကျိုးဆက်နွယ်မှုတရားသည် တရားသေ ပြဋ္ဌာန်းခံသဘောသို့ ရာနှုန်းပြည့်သက်ရောက်စေသည်ဟု မယူဆနိုင်တော့ချေ။ ထိုအခါ လူ့လွတ်လပ်မှုဟူသည် စဉ်းစားဖွယ်ရာ

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်လာလေသည်။ လွတ်လပ်မှုဟူသည် မပြဋ္ဌာန်းရသေးဟု အဓိပ္ပာယ်ရရာ ရွေးချယ်ခွင့်ရှိမှုကို ဖော်ပြသဖြင့် ကြောင်းကျိုးဆက်နွယ်မှု၏ သဘောဝနှင့်ဆက်စပ်မှု ရှိလေသည်။ လူသည် လွတ်လပ်ပါ၏လော။ မည်သည့် အတိုင်းအတာအထိ လွတ်လပ်ခွင့်ရှိပါသနည်း။ သင်၏လက်သီးကို လေထဲသို့ လွတ်လပ်စွာဝှေ့ရမ်းပါ။ သို့သော် ထိုလွတ်လပ်မှု နယ်ပယ် ကျွန်ုပ်၏မျက်နှာ အနီးတစ်ဝိုက်၌ အဆုံးသတ်သွားကြောင်း သတိပြုပါဟူသော စကားအတိုင်း လွတ်လပ်မှုသည် အကန့်အသတ်တော့ ရှိပေလိမ့်မည်။ လူတစ်ဦး၏ အမူအကျင့်ကို ကျွန်တော်တို့သည် ကြိုတင်ပြောဟောကိန်း ထုတ်နိုင်ပါသလား ဟူသော မေးခွန်းရှိလေသည်။ ထိုလူတစ်ယောက်၏ အခြေအနေ အရပ်ရပ် အားလုံးကို ကုန်စင်အောင် သိနားလည်ထားလျှင်တော့ ထိုလူ၏ အမူအကျင့်နှင့် ပတ်သက်၍ အနာဂါတ်အတွက် ကြိုတင်ပြောဟောကိန်း ထုတ်နိုင်ပါလိမ့်မည်ဟု အယူရှိကြလေသည်။ ထိုသို့ ပြောဟောနိုင်ပါက တရားသေပြဋ္ဌာန်း မူဝါဒကို

BURMESE CLASSIC .com

www.burmeseclassic.com



ထောက်ခံကာ လူ၏လွတ်လပ်မှုကိုလည်း ငြင်းဖျက်ရာကျပေလိမ့်မည်။ ကျွန်ုပ်တို့သည် အမျိုးမျိုးသော ရွေးချယ်ခွင့်များရှိက တစ်မျိုးမျိုးကို ကျွန်ုပ်တို့ စိတ်တိုင်းကျ လွတ်လပ်စွာ ရွေးချယ်ရယူနိုင်ပါလိမ့်မည်။ အသိပညာပြည့်ဝလာလျှင်တော့ အနာဂတ်ကို အတိတ်ကဲ့သို့ သိမြင်နိုင်ပါလိမ့်မည်ဟု မျှော်လင့်လိုကြပေသည်။ ပြင်ပလောက၏ လွှမ်းမိုးမှုကို မခံယူဘဲ လုပ်ရှားခွင့်ရှိခြင်း၏ အရေးပါမှုသည် လွတ်လပ်ခြင်းမည်ပေသည်။ လွတ်လပ်မှုဟူသည် ဉာဏ်ဉာဏ်မျှသာ ဖြစ်နိုင်ပေလိမ့်မည် ဖြစ်ပါကြောင်း၊ ကြောင်းကျိုးဆက်နွယ်မှု တိကျလျှင် ကြိုတင်ပြောဟောကိန်းထုတ်နိုင်သည်။ ပြဒ္ဒါန်းခံ သဘောဆိုသည်မှာ ဖြစ်ရပ်တစ်ခုအကြောင်းကို တိတိကျကျ ကြိုတင်ပြောဟောကိန်းထုတ်နိုင်ရမည်။ ကိန်းဂဏန်းအရ ကြိုပြောမှု၌ ကြိမ်နှုန်းမှန်ဖြစ်ရပ်များကို အခြေပြု၍ ကြိုတင်ပြောခြင်းဖြစ်သည်။

ဒဿနပညာရှင်များသည်လည်းကောင်း၊ သိပ္ပံပညာရှင်များသည်လည်းကောင်း ကြောင်းကျိုးဆက်နွယ်မှု ဥပဒေသကို

BURMESE CLASSIC .com

www.burmeseclassic.com



အထူးစိတ်ဝင်စားကြသည်။ ဗုဒ္ဓဘာသာ၌မူ နိဗ္ဗာန်သည်သာ ကြောင်းကျိုးကင်းသည်ဟု သိနားလည်ထားရလေသည်။ နိဗ္ဗာန်၌ အကြောင်းမရှိချေ။ နိဗ္ဗာန်ဖြစ်စေရန် မည်သူတစ်စုံတစ်ဦးကမှ ပြုမူဆောင်ရွက်စရာ မလိုချေ။ နိဗ္ဗာန်သည် အကြောင်းမရှိဘဲ တည်ရှိနေခြင်းဖြစ်သည်။ နိဗ္ဗာန်သည် စဖြစ်ခြင်းလည်း မရှိချေ။ ထို့အတူ ဆုံးဖြစ်ခြင်းလည်း မရှိချေ။ ထာဝရ ရှိနေဖြစ်နေသော အနုတ္တရဓာတ် အသင်္ခတဓာတ်ကြီးဖြစ်လေသည်။ နိဗ္ဗာန်သည် အံ့ဩဖွယ်ကောင်းစွာ တည်ရှိနေလေသည်။ အသိခက်စွာလည်း တည်ရှိနေလေသည်။ ရိုးရိုးမျက်လုံးဖြင့်မူ မမြင်နိုင်ချေ။ ဉာဏ်မျက်လုံးနှင့်သာ မြင်နိုင်လေသည်။ ပုထုဇဉ်များ မတွေ့မြင်အပ်ပေ။ အရိယာ သူတော်စင်များသာ ဝင်စားမျက်မှောက်ပြု စံစားနိုင်လေသည်။

ဗုဒ္ဓဘာသာတစ်ဦးသည် နိဗ္ဗာန်ကို မြင်တွေ့လိုပါက လောကီကို အပျက်ရှုရပေမည်။ ရုပ်နာမ်ကို လက္ခဏာရေးတင် ဆင်ခြင်ရပေသည်။ လောကီအပျက်ကိုမြင်လျှင် လောကုတ္တရာ

BURMESE CLASSIC .com

www.burmeseclassic.com



ဘက်သို့ ဆိုက်ရောက်နိုင်လေသည်။ လောကီဆုံးလျှင် ဆုံးအောင်ရှုသတ်သော ဉာဏ်မျက်လုံးက နိဗ္ဗာန်ကို တွေ့မြင်သွားမည်ဖြစ်သည်။ ဖြစ်ပျက်မြင်မုန်းဆုံးလမ်းစဉ်သည် နိဗ္ဗာန်မြင်တွေ့အပ်သော လမ်းစဉ်ကျင့်စဉ်ပင် ဖြစ်လေသည်။ လောကီရုပ်နာမ်ဖြစ်ပျက်အမုန်ဆုံးလျှင် မဂ်ဆိုက်နိုင်လေသည်။ မဂ်မှဖိုလ်သို့ ကူးကာနိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်း ဖြစ်လေသည်။

စာဖတ်သူသည် နိဗ္ဗာန်ကို မြင်တွေ့ချင်ပါက နိဗ္ဗာန်မြင်ဖို့မှအပ အခြားသို့ အာရုံမပြုပါနှင့်။ ဖြစ်ပျက်ကိုသာရှုပါ။ ရှုလျှင်ဖြစ်ပျက် ဆုံးရပါမည်။ ဆုံးလျှင် ဆုံးအောင်ရှုနိုင်သော မဂ်ဉာဏ်က နိဗ္ဗာန်စံဝင်နိုင်သော ဖိုလ်ဉာဏ်ကို ဖြစ်စေပါလိမ့်မည်။ ဖွဲနှင့်တော့ ကြိုးစားရပါလိမ့်မည်။ သာသနာတော်မြတ်အတွင်းဖြစ်၍ အားပေးပါသည်။ လိုလျှင်ကြံဆနည်းလမ်းရပင် ဖြစ်ပါသည်။ မိမိက အမှန်တကယ်လိုချင်ဖို့သာ လိုပါသည်။ လိုချင်လျှင်လုပ်ဆောင်ကြည့်ပါ။ တရားတော်မြတ်၏ ဂုဏ်ကျေးဇူး

www.burmeseclassic.com



ကို ကိုယ်တိုင်တွေ့သိ ခံစားနားလည်လာပါလိမ့်မည်။ ယင်းကား မြတ်စွာဘုရား၏ သာသနာတော် တည်ရှိနေ၍ ဖြစ်ပါသည်။

ဤနေရာ၌ သိပ္ပံပညာရှင်များ၊ ဒဿနပညာရှင်များ၏ ဖြစ်တန်ရာခြေဆိုင်ရာ အယူအဆများကို ဖော်ပြပါမည်။ အတွေ့အကြုံကို အလေးပေးကြသော သိပ္ပံဒဿနပညာရှင်တို့သည် အနာဂတ်ကိစ္စနှင့် ပတ်သက်၍ ကြိုတင်ပြောဟောကိန်းထုတ်ရာ၌ ဖြစ်တန်ရာခြေ အနည်းအများကို ပြောကြလေသည်။ သေချာပေါက်စကားကိုမူ အသေးစိတ်ကိစ္စများ၌ မပြောမဆို မသုံးနှုန်းကြချေ။ သဘာဝ၌ ကြိမ်နှုန်းတော်တော် များများဖြစ်လျှင် ဖြစ်တန်ရာခြေ အနည်းနှင့်အများ ရှိသည်ဟု မှန်းဆကြလေသည်။ ၎င်းတို့အတွက် သေချာပေါက်ဟူသည် ခံယူမထားကြချေ။ ဖြစ်တန်ရာခြေ အနည်းအများရှိသည်ဟူ၍သာ သဘောထားကြလေသည်။ ထို့ကြောင့် ရေရှည်စီမံကိန်းများနှင့် စနစ်တကျဖွဲ့စည်းကာ လုပ်ကိုင်ဆောင်ရွက်အကောင်ထည်ဖော်ဆောင်ကြလေသည်။ ၎င်းတို့၏ အသိပညာသည် ပုထုဇဉ်အသိပညာ လူသာမန် အသိပညာဟု သတ်မှတ်ခံယူ

BURMESE CLASSIC .com

www.burmeseclassic.com



နားလည်ထားကြလျက် အနာဂတ်ကို ခန့်မှန်းမှန်းဆရုံမျှလောက်သာ ဖွင့်ဆိုကြိုပြောကြလေသည်။ ပုံသေကားကျသဘောမထားကြချေ။ အသေးစိတ်ကိစ္စတို့၌ ပြီးပြည့်စုံသော ပြဋ္ဌာန်းမှုကို လက်မခံကြချေ။ အနာဂတ်နှင့်ပတ်သက်၍ စက်ယန္တရားဆန်သော တရားသေဝါဒကို ငြင်းဖျက်ကြလေသည်။ ၎င်းတို့၏ အသိပညာသည် သဘာဝဖြစ်ရပ်ကြိမ်နှုန်းများသဖြင့် ဖြစ်တန်ရာခြေရှိကောင်း၏ဟု မှန်းဆမြော်မြင်ရုံသာ တတ်စွမ်းနိုင်သည်ဟု ခံယူထားကြလေသည်။ သူတို့သည် သိထားသော အများအတွက် လုပ်ဆောင်ချက်မဟုတ်သော မသိရသေးသော အမှန်တရားအတွက် လုပ်ဆောင်နေကြသည်ဟု ခံယူနားလည်ထားကြလေသည်။ လူသည် အနာဂတ်အတွက် တစ်စုံတစ်ရာ လုပ်ဆောင်ရမည်။ သို့သော် ထိုအနာဂတ်သည် မဖြစ်ပေါ်လာသေးသဖြင့် ဘာဖြစ်လာမည်ကို ကြိုမသိရပါ။ ထိုအခါ ဘာဖြစ်လာမည်ကို သိရမှ လုပ်ဆောင်မည်ဆိုလျှင် ဘာမှလုပ်ဆောင်ဖြစ်မည် မဟုတ်ပါ။ ထို့ကြောင့် ဖြစ်တန်ရာခြေရှိရာများကို မှန်းဆ၍ လုပ်ဆောင်ရပါ

BURMESE CLASSIC .com

www.burmeseclassic.com



သည်။ ၄င်းမှာ သူတို့၏ သဘောထားခံယူချက် ဒဿနအမြင်များ ဖြစ်ပါသည်။

ဤနေရာ၌ ဗုဒ္ဓဘာသာတစ်ဦး၏ ခံယူချက်ကို ဖော်ပြရမည်ဆိုလျှင် လောကုတ္တရာအရာ၌ လမ်းညွှန်နိုင်သော ဆရာကောင်း ဆရမြတ်တို့၏ လမ်းညွှန်မှုကို ခံယူကာ ကျင့်သုံးနှလုံးသွင်းရခြင်း ဖြစ်ပါသည်ဟု ဆိုရပါမည်။ လူသည် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိစသည်ဖြင့် မလိုလားအပ်သော နှလုံးသွင်းမှားယွင်းစရာများရှိရာ ကိုယ့်အတ္တကိုယ် ရှေ့တန်းတင်ရိုး ထုံးစံ ဗုဒ္ဓဘာသာ၌ မရှိချေ။ ကိုယ့်အတ္တကိုယ် ရှေ့တန်းတင်နေကြသူများသည် ဗုဒ္ဓဘာသာစစ်မဟုတ်ကြချေ။ အမည်ခံအဖြစ် အော်ကောင်းဟစ်ကောင်း ပြောကောင်းဟောကောင်းရုံမျှသာ ဟိတ်လုံးထုတ်ကြခြင်း ဖြစ်လေသည်။ သူတို့သည် ဗုဒ္ဓဘာသာ စစ်စစ်များ မဟုတ်ကြချေ။ စားကောင်းသောက်ကောင်းလို့သာ ဗုဒ္ဓဘာသာ ငါ့ဆရာလုပ်စားလိုက်စား ဟန်ဟိန်ပြနေကြခြင်း ဖြစ်သည်။ အတွင်းမှာ ဗုဒ္ဓဘာသာနှင့် မနီးစပ်ချေ။ အထူးသဖြင့်

BURMESE CLASSIC .com

www.burmeseclassic.com



မြတ်စွာဘုရားကို စော်ကားသူသည် ဗုဒ္ဓဘာသာနှင့် ပိုဝေးလေသည်။ ဘုရားဘာတတ်နိုင်တုန်းဟု အခါခါ မေးမြန်းလိုကြလေသည်။ လဲသေဖို့ကောင်းလေသည်။ ဗုဒ္ဓဘာသာဖြစ်ပြီး ဘုရားဘာမှမတတ်နိုင်။ ဘာတတ်လို့လဲဟု မေးမြန်းရဲသူများ ပေါ်ထွန်းခဲ့ရာ ကြောက်စရာ အင်မတန်ကောင်းလေသည်။ အချို့မသိ၍ ငှင်းတို့အား ချဉ်းကပ်နေကြရာ မိုးကြိုးအပစ်ခံရ နိုင်လေသည်။ မြတ်စွာဘုရားကို ပြစ်မှားခြင်းသည် လွန်စွာမှ ကြီးမားဝန်လေးသော ပြစ်မှားမှုဖြစ်လေသည်။ ဝေးဝေးကရှောင်မှ တော်ကာကျကြောင်း နောက်ပိုင်းကောင်းကောင်းကြီး သိနားလည်လာကြရပေလိမ့်မည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဒုက္ခတွေ့ရလျှင် မြတ်စွာဘုရားကလည်း ကယ်ဆယ်လိမ့်မည်မဟုတ်ပေ။ တစ်သီတစ်တန်းကြီး ငရဲအိုးသို့ ဇောက်ထိုးဆင်းကြရပေလိမ့်မည်။ ဤကား လူကြီးလူကောင်းဆန်ဆန် ပြောပြနေခြင်း ဖြစ်လေသည်။ လူမိုက်စကားနှင့် ပြောပြရသော် ဘုရားကိုအဲဒီလောက် စော်ကားမော်ကား ပြောခြင်းမှာ “ရိုက်ပေါက်” ဖြစ်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုသူတို့သည် လူမိုက်များနှင့် မတွေ့ကြရသေးသည်မှာ ကံကောင်းနေသောကြောင့်ဖြစ်သည်။ ဤပုဂ္ဂိုလ်မျိုးသည် ကြာရှည်တော့ ကံမကောင်းနိုင်။ ဘုရားစော်ကားသဖြင့် ခွေးကျဝက်ကျ ကျနိုင်လေသည်။ စောင့်ကြည့်ရဦးမည် ဖြစ်လေသည်။

ရှေးမြန်မာ ဗုဒ္ဓဘာသာ ပညာရှိများသည် စကားပြောဆိုသောအခါ အကြောင်းညီညွတ်ပါလျှင်ဟူသော စကားကို သုံးနှုန်းပြောဆိုလေ့ရှိကြကြောင်း ကြားသိခဲ့ဖူးလေသည်။ ယခုအခါ...အဆိုပါ...အကြောင်းညီညွတ်လျှင် ဆိုသော အသုံးအနှုန်းသည် လွန်စွာခေတ်မီနေကြောင်း သိရှိနားလည်ရပြန်လေသည်။ အကြောင်းမှာ ကမ္ဘာ့ပညာရှင်များသည် သိပ္ပံပညာရှင် ဒဿနပညာရှင် အများအပြားတို့သည် အကြောင်းညီညွတ်လျှင်ဆိုသော အနက်အဓိပ္ပာယ်ကို ကြိုက်နှစ်သက်နေကြလေသည်။ အဖြစ်ရသေးသမျှသော ဖြစ်ရပ်တို့သည်အကြောင်းညီညွတ်မှုအပေါ် များစွာမှီခိုနေလေသည်။ အဘယ့်ကြောင့်ဆိုသော် အရာရာသည် မဖြစ်ပေါ်လာရသေးမီ၌ အကြောင်း

BURMESE CLASSIC .com

www.burmeseclassic.com



အမျိုးမျိုး ဖြစ်ပေါ်လာတတ်သောကြောင့် ဖြစ်လေသည်။ မဖြစ်ပေါ်လာရသေးသော ဖြစ်ရပ်တိုင်းအတွက် ဘာဖြစ်ရမည် ဆိုသည်ကို အသေးစိတ် ပြောပိုင်ခွင့်မရှိနိုင်အောင် ဖြစ်ရလေသည်။ မဖြစ်ပေါ်လာသေးသမျှ အသေးစိတ် ပြဋ္ဌာန်းပြီးမဟုတ် သတ်မှတ်ကန့်သတ်ပြီး မဟုတ်ဟု အယူရှိကြလေသည်။ သိပ္ပံပညာ ကွမ်တမ်မက္ကင်းနစ် သီဝရီပေါ်ပေါက်လာပြီးနောက် အဆိုပါ အယူအဆနှင့် ခံယူချက်များ ပေါက်ဖွားလာခြင်းဖြစ်လေသည်။ မက္ကင်းနစ်သီဝရီ ဆိုသည်မှာ "မသေချာမှု နိယာမ"ကို အခြေပြုလေသည်။ ရုပ်လောကဌ် ရုပ်ကိုရုပ်နှင့် တိုင်းတာသော် အဖြေမှာ မရေရာပါ ဟူ၍ဖြစ်လေသည်။

မသေချာ မရေရာမှု ဥပဒေသ၏ အခြေအနေမှာ ဤသို့ဖြစ်သည် ... "THE INTERACTION BETWEEN OBSERVER AND OBJECT CAUSES UNCONTROLLABLE AND LARGE CHANGES IN THE SYSTEM BEING OBSERVED,

BURMESE CLASSIC .com

www.burmeseclassic.com



BECAUSE OF THE DISCONTINUOUS CHARACTER OF ATOMIC PROCESSES ...”

လေ့လာသူနှင့် အလေ့လာခံ အရာဝတ္ထုတို့ ဆုံတွေ့သမှုပြု ကြသောအခါ...လေ့လာရခြင်းကိစ္စတို့၌ မထိန်းချုပ်နိုင်သော ကြီးမားသော ပြောင်းလဲမှုသည် ပေါ်ပေါက်ရ၏။ အကြောင်းမှာ အက်တွမ်ကမ္ဘာ အတွင်း၌ တစ်ခုနှင့်တစ်ခု အစဉ်ဆက်စပ်နေမှု သဘော မရှိသောကြောင့် ဖြစ်လေသည်။

“UNCERTAINTY RELATION SPECIFIES THE LIMITS WITHIN WHICH THE PARTICLE PICTURE CAN BE APPLIED ANY USE OF THE WORDS ‘POSITION’ AND ‘VELOCITY’ WITH AN ACCURACY EXCEEDING THAT GIVEN BY THE UNCERTAINTY EQUATION IS JUST AS MEANINGLESS AS THE USE OF WORDS WHOSE SENSE IS NOT DEFINED ...”

BURMESE CLASSIC .com

www.burmeseclassic.com



"နေရာနှင့် ရွေ့နှုန်း အကြောင်းပြောလျှင် မသေချာမှု နိယာမကို လွှန်၍မပြောရာ…"

(ဟိုက်ဇင်းဘတ်)

ရူပဗေဒလောကဌ် ရုပ်ရုပ်ဆိုင်းတာလျှင် မသေချာကြောင်း ဖော်ညွှန်းခဲ့ပြီ။ ထို့အတူ စိတ်ကမ္ဘာ၌လည်း စိတ်စိတ်ချင်းတိုင်းလျှင် သေချာလိမ့်မည်မဟုတ်ပါ။ စိတ်ကိုဉာဏ်နှင့် တိုင်းတာမှသာ သေသေချာချာ တိတိကျကျအမှန်အကန် သိရမည်ဖြစ်ကြောင်း သတင်းကောင်းပေးရပါမည်။ ထို့ကြောင့်လည်း ဝိပဿနာရှုသောအခါ "ခန္ဓာဉာဏ်ရောက်" ဟူသော စကားကို အသုံးပြုကြရခြင်း ဖြစ်ပါသည်။ ခန္ဓာ-ခန္ဓာရောက်ဟူ၍ သုံးနှုန်းမှုမျိုး မရှိပါ။ ခန္ဓာအပေါ် ဉာဏ်ရောက်ရပါသည်။ သို့မှသာ ဝိပဿနာစစ်စစ် ဖြစ်နိုင်ပါသည်။

မသေချာမှု၏ အခြေခံမှာ တွေ့ဆုံကြုံကြိုက် တိုက်ဆိုင်မှု၏ သက်ရောက်လွှမ်းမိုးချက်ကို ထည့်တွက်ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် အတွေ့အကြုံ၏ အခန်းကဏ္ဍကို

BURMESE CLASSIC .com

www.burmeseclassic.com



လူ့အသိပညာနယ်ပယ်၌ ထည့်သွင်းအရေးပေးရမည်ဟု အဆိုပြုကြခြင်းဖြစ်သည်။ ဤကား ကွမ်တမ်မက္ကင်းနစ် ပညာရှင်များ၏ ရှုမြင်ချက်များပေတည်း။

ဤနေရာ၌ ဗုဒ္ဓဘာသာတို့၏ သဘာဝမှာ အကြောင်းခံ တရားများကိုသာ လုပ်ဆောင်လျက် အေးအေး ဆေးဆေး နေတတ်ခြင်းဖြစ်လေသည်။ ဗုဒ္ဓဘာသာသည် အကျိုးတရား အပေါ် အထူးမမှီချေ။ အကြောင်းခံ တရားများကိုသာ လုပ် ဆောင်လျက် အသက်မွေးကြရလေသည်။ အကျိုးတရားသည် အကြောင်းပါစုံ ညီညွတ်တိုက်ဆိုင်မှသာ ဖြစ်ပေါ်လာမည် ဖြစ်ရာ၊ ဆန္ဒစော လောဘကြီးနေ၍ မဖြစ်ချေ။ ပုံမှန်အေးအေး ဆေးဆေး တည်တည်ငြိမ်ငြိမ်ဖြင့် အကြောင်းကောင်းများကိုသာ လုပ်ဆောင်ပံ့ပိုးနေတတ်ကြလေသည်။ အကျိုးတရားဟူသည် အကြောင်းပြီးပြည့်စုံသောအခါ သူ့အလိုလို ဖြစ်ပေါ်လာရ မည်သာဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ၌ ကောင်းကြောင်း ခံခြင်းသည်သာ အဓိကဖြစ်လျက် ကောင်းကျိုးပေးခြင်းသည်ကား

BURMESE CLASSIC .com

www.burmeseclassic.com



အခါအားလျော်စွာ ဖြစ်ပေါ်လာလိမ့်မည်ဟု နားလည်ခံယူထား ကြရသည်သာ ဖြစ်သည်။

တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာ၌ မြတ်စွာဘုရားအမှူး ပြုသော သူတော်ကောင်းများက စောင့်ရှောက်တော်မူကြလေ့ ရှိရာ မိမိကိုယ်တိုင်က ကောင်းကြောင်းပြုနေရန်သာ အရေးကြီး သည်ဟု ဆိုရပေမည်။ မိမိကောင်းကြောင်းနှင့် မိမိအားရကျေနပ် နေလျှင် ကိစ္စပြီးစီးနေတော့သည်သည်တည်း။ ကောင်းမှုကုသိုလ် ပြည့်စုံလုံလောက်ပါက သူတော်ကောင်းများ၏ အစောင့် အရှောက်ကို ခံယူရရှိမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်လေ သည်။ ဤကား ဗုဒ္ဓဘာသာတို့၏ အခွင့်အရေးကြီးပင် ဖြစ်လေ သည်။ သူတော်ကောင်းအကျင့်ထူး အကျင့်မြတ်ရှိသူကို မြတ်စွာဘုရားအမှူးပြုသော သူတော်ကောင်းများ အနည်းဆုံး နတ်ကောင်းနတ်မြတ်များက စောင့်ရှောက်တော်မူကြမည်သာ တည်း။ မိမိကိုယ်တိုင်၌က သူတော်ကောင်းတရား နှလုံးသွင်းထား ဖို့သာ လိုရင်းဖြစ်လေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ဤနေရာ၌ သိပ္ပံပညာရှင်များသည် အချင်းချင်းမျှ လောက်သာ ဖြစ်နေကြ၍ ဗုဒ္ဓဘာသာမှာမူ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားကြီး ပွင့်တော်မူပြီးဖြစ်၍ များစွာအားကိုးရလေသည်။ သိပ္ပံပညာရှင်များသည် ဘော်ဒါများ၊ ရဲဘော် ရဲဘက်များ၊ ယုံကြည်ချက်ချင်း တူညီသဖြင့် ခွဲဝေလုပ်ဆောင်နေကြရပုံပေါ်သည်။ ဗုဒ္ဓဘာသာများမှာမူ မြတ်စွာဘုရားရှိနေ၍ အားကိုးအားထားရှိကာ မပူရမပင်ရ တရားကြိုးစားလျှင် ကြိုးစားသည်နှင့်အမျှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရှိမည်ဖြစ်၍ စိတ်အေးရလေသည်။ သိပ္ပံပညာရှင်များမှာမူ သူလိုကိုယ်လိုပင် မယ်မယ်ရရခေါင်းဆောင်မရှိဘဲ ကိုယ့်ဖာသာ အားခဲ၍ ရုန်းကန်ကြိုးစားနေကြရလေသည်။ အမှန်တရားအတွက်လည်း ပိန်မသာ၊ လိန်မသာတန်းတူ၊ ဉာဏ်ရည်တူ၊ အဆင့်တူမျှ လောက်သာရှိကြ၍ အားကိုးအားထားလောက်ဖွယ်ရာပင် တိုင်ဆရာမရှိချေ။ သူသန်ရာ သူတော်၊ ကိုယ်သန်ရာ ကိုယ်တော်နှင့် ပြီးပြည့်စုံသော အမှန်တရားနှင့်ဝေးကာ အုပ်စုလိုက် သိုက်တူးနေကြသကဲ့သို့

BURMESE CLASSIC .com

www.burmeseclassic.com



ရှိလေသည်။ ဗုဒ္ဓဘာသာများမှာ အားကိုးနေ၍ အေးအေး ဆေးဆေး မြတ်စွာဘုရားအကြိုက် လိုက်လုပ်ရန်သာ ရှိလေသည်။

မိမိကိုယ်တိုင် သစ္စာတရားကို ရှာဖွေရန် မလိုတော့ချေ။ ညွှန်ကြားချက်နည်းလမ်းအတိုင်း ကျင့်ကြံ လိုက်နာ နှလုံးသွင်း လိုက်ရန်သာ လိုအပ်လေသည်။ ဗုဒ္ဓဘာသာ၌ လိုက်နာ နာခံ ကျင့်ကြံလျှင် အောင်ပွဲခံရသည်သာဖြစ်သည်။ သိပ္ပံပညာရှင်များ မှာမူ စမ်းတဝါးဝါးအဆင့်မျှနှင့်သာ အချိန်ကုန်စေလျက် လောကီလူမှုရေးကိစ္စများလောက်နှင့်သာ နှစ်သိမ့်ကျေနပ် လှည့်စားနေကြရလေသည်။ အမှန်သစ္စာကိုမူ ထွင်းဖောက်၍ ပေါက်မြောက်အောင် မကြံဆောင်နိုင်ကြတော့ချေ။

သိပ္ပံပညာရှင်များသည် လောကီပညာရှာဖွေရာမှာတော့ ချီးကျူးစရာ ဇွဲသတ္တိများ ကြိုးစားမှုများ သူမတူအောင် ရှိခဲ့ဖူးကြပါသည်။ သို့သော် ၎င်းတို့သည် သာသနာတော်နှင့် မကြုံကြိုက်သဖြင့် စရိုက်လောကီကို မသတိစရာမှန်း၊ ဉာဏ်စခန်းမပွင့်ခဲ့ကြ

BURMESE CLASSIC .com

www.burmeseclassic.com



ပေ။ မြတ်စွာဘုရား အဆုံးအမလည်း ခံယူခွင့်မကြုံခဲ့ကြပေ။ စိတ်မကောင်းစရာတော့ ဖြစ်ရနိုင်ပေသည်။ တော်ပင်တော်ငြား ကြသော်လည်း အဖော်ကောင်းမတွေ့ကြရရှာ၍ သံသရာတစ်ကွေ့ဝယ် မေ့မျောကြရပေဦးမည်။ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်တို့နှင့်သာ ဖူးတွေ့ရပါမူ ဤမည်သာ ထူးချွန်ကြသူ ဖွဲ့သတ္တိရှင်တို့သည် အရိယာဖြစ်ဖွယ်ရာ အလားအလာများစွာ ရှိလေသည်။ ထိုသို့သာလျှင် အောင်းမေ့ရမည် ဖြစ်လေသည်။ ယခုတော့မူ ဘုရားအရှိကို နားမလည်၊ တရားအရှိကို နားမလည်၊ သံဃာအရှိကို နားမလည်ကြခြင်းကြောင့် သုံးဆယ့်တစ်ဘုံမှ ဆန်မတတ်နိုင်ဘဲ ပုထုဇဉ်ဝဲသြဂ၌သာ လူးလာတုံ့ပြန် ကျင်လည်နေကြရရှာသည်။ ဘုရားစစ်၊ တရားစစ် ဆိုသည်မှာလည်း သူတို့ပင် မဆိုထားနှင့် ဗုဒ္ဓဘာသာများပါဟု ဝန်ခံနိုင်သူများပင် တွေ့ကြုံခဲလှပါဘိသည်။ အစစ်တစ်ခု၊ အတုတစ်ထောင်၊ အယောင်ဆောင်တစ်သိန်း၊ အပလိန်းအနန္တဟု အဆိုရှိလေသည်။ မှန်ကန်ရာ တွေ့ကြုံဆုံ

BURMESE CLASSIC .com

www.burmeseclassic.com



စည်းခွင့်ရမှသာ အမှန်အကန် အကျိုးဖြစ်ထွန်းနိုင်လေသည်။ အမှန်အကန် မဖြစ်သော် အကျိုးရှိသင့်သလောက် မရှိရသည်မှာ ဗုဒ္ဓဘာသာသာများထဲမှာပင် ရှိနေလေသည်။

သတ္တဝါအများ တရားစစ်၊ တရားမှန် ရကြပါစေဟူ၍သာ ဆုမွန်ကောင်းတောင်းရမည်ကဲ့သို့ ရှိလေသည်။

လူ့သမိုင်းကြီးအတွင်း၌ အသိပညာရှာဖွေရန် တာဝန်ယူခဲ့ကြရသည်မှာ- လူသားအဖြစ်စတင် ပေါ်ပေါက်ရပ်တည်ကတည်းက ဖြစ်ချင်ဖြစ်ပါလိမ့်မည်။ "လူ" ဟူ၍ ဖြစ်လာရကတည်းက "အသိပညာရှာရမည်" ဟု အလိုလို သိနားလည်လာရသကဲ့သို့ရှိပါမည်။ အသိပညာသည် လူနှင့်လူ့ပတ်ဝန်းကျင်အတွက် မရှိမဖြစ်သော စွမ်းရည်တစ်မျိုးကဲ့သို့ လိုအပ်နေလေသည်။ လူတို့၏ အသက်ရှင်သန်နေထိုင်ရေးအတွက် အရေးအကြီးဆုံး လိုအပ်ချက်မှာ လူနှင့်လူ့ပတ်ဝန်းကျင် သက်ရှိသက်မဲ့လောကအကြောင်း ကောင်းကောင်း နားလည်ရေးပင် ဖြစ်လေသည်။ လူဖြစ်ပါလျက်နှင့် မိမိကဲ့သို့သော လူသားများ

www.burmeseclassic.com



အကြောင်း၊ မိမိနေထိုင်ရာ ပတ်ဝန်းကျင် သက်ရှိသက်မဲ့အကြောင်း ကောင်းကောင်းနားမလည်လျှင် ကောင်းကောင်းမွန်မွန် ဆက်လက်အသက်ရှင်သန်ရာ အလားအလာ ပါးလျခန်းခြောက်သွားပေလိမ့်မည်။

ဤသို့ဖြင့်လူသားတို့သည် လူ့အကြောင်း စကြဝဠာအကြောင်း စကြဝဠာထဲက လူ့အခန်းကဏ္ဍအကြောင်း ကောင်းကောင်းနားလည်ရန် နည်းမျိုးစုံကို ဖြတ်သန်း၍ ကြိုးစားခဲ့ရလေသည်။ ဤသို့ ကြိုးစားကြရာ၌ အတွေ့အကြုံကို အားပြုသူကပြု၊ အတွေးအခေါ်ကို အားပြုသူကပြု၊ ပတ်ဝန်းကျင်ကို လေ့လာသူက လေ့လာ၊ မိမိကိုယ်တိုင်ကို လေ့လာသူက လေ့လာ၊ ရုပ်ကမ္ဘာကို လေ့လာသူက လေ့လာ၊ စိတ်ကမ္ဘာ-နာမ်ကမ္ဘာကို လေ့လာသူက လေ့လာ၊ ဘက်စုံထောင့်စုံ နည်းမျိုးစုံဖြင့် လေ့လာရှာမှီးဆည်းပူးခဲ့ကြလေသည်။ နောက်ပိုင်း စကြဝဠာပြင်ပကမ္ဘာကို လေ့လာသူများက လက်တွေ့သက်သေပြချက် ပြကွက်အထောက်အထားများ မြင်သာထင်သာအောင် ပြသနိုင်လျက်

BURMESE CLASSIC .com

www.burmeseclassic.com



လူ့လောကတွင် ထင်ပေါ်ကျော်ကြားလာကြလေသည်။ စိတ်ကမ္ဘာကို လေ့လာလိုက်စားကြသူများမှာ ပိုမို အနုစိပ်လျက် စိတ်၏ငြိမ်းအေးမှုကို ကိုယ်တိုင်ရရှိခံစားကာ ပကာသနပြင်ပ ကိစ္စဝိစ္စများကို မခုံမင် မဝင်စား ဥပေက္ခာရှုထားလျက် တရား၌သာပွားများလာတတ်ကြကာ အတွင်းငြိမ်းအေးချမ်းသာမှုကို ရယူလာကြလေသည်။ ဗုဒ္ဓဘာသာသည် ဖော်ပြပါ ဒုတိယအမျိုးအစား၌ပါဝင်ကာ ငြိမ်းအေးရာဆီသို့ ဦးတည်လျက် ရှိလေသည်။ သိပ္ပံပညာရပ်များမှာမူ ပဌမအမျိုးအစားဖြင့် အလုပ်ရှုပ်ကာအရှုပ်တွေလည်း လုပ်ဆောင်ကြလျက် လောကီသက်သက်၌သာ ကြည်လည်ကျက်စားပျော်ပါးမြူးတူး၍ နေကြလေသည်။ ဤကား လူသားများလိုက်စားရာရာ ရရှိခံစားကြသောအမျိုးမျိုးသော ကြောင်းကျိုးအကောင်းအဆိုးတရားများပင်ဖြစ်လေသည်။ ဗုဒ္ဓဘာသာမှာတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘုရားအဖြစ် ရရှိရန် ပါရမီဖြည့်ဆည်းတော်မူခဲ့လေသည်။ ပါရမီတော်ပြည့်၍ ဘုရားဖြစ်တော်မူသော

BURMESE CLASSIC .com

www.burmeseclassic.com



အခါ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် သတ္တဝါဝေနေယျတို့ကို တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူလေသည်။ သတ္တဝါအပေါင်းအား မိမိရင်ဝယ်သားကဲ့သို့ ချစ်သနားတော်မူလေသည်။ ကျွတ်ထိုက်သူအပေါင်း ရဟန္တာဖြစ်ကာ ကျွတ်တန်းဝင်ကြလေသည်။ ကျန်သူများအတွက် သာသနာတော် ထားရှိသော်မူခဲ့လေသည်။ စာရေးသူတို့သည် ကျန်သူများဖြစ်ကြလေသည်။

♦♦♦♦♦

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၅)

## သစ္စာတရား နှင့် ပတ်သက်၍ ...

စာရေးသူသည် ကံကောင်းသည်မှာ ဆရာမြတ်ကြီးကို ဖူးတွေ့ရ၍ ဖြစ်လေသည်။ ဆရာမြတ်ကြီးထံ ခြေသုပ်ပုဆိုး မြွေစွယ်ကျိုး၊ ချိုကျိုးသော နွားအလားကဲ့သို့ တရားကျင့်ကြံတပြည့် ခံခဲ့လေသည်။ ဆယ်နှစ်ကျော်ကာလ ပညာရည်ဝသော် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့လေသည်။ ရဟန်းသံဃာတစ်ပါးအနေနှင့် ဆယ်နှစ်မျှ တရားဘာဝနာ ဝိပဿနာ ဒေသနာတော်တို့ကို ဟောခဲ့ ပြောခဲ့ ပြသခဲ့ဖူးလေသည်။ ယခုအခါ လူဝတ်ဖြင့်

BURMESE CLASSIC .com

www.burmeseclassic.com



ဘုရားစာ၊ တရားစာ၊ သိပ္ပံပညာ၊ ဒဿနပညာများအကြောင်းတို့ကို ချစ်ငယ် (ဒဿန) ကလောင်အမည်ဖြင့် ရေးသားပြုစုလျှက် ရှိလေသည်။ ဤကားစာရေးသူ၏ ဘဝသုံးပိုင်း သုံးကဏ္ဍအကြမ်း မျှပေတည်း။

ဤနေရာ၌ နောက်ဆုံးပေါ် သိပ္ပံပညာရပ်များနှင့် စာရေးသူ၏ သဘောထားကို တင်ပြပါမည်။ နောက်ဆုံးပေါ် သိပ္ပံပညာရပ်များ၏ မေးခွန်းမှာ-ဘာဖြစ်လို့-ကျွန်တော်တို့ တည်ရှိနေရပါသလဲ? ဆိုသော မေးခွန်းပင် ဖြစ်လေသည်။ ကျွန်တော်တို့ တည်ရှိနေရခြင်း၌ မည်သူ့မှာ တာဝန်ရှိသနည်းဟု မေးလိုခြင်း ဖြစ်လေသည်။ ကျွန်တော်တို့သည် ဘယ်ကလာ၍ ဘာ့ကြောင့် ဘာတွေလုပ်နေကြရသနည်းဟု မေးလိုကြခြင်း ဖြစ်သည်။ အချုပ်အားဖြင့် ကျွန်တော်တို့ ဖြစ်တည်နေရခြင်း အတွက် တာဝန်ရှိသော ဥပဒေသကို သိလိုကြခြင်း ဖြစ်သည်။

စာရေးသူတို့အတွက် အဖြေမှာမူ- သမုဒယအကြောင်း ပြု၍ အကျိုးဒုက္ခရနေကြရခြင်း ဖြစ်သည်ဟု ဖြေရပါမည်။

BURMESE CLASSIC .com

www.burmeseclassic.com



ထပ်ဆင့်ဖြေဆိုရသော် မဂ္ဂအကြောင်းခံလျှင် ကျွန်တော်တို့ရုပ်နာမ်ချုပ်ငြိမ်းသွားပါလိမ့်မည်။ ထိုအခါ နိဗ္ဗာန်စံရပါလိမ့်မည်ဟု ဖွင့်ဆိုရန် ရှိလေသည်။ သူတို့၏ အသိပညာထဲ၌ နိဗ္ဗာန်၏ အနက်အဓိပ္ပာယ် ဟူသည်မရှိချေ။ သူတို့သည် သူတို့တည်ရှိမှု၏ အကြောင်းရင်းကိုသာ သိလိုကြသည်။ နိဗ္ဗာန်၏ တည်ရှိမှုကို မသိကြချေ။ ဘုရားပွင့်တော်မူခြင်းကို သူတို့မသိချေ။ ဘုရားဟောတရားကိုလည်း သူတို့မနာကြားဘူးလေ။

သူတို့အတွက် သာသနာကွယ်ပ, နေသကဲ့သို့ ရှိလေသည်။ သစ္စာမသိ၍ ရုပ်နာမ်ဆက်ဖြစ်နေရခြင်း ဖြစ်လေသည်။ သစ္စာသိလျှင် ရုပ်နာမ်ချုပ်ငြိမ်းပေလိမ့်မည်။ နိဗ္ဗာန်စံရပေလိမ့်မည်။ နိဗ္ဗာန်၏ ရုပ်နာမ်ကင်းချုပ်ပုံကို သဘောပေါက်ရပေလိမ့်မည်။ ရုပ်နာမ်ချုပ်ငြိမ်းသည်ဖြစ်၍ ချမ်းသာရခြင်းသဘောကို နိဗ္ဗာန်စံသောအခါ နားလည်ကြရပေလိမ့်မည်။ ဤကား ဗုဒ္ဓဘာသာတို့၏ အခွင့်ထူးပေတည်း။

BURMESE CLASSIC .com

www.burmeseclassic.com



ဗုဒ္ဓဘာသာများအတွက် သံသရာလည်ရပုံမှာ အဆုံးအမရှိပြီး ဖြစ်လေသည်။ ကျွန်ုပ်တို့တည်ရှိနေရသည်မှာ ကျွန်ုပ်တို့ကြောင့်ပင် ဖြစ်လေသည်။ ကျွန်ုပ်တို့က တည်ရှိလိုကြ၍ တည်ရှိနေကြရခြင်း ဖြစ်လေသည်။ ကျွန်ုပ်တို့သည် တည်ရှိမှုကို ကြိုက်ကြလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တည်ရှိနေကြရခြင်း ဖြစ်လေသည်။ ကျွန်ုပ်တို့သည် တည်ရှိနေကြရမှုကို မမုန်းကြသေးချေ။ တည်ရှိမှုကို မုန်းလာလျှင်တော့မူ တစ်မျိုး တစ်မည် ဖြစ်လာနိုင်လေသည်။ သို့သော် ကျွန်ုပ်တို့သည် မမုန်းနိုင်ကြချေ။ ချစ်နေကြရလေသည်။ ထိုအခါ ကျွန်ုပ်တို့ဖြစ်လာရသည်မှာ မဆန်းတော့ချေ။ သမုဒယရှိသဖြင့် ဒုက္ခရှိရခြင်းဖြစ်လေသည်။ မည်သူမပြု မိမိမှု ဖြစ်လေသည်။ မြတ်စွာဘုရား၏ တရားတော်သည် ကျွန်ုပ်တို့အား ကယ်တင်နိုင်လေသည်။ ကျွန်ုပ်တို့ကျင့်သုံးနိုင်လျှင် ကိစ္စပြတ်လေသည်။ ကျွန်ုပ်တို့ မကျင့်ကြံ အားမထုတ်ကြသောကြောင့်သာ ဒုက္ခပင်လယ်ဝေရခြင်း ဖြစ်သည်။ ဤကား ဗုဒ္ဓဘာသာ၏ အဖြေဖြစ်လေသည်။ သိပ္ပံပညာရှင်များသည်

BURMESE CLASSIC .com

www.burmeseclassic.com



ဤအဖြေကို မကြားဘူးကြချေ။ စိတ်လည်းမဝင်စားကြချေ။ သူတို့သိပ္ပံနှင့် သူတို့ နှစ်ခြိုက်ကြည်နူးနေကြလေသည်။ သူတို့ ထိုက်နှင့် သူတို့ကံပင် ဖြစ်လေသည်။ သံသရာမှ ထွက်မြောက်လမ်းကိုမူ မိတ်ဆက်၍ မရနိုင်သေးပေ။

ဤနေရာ၌ စာဖတ်သူတို့၏ အခြေအနေကိုလည်း ထည့်သွင်းဆွေးနွေးလိုပါသည်။ ဗုဒ္ဓဘာသာ မှန်ပါက နိဗ္ဗာန်စံလိုကြပေလိမ့်မည်။ နိဗ္ဗာန်မည်သို့ရှိကြောင်း ဖော်ပြပါမည်။ နိဗ္ဗာန်၌ ရုပ်နာမ်မရှိပါ။ ထို့ကြောင့် ရုပ်နာမ်နှင့်ပါတ်သက်သော ဒုက္ခမရှိပါ။ ဤမျှဆိုလျှင် နိဗ္ဗာန်ကို ကြိုက်ပါပြီဟုဆိုလျှင် ကိစ္စပြတ်ပါပြီ။ ထပ်မံဖော်ပြပါဦးဟုဆိုလျှင် နိဗ္ဗာန်၌ ဂုဏ်ရည်များ ရှိပါသည်။ ဥပမာ- နူးညံ့သည်၊ သိမ်မွေ့သည်၊ အသိခက်သည်၊ အံ့သြဖွယ်ရာကောင်းသည်၊ ချမ်းသာသည်၊ တဏှာကိလေသာချုပ်သည်၊ ခန္ဓာရုပ်နာမ်မရှိ။ ထို့ကြောင့် မအို-မနာ-မသေ လွတ်မြောက်မှုရှိသည်။ ဉာဏ်မျက်လုံးဖြင့် မြင်အပ်သည်။ ရိုးရိုးမျက်လုံးဖြင့် မမြင်ရပါ။ အစမရှိ အဆုံးမရှိ၊ စ,ဖြစ်ခြင်း ဆုံးဖြစ်ခြင်း မရှိပါ။ ချမ်းသာခြင်း

BURMESE CLASSIC .com

www.burmeseclassic.com



မျိုးစုံ စုပုံနေသည်။ ကင်းဆိတ်သည်။ မြင်နိုင်ခဲသည်။ ရဟန္တတို့၏ လားရာဖြစ်သည်။ မြင့်မြတ်သော ချမ်းသာမှုဖြစ်သည်။ ရုပ်နာမ် မရှိသဖြင့် ရုပ်နာမ်နှင့်ပတ်သက်သော လောဘ၊ ဒေါသ၊ မောဟ မရှိ၊ ပြုပြင်အစားထိုးမှုမရှိ၊ အမြတ်ဆုံးဓာတ်ကြီးဖြစ်သည် စသည်ဖြင့် အများအပြားရှိပါသည်။ နိဗ္ဗာန်သို့ အသက်ရှိလျက် လည်း စံနိုင်သည်။ အသက်မရှိတော့သည်လည်း စံနိုင်သည်။ ၎င်းကို အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်သည်။

ဤသို့ဖော်ပြသဖြင့် နိဗ္ဗာန်သည် စံထိုက်သည်ဟု ဆုံးဖြတ်ချက်ချနိုင်လောက်ပါသည်။ နိဗ္ဗာန်သည် ဗုဒ္ဓဘာသာတို့၏ ပန်းတိုင်ဖြစ်ရာ မရောက်ချင်ပါ။ မစံချင်ပါဟူ၍တော့မှု မပြောအပ်ပါ။ ရောက်ချင်ပါသည်။ သို့သော် ရောက်အောင် အားမထုတ်ရသေး၍ မရောက်နိုင်သေးပါဟူ၍မူ ပြောနိုင်ပါ သည်။ ဤနေရာ၌ နိဗ္ဗာန်ရောက်နည်း စံနည်း ကျင့်စဉ်ကိုပါ ဖော်ပြပါမည်။ မိမိတို့၌ ရုပ်နာမ်ရှိပြီး ဖြစ်ပါသည်။ ၎င်းသည် နိဗ္ဗာန်စံဝင်သောအခါ စွန့်ပယ်ခဲ့ရမည်သာ ဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ထို့ကြောင့် ယခုကတည်းက စွန့်အပ်သည်၊ စွန့်ရမည်၊ ထာဝရ လိုလားနေ၍ မဖြစ်၊ မခံစားအပ်ဟု ကိုယ့်ကိုယ်ကိုယ် သတိပေး ဆုံးမထားရမည်။ ထို့နောက် အဆိုပါ ရုပ်နာမ်ကို လက္ခဏာရေး သုံးပါးတင်၍ ဆင်ခြင်ရမည်။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာဟု ဆင်ခြင်ရမည်။ ဤနေရာ၌ အသေးစိတ် မရေးပြနိုင်သော်လည်း အသေးစိတ်ပြောပြနိုင်ပါသည်။ အမှန် တကယ် စိတ်ဝင်စားပါက ဆွေးနွေးပါ။ ဤစာအုပ်၌မူ အများ အတွက် ယေဘုယျခြုံငုံ၍ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ သာသနာတော်အတွင်း ဖြစ်နေ၍ နိဗ္ဗာန်အမှန်ရောက်လိုက မဖြစ်နိုင်စရာမရှိပါ။ အမှန်မရောက်လိုခြင်းမျှသာ ဖြစ်နိုင်ပါသည်။ ရောက်လိုက ရောက်ရမည်မှာ သာသနာတော်ရှိနေသောကြောင့် ဖြစ်ပါသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် သာသနာထား တော်မူခြင်းဖြစ်ပါသည်။

ဤသာသနာတော်မြတ်၌ အကျင့်မြတ်သည် လိုအပ် လျက်ရှိပါသည်။ အကျင့်မြတ်ရှိပါမှသာ အကျိုးထူးခံစားရဖွယ်ရာ

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်ပါသည်။ အကျင့်မြတ်ဟူသည်မှာ မြတ်သောအကျင့်ဖြစ်ပါသည်။ မြတ်သောအကျင့်ဆိုသည်မှာ ရုပ်နာမ်ကို အပျက်ရှုရသော အကျင့်မြတ်ဖြစ်ပါသည်။ ရရှိထားသော ရုပ်နာမ်သည် မကောင်းလွန်းသဖြင့် အပျက်ရှုပစ်လိုက်ရခြင်း ဖြစ်ပါသည်။ အပျက်ရှုခြင်းသည် မလိုလားသော သဘောဆောင်ပါသည်။ မလိုလားခြင်းသည် လိုလားခြင်းကို ငြင်းဖျက်သဖြင့် တဏှာကို ဆန့်ကျင်ရာ ရောက်ပါသည်။ တစ်နည်းအားဖြင့် တဏှာမှ ဘာဝနာသို့ ကူးပြောင်းခြင်း ဖြစ်ပါသည်။ တဏှာမှ ဘာဝနာသို့ ကူးပြောင်းလျှင် အဝိဇ္ဇာမှ ဝိဇ္ဇာသို့ ကူးပြောင်းခြင်းနှင့် ဆက်နွှယ်နေပါသည်။

အဝိဇ္ဇာမှ ဝိဇ္ဇာသို့ ကူးပြောင်းနိုင်လျှင် နိဗ္ဗာန်တံခါးပွင့်သွားပါမည်။ ထို့ကြောင့် အကျင့်မြတ်လိုအပ်ကြောင်း ထုတ်ဖော်ရေးသားရခြင်း ဖြစ်ပါသည်။ အကျင့်မြတ်သည် အရာရာကို ပြီးပြည့်စုံစေနိုင်ပါသည်။ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် အကျင့်မြတ်ကို ကျင့်ကြံလေ့ရှိကြပါသည်။ မိမိအတွက် ချမ်းသာစေနိုင်သော ကျင့်စဉ်သည် ဤမည်သော အကျင့်မြတ်

BURMESE CLASSIC .com

www.burmeseclassic.com



တရားကို ကျင့်သုံးဆောက်တည် နှလုံးသွင်းရခြင်း ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

"WHY IT IS THAT WE AND THE UNIVERSE EXIST ..." ဆိုသော သိပ္ပံ၏မေးခွန်းမှာမူ နှစ်ပိုင်းရှိပါသည်။ တစ်ပိုင်းမှာ ကျွန်ုပ်တို့ ဘာ့ကြောင့် တည်ရှိနေရပါသလဲ?ဟူ၍ ဖြစ်သည်။ ဤကိစ္စမှာတော့မူ "မည်သူမပြု မိမိမှု"ပင်ဖြစ်သည်။ ထိုသို့သာ ဖြေဆိုရပါလိမ့်မည်။ အမှန်ကို မသိသော အဝိဇ္ဇာနှင့် ကျွန်ုပ်တို့သည်-မသိ၍ လိုချင်လိုချင်၍ ပြုလုပ်ပြုလုပ်တော့ ရရှိ၊ ရရှိတော့ ဒုက္ခဖြစ်နေရခြင်းဖြစ်သည်။ အမှန်ကို မသိသော ကြောင့် လုပ်မိလုပ်ရာ လုပ်လာကြရာက ဒုက္ခလှလှ တွေ့ကြုံနေကြရခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာတစ်ဦးအနေဖြင့် အမှန်ကို အမှန်အတိုင်း မသိမမြင်နိုင်၊ အဝိဇ္ဇာဦးစီးနေသဖြင့် တောလုပ်တောင်လုပ် လုပ်ရာမှ ရုပ်နာမ်ရရှိပြီး၊ အိုရာ နာရာ သေရာလောကဓံနှင့် ဒုက္ခဖြစ်နေကြရခြင်း ဖြစ်လေသည်။ ဗုဒ္ဓဘာသာကတော့မူ သံသရာမှ ထွက်ပေါက်လည်း ပေးထားပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



မဂ္ဂင်ဖောင်စီးပြီး သံသရာဝဲသြဃမှ ထွက်မြောက်ရန် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာက ရှေ့သို့ တော်တော်ရောက်နေပါသည်။

ရုပ်နာမ်၏ ပြဿနာ အထွေထွေကို အဖြေပါ ရှာဖွေပေး အပ်ထားပါသည်။ လိုက်နာ လေ့ကျင့်ရုံသာ ကျန်ပါသည်။ အဖြေရှာဖွေနေရန် မဟုတ်တော့ပါ။ အဖြေက တွေ့ပြီးသား ဖြစ်ပါသည်။ အပင်ပန်းခံ၍ ရှာဖွေရန် မလိုပါ။ လိုက်နာ နာခံ ကျင့်ကြံရန်သာ ကျန်ပါတော့သည်။

စကြဝဠာနှင့် ပတ်သက်၍မူ-

**WHYITEXISTS ...?**

စကြဝဠာ ဘာ့ကြောင့်တည်ရှိနေရတာလဲ? မေးခန်းမှာ အထူးဖြေဆိုစရာ လိုအပ်မည်မဟုတ်ပါ။ ရုပ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း၊ စေတသိက်သည်လည်းကောင်း၊ နိဗ္ဗာန်သည်လည်းကောင်း၊ တည်ရှိနေကြသည်ဟု ဟောပြောထား ရာ ဗုဒ္ဓဘာသာများအဖို့ သုံးဆယ့်တစ်ဘုံသည်လည်းကောင်း၊ စကြဝဠာသည်လည်းကောင်း၊ ၎င်းတို့မှ လွန်မြောက်ရာနိဗ္ဗာန်

BURMESE CLASSIC .com

www.burmeseclassic.com



သည်လည်းကောင်း သူ့သဘာဝဓမ္မနှင့်သူ တည်ရှိနေကြလိမ့်မည်သာဖြစ်ပါသည်။ အရေးကြီးသည်မှာ မိမိဒုက္ခဝဋ်မှကျွတ်လွတ်ရန်သာ ဖြစ်ပါသည်။ ရုပ်ရှိသဖြင့် စကြဝဠာရှိရပေလိမ့်မည်။ သူရှိချင်လို့ ရှိနေသော တရားကြီးဖြစ်သည်။ ပရမတ္ထတရားထဲ၌ ရုပ်လည်းပါသည်။ စိတ်-စေတသိက်တို့လည်းပါသည်။ နိဗ္ဗာန်လည်းပါသည်။ ၎င်းတို့အနက် နိဗ္ဗာန်သည် မပျက်သောတရားဖြစ်သည်။ ထို့ကြောင့် အနုတ္တရတရား၊ အမြတ်ဆုံးတရားဟု သိနားလည်ပူဇော်ရခြင်း ဖြစ်သည်။ ကျန်ပရမတ္ထတရားများမှာ ပျက်စီးကြသည်သာဖြစ်သည်။ ကံ-စိတ်-ဥတု-အဟာရ အကြောင်းခံသကဲ့သို့ အကျိုးပေးတာ ပျက်စီးနေကြရသည်။ နိဗ္ဗာန်မှာမူ မပျက်စီးချေ။ ထို့ကြောင့် ပရမတ္ထတရားချင်း အတူတူ နိဗ္ဗာန်မှာ အမြတ်ဆုံးဖြစ်သည်။ ထာဝရ တည်မြဲသောတရား၊ အစားမထိုးအပ်သော အသင်္ခတ တရား အမျိုးအစားဖြစ်သည်။ အံ့သြဖွယ်ကောင်းသော ဂုဏ်ရည်နှင့်ပြည့်စုံသည်။

BURMESE CLASSIC .com

www.burmeseclassic.com



"EVERYTHING IN THE UNIVERSE WOULD BE DETERMINED BY THE LAWS OF NATURE ...... SO IF WE UNDERSTOOD THOSE LAWS, WE WOULD IN A SENSE BE MASTERS OF THE UNIVERSE ..."

စကြဝဠာထဲမှ အရာရာသည် သဘာဝဥပဒေသတို့ဖြင့် ဖွဲ့စည်းတည်ဆောက် ထိန်းချုပ်ထားရာ အဆိုပါဥပဒေသများကို နားလည်လိုက်လျှင် ကျွန်ုပ်တို့သည် တစ်နည်းအားဖြင့် စကြဝဠာဆိုင်ရာ ဆရာသမားကြီးများ ဖြစ်နေကြပေလိမ့်မည်။

သုံးဆယ့်တစ်ဘုံတွင်- သမုဒယအကြောင်းခံလျှင် ဒုက္ခအကျိုးပေးအပ်သော ကမ္မဆိုင်ရာကြောင်းကျိုး ဥပဒေသကြီးရှိရာ ကောင်းရာလုပ်လျှင် ကောင်းရာဖြစ်ပေလိမ့်မည်။ ဆိုးရာရာလုပ်ဆောင်လျှင် ဆိုးကျိုးပေး ပေလိမ့်မည်။ အနှစ်ချုပ်အားဖြင့် သံသရာလည်ရအောင် လုပ်ဆောင်လျှင် သံသရာလည်ရ၍ ဒုက္ခမီးကျိုးရှည်မည်။ သံသရာမှထွက်မြောက်အောင် လွတ်မြောက်အောင် ကြံဆောင်လုပ်ကိုင်ကျင့်သုံးလျှင် သံသရာမှ လွတ်ထွက်၍

BURMESE CLASSIC .com

www.burmeseclassic.com



နိဗ္ဗာန်သို့ စံမြန်းရမည်။ ကိုယ့်ရွေးချယ်မှုနှင့်ကိုယ်ပင် ဖြစ်လေသည်။ သံသရာလည်ကြောင်းကိုမူ မရွေးချယ်လိုပါဟု ဆိုသော်ငြား သံသရာမှထွက်မြောက်အောင် မရုန်းကန်နိုင်လျှင် အလိုလိုအော်တိုမက်တစ် သံသရာကျင်လည်ရမည်သာ ဖြစ်လေသည်။ သံသရာမှ ထွက်ချင်ရုံဖြင့် မထွက်နိုင်၊ ထွက်ရအောင် ကျင့်ကြံနိုင်ပါမှသာ ထွက်မြောက်နိုင်မည်။ သံသရာထွက်မြောက်ရေးကိစ္စတို့၌ ဗုဒ္ဓဘာသာ၌ အတိအလင်း ဖော်ညွှန်းထားလေရာ နိဗ္ဗာန်စံလိုသူ ဗုဒ္ဓဝါဒတို့သည် မြင့်မြတ်သောကျင့်စဉ် ဝိပဿနာ ဒေသနာကိုသာ လိုက်နာကျင့်သုံး နှလုံးသွင်းရန်မှတစ်ပါး အခြားမရှိပါကြောင်း ထပ်လောင်းဆွေးနွေး တိုက်တွန်းနှိုးဆော် အားပေးလိုက်ရပါသည်။

♦♦♦♦♦

BURMESE CLASSIC .com

www.burmeseclassic.com

# နိဂုံး

သိပ္ပံမှသည် သစ္စာဆီသို့- စာအုပ်သည် နိဂုံးပိုင်းသို့ ရောက်လာပါပြီ။ ထိုအခါ စာရေးသူ လေ့ကျင့်နေသော သို့မဟုတ် အားထုတ်နေသော တရားဆင်ခြင်မှုပုံစံကို ဖော်ပြလိုပါသည်။ ဤသို့ဖော်ပြရာ၌ တရားဆင်ခြင်ချိန်အတွင်း နှလုံးသွင်းခြင်း အကြောင်းကို ဖော်ပြမည်ဖြစ်ပါသည်။ အခြားသောအချိန် အတွက် မဟုတ်ကြောင်း ဝန်ခံလိုပါသည်။ ပုဂ္ဂိုလ်တစ်ဦးသည် တစ်နေ့ကုန် (၂၄) နာရီအတွင်း မည်မျှတရားနှလုံးသွင်းနိုင်ပါ

BURMESE CLASSIC .com

www.burmeseclassic.com



မည်နည်း။ မလွယ်ကူပါ။ နှလုံးသွင်းချိန်အတွင်း ကျင့်စဉ်ကို ဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။

စာရေးသူသည် တရားနှလုံးသွင်း ဆင်ခြင်နေပြီဆိုလျှင် ရုပ်နာမ်ကို အပြတ်အသတ် ပယ်ပယ်နယ်နယ် ဝေဖန်သည်။ ခန္ဓာကိုယ်ဟောက်ပက်ကို ဖောက်နက်အောင်ကြည့်ရမည် ဆိုသည့်အတိုင်း ရုပ်တို့၏ အပ်ဖျား တစ်ထောက်မျှ စိတ်မချရပုံ၊ အပ်ဖျားတစ်ထေက် နေရာကလေးပင် အာမခံချက်မရှိပုံ၊ မိမိအားဒုက္ခမပေးပါဟု အာမခံနိုင်သောနေရာတစ်ခုမှ မရှိပုံတို့ကို ဆင်ခြင်ပါသည်။ စိတ်ကိုလည်း ထို့အတူ လက်ပစ်တစ်တွက် ဖြစ်ပေါ်သော စိတ်တို့၏ အာမခံချက်မရှိပုံ၊ ဒုက္ခကြီးစွာပေး၍ နှိပ်စက်တတ်ပုံတို့ကို အပိုင်ဆင်ခြင်ပါသည်။ ထို့နောက် ၄င်းတို့၏ ပျက်စီးနေသော အဟုန်ဟုန်တား၍ မရနိုင်သော ဥပဒေသကြီး မပျက်စီးရန် မထိန်းချုပ်နိုင်ပုံ၊ မလွှမ်းမိုးအပ်ပုံတို့ကို ဆင်ခြင်ပါ သည်။ ဖြစ်နိုင်လျှင် အပျက်မှသည် အပျက်နိဂုံးဆီသို့အထိ ရည် ညွှန်းပါသည်။ ပျက်အားလွန်စွာကောင်းပုံနှင့် မလွဲမသွေ ပျက်ပုံ၊

BURMESE CLASSIC .com

www.burmeseclassic.com



အပျက်အကြီးစား၊ အလတ်စား၊ အသေးစား အနုစိတ်အားလုံး ပျက်အားကောင်းကြပုံတို့ကို ဆင်ခြင်ပါသည်။ ထိုအခါ မမှီအပ်ပုံ၊ မလိုလားအပ်ပုံ၊ မခံစားအပ်ပုံတို့ကို အနုလုံ၊ ပဋိလုံ၊ ခြုံငုံ၍လည်းကောင်း၊ အသေးစိတ်အားဖြင့်လည်းကောင်း ဆင်ခြင်ပါသည်။

ဤကား တရားဆင်ခြင်ချိန်များအတွင်းဟု ဆိုလိုပါသည်။ ထို့နောက် ကြီးမားလှစွာသော မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်၊ သာသနာတော်ထားတော်မူခဲ့ပုံ၊ တရားတော်မြတ်၏ကျေးဇူးတော်၊ သီလ၊ သမာဓိ၊ ပညာများ ရင့်ကျက်လာအပ်ပုံ၊ ထို့နောက် ဆရာမြတ်ကြီး မိမိအား လောကုတ္တရာ အမွေပေးတော်မူခဲ့ပုံ၊ မိမိဘဝကိုပြောင်းလဲစေတော်မူခဲ့ပုံ၊ အလုံးစုံနှင့်အရိယာသံဃာတော်မြတ်တို့၏ ဂုဏ်ကျေးဇူးတော်များကို ပူဇော်ကြည်ညိုပါသည်။ ဤကား တရားဆင်ခြင်ချိန် အတောအတွင်း၌သာပါဟု ဝန်ခံသမှု ပြုထားပါသည်။

စာရှုသူအပေါင်း နှစ်ထောင်းအားရကြပါစေသော် ...

www.burmeseclassic.com



တစ်နည်းအားဖြင့် ပျင်းစရာကောင်းလောက်အောင် မရှည်လျားသော်ငြား လွန်စွာတိုတောင်းသော အတိုစားကလေး မဟုတ်ပုံနှင့်၊ ဘာဗဟုသုတမှ မရနိုင်လောက်အောင် တိုနံ့နံ့လေး မဟုတ်သော်ငြား၊ ရှည်လျားလှသည်ဟု မဆိုသာသော၊ ဤမည်သော သိပ္ပံမှသည် သစ္စာဆီသို့ စာအုပ်ကလေး ဤနေရာ၌ နိဂုံးချုပ်အပ်ပါသတည်း။

ဘုရား၊ တရား၊ သံဃာ၊ ဆရာသမား ရတနာမြတ်သုံးပါး တို့ကို ဦးထိပ်ပန်ဆင် ရိုကျိုးစွာဖြင့်-

ချစ်ငယ်(ဒဿန)

ဗုဒ္ဓစာပေဆုရ

BURMESE CLASSIC .com

www.burmeseclassic.com

ဂုဒ္ဓစာပေဆုရ

# ချစ်ငယ်[အသသန]







# သိပ္ပံမှသည် သစ္စာဆီသို့